# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၀၅၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ရှိ ဝါးအလယ်ကျွန်းသို့ အပန်းဖြေခရီးသွားများ စတင်ဝင်ရောက်

ရန်ကုန် နိုဝင်ဘာ ၂၂

ပင်လယ်ပြင်သဘာဝအလှ၊ သစ်တောနှင့် ရှားပါး တိရစ္ဆာန်များ ရှင်သန်တည်ရှိရာ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်ကြီးတွင် ဖွင့်လှစ်ထားရှိသည့် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ခရီးသွားများ စတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**တောတွင်းအပန်းဖြေစခန်းတစ်ခုဖြစ်**


လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် သဘာဝ အလှတရားများ၊ ကုန်းနေ၊ ရေနေသတ္တဝါများ ရှင်သန်ရာ ဥယျာဉ်ကြီးတစ်ခုဖြစ်ပြီး လန်ပိအဏ္ဏဝါအမျိုးသား ဥယျာဉ်ထဲမှ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသည် တောတွင်းအပန်းဖြေစခန်းတစ်ခုဖြစ်၍ နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်ဖွင့်လှစ်ကာ မတ်လတွင် ပိတ်သိမ်းလေ့ရှိသည်။

ယခုနှစ်ခရီးသွားရာသီတွင် ပြည်တွင်းခရီးသွား များ ဝင်ရောက်လျက်ရှိကာ ဒီဇင်ဘာလကုန်ပိုင်းတွင် နိုင်ငံခြားခရီးသွားပိုမိုဝင်ရောက်မည်ဟု ကော့သောင်း မြို့ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများက ခန့်မှန်း ထားကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❏



## မလက္ကာ ရေလက်ကြားအနီးတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေ




နေပြည်တော် နိုဝင်ဘာ ၂၂

ယနေ့မွန်းလွဲ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီ ပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်း နှင့်ဆက်စပ်လျက်ရှိသော မလက္ကာ ရေလက်ကြားအနီးတွင် လေဖိ အားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ် နေသည်။

အဆိုပါ လေဖိအားနည်း ရပ်ဝန်းသည် အနောက်-အနောက် မြောက်ဘက်သို့ ရွေ့လျားနိုင် ပြီး နိုဝင်ဘာ ၂၄ ရက်တွင် ပိုမို အားကောင်းလာကာ ဘင်္ဂလား ပင်လယ်အော်အရှေ့တောင်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိ နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**


**ယနေ့ ဖတ်စရာ**

**ရန်ကုန်မြို့၌ နိုင်ငံတကာအဆင့်မီ စားသောက်ကုန်ပြပွဲ ခင်းကျင်းပြသ** — ပြည်တွင်းသတင်း — စာ ၄

**အမှိုက်တစ်စမျှ မရှိစေရေး မိမိပတ်ဝန်းကျင် မိမိထိန်းပေး** — ဆောင်းပါး — စာ ၆

**ရာနှင့်ချီသည့်ကားမော်ဒယ်သစ်များဖြင့် လော့စ်အိန်ဂျလိစ် ကားပြပွဲဖွင့်လှစ်** — နိုင်ငံတကာသတင်း — စာ ၁၄

**တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာ၌အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** — ပြည်တွင်းသတင်း — စာ ၂၀

# အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ဒစ်ဂျစ်တယ် အကြမ်းဖက်မှုများမှ အကာအကွယ်ပေး

ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီးများ အကြမ်းဖက်ခံနေရမှုများ ရှိနေခြင်းကို ဂရုပြုကြစေရေးအတွက် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအား အကြမ်းဖက်မှု ပပျောက်ရေးနေ့" အဖြစ် သတ်မှတ်ခဲ့သည်။ ထို့အပြင် နိုဝင်ဘာ ၂၅ ရက်မှစ၍ လူ့အခွင့်အရေးနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၀ ရက်နေ့အထိ ၁၆ ရက်ကြာ လှုပ်ရှားမှုကိုလည်း ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်ရွယ်များအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေးအတွက် ၁၉၉၁ ခုနှစ်ကပင် စတင်ဆောင်ရွက်ခဲ့သည်။

အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုသည် ကမ္ဘာပေါ်တွင် အဖြစ်အများဆုံး၊ အကျယ်ပြန့်ဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုများထဲမှ တစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ခန့်မှန်းခြေအားဖြင့် အမျိုးသမီးဦးရေ သန်း ၇၅၀ ခန့် ရှိသည့်အနက်မှ သုံးပုံတစ်ပုံမှာ ၎င်းတို့၏သက်တမ်းတစ်လျှောက်အတွင်း အကြမ်းဖက်မှု အနည်းဆုံးတစ်ကြိမ် ခံစားဖူးကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ အကြမ်းဖက်မှုဟု ဆိုရာတွင် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတို့ကိုဆိုလိုပြီး အကြမ်းဖက်မှုကို ကျူးလွန်ကြသူများမှာ အမျိုးသမီးနှင့် ရင်းနှီးကျွမ်းဝင်သည့် လက်တွဲဖော် သို့မဟုတ် လက်တွဲဖော်မဟုတ်သူက ကျူးလွန်ကြခြင်းဖြစ်သည်။

လုပ်ငန်းခွင်နှင့် အွန်လိုင်းစသည်တို့အပါအဝင် မတူကွဲပြားသည့် နေရာများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ မြင့်တက်လျက်ရှိသည်ဟု သိရသည်။ ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုစစ်တမ်းတစ်ခုအရ အမျိုးသမီး ၃၈ ရာခိုင်နှုန်းသည် အွန်လိုင်းမှတစ်ဆင့် အကြမ်းဖက်ခံရမှုကို ကိုယ်တိုင်တွေ့ကြုံခံစားနေကြရပြီး အွန်လိုင်းအသုံးပြုသည့် အမျိုးသမီး ၈၅ ရာခိုင်နှုန်းက ဒစ်ဂျစ်တယ်နည်းပညာသုံးပြီး အခြားအမျိုးသမီးများ အကြမ်းဖက်ခံနေရမှုများကို မျက်မြင်ကြုံတွေ့ကြရသည်ဟုဆိုသည်။ နည်းပညာပစ္စည်းကိရိယာများ၊ ဒစ်ဂျစ်တယ်မီဒီယာများဖြစ်သည့် ဆဲလ်ဖုန်းများ၊ အင်တာနက် အက်ပလီကေးရှင်း၊ အီးမေးလ် စသည်တို့ကို အသုံးပြု၍ အွန်လိုင်းပိုတယ်လ်များ၊ လူမှုကွန်ရက်များတွင် အမျိုးသမီးများနှင့် မိန်းကလေးများကို အကြမ်းဖက်တိုက်ခိုက်ကြခြင်းဖြစ်သည်။

ဒစ်ဂျစ်တယ်အကြမ်းဖက်မှု ကျူးလွန်သူများက အွန်လိုင်းကို အသုံးပြု၍ အနိုင်အထက်ပြုခြင်း၊ စော်ကားမော်ကား ပြောဆိုခြင်း၊ အရှက်ခွဲခြင်း၊ နှိမ်ချခြင်း၊ ရုပ်ပုံများ၊ ဗီဒီယိုများ ထုတ်ဝေခြင်း စသည်တို့ဖြင့် ၎င်းတို့၏ ပစ်မှတ်သားကောင်များကို တိုက်ခိုက်ကြခြင်းဖြစ်သည်။ အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီလာကြခြင်း၊ သတင်းအချက်အလက်များ လွယ်ကူလျင်မြန်စွာ ပျံ့နှံ့လာခြင်း၊ လူမှုကွန်ရက်မီဒီယာသုံးစွဲမှု များပြားလာခြင်းတို့က အမျိုးသမီးများအပေါ် ဆိုက်ဘာအကြမ်းဖက်မှုကို ကြီးထွားလာနေသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုအဖြစ် ပေါ်ပေါက်လာစေသည်။ ဤပြဿနာသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ မြင့်သည်ထက်မြင့်တက်လာနေသည့် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုများက ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်ဦးရေ စုစုပေါင်း ၁ ဒသမ ၈ ဘီလီယံတို့၏ ဘဝရှင်သန်နေထိုင်မှုများကို ခြိမ်းခြောက်နေကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်က ဆိုထားသည်။

ဉာဏ်ရည်တုနည်းပညာ (AI) နှင့် ဥပဒေအကာအကွယ်ပေးမှု အားနည်းချက်များက ဒစ်ဂျစ်တယ်အကြမ်းဖက်မှုများကို မြင့်တက်နေစေသည့် အခြေအနေတွင် ကမ္ဘာ့နိုင်ငံများ၏ ၄၀ ရာခိုင်နှုန်းအောက်တွင်သာ ဒစ်ဂျစ်တယ်အကြမ်းဖက်မှုကို ကာကွယ်ရန် ဥပဒေများ ပြဋ္ဌာန်းထားသည်ဟုလည်း သိရသည်။ အွန်လိုင်းတွင် စတင်သည့် အကြမ်းဖက်မှုသည် အွန်လိုင်းမှာပင် ပြီးဆုံးသွားသည် မဟုတ်ဘဲ မကြာခဏဆိုသလို လက်တွေ့ဘဝများဆီသို့ ခြိမ်းခြောက်မှုများ ဖြစ်လာစေခြင်းဖြစ်ရာ သက်ဆိုင်ရာတို့အနေဖြင့် ခိုင်မာသည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး၊ ကျူးလွန်သူများ ထိုက်သင့်သည့် ပြစ်ဒဏ်ရရှိရေး၊ ကျူးလွန်ခံရသူများအတွက် ကူညီပံ့ပိုးမှုများရရှိရေး၊ အွန်လိုင်းပေါ်ရှိ အန္တရာယ်ဖြစ်စေသည့် အကြောင်းအရာများကို ဖယ်ရှားရေးတို့အတွက် အလေးအနက်ဆောင်ရွက်သွားကြရန် လိုသည်။

အင်တာနက်လူမှုကွန်ရက်သုံးစွဲမှုများ မြင့်မားလာခြင်းနှင့်အတူ ဆိုက်ဘာအကြမ်းဖက်မှု ပုံစံအမျိုးမျိုးတို့ကို မြန်မာ့လူ့ဘောင်တွင်လည်း တွေ့မြင်ကြားသိနေကြရပြီဖြစ်ရာ မြန်မာအမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အွန်လိုင်းမှတစ်ဆင့် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုများမှ ကာကွယ်ပေးနိုင်ရေးအတွက် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးက အလေးထားဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

# နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) (၃၁) ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ၁၃၈၄-၁၃၈၅ ပညာသင်နှစ်တွင် သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ M.A ၂၄ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ B.A ၁၁၉ ပါး စုစုပေါင်း သံဃာတော် အရှင်သူမြတ် ၁၄၃ ပါးတို့ကို ဘွဲ့ဆက်ကပ်မည့်(၃၁)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၇ ခုနှစ် နတ်တော်လပြည့်နေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်အရှင်မြတ်များထံသို့ ပင့်လျှောက်လွှာများကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်းဌာနနှင့် ပြည်တွင်းသာသနာပြုဌာနခွဲတို့မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။

ပင့်လျှောက်လွှာ လက်ခံရရှိခြင်း မရှိပါကလည်း ဘွဲ့နှင်းသဘင်ခန်းမသို့ ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီအရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက် ထားပါကြောင်းနှင့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြတ်စွာဘုရားတစ်ဆူ အပါအဝင် ပင့်သံဃာတော် ၁၀၄ ပါး၊ ဘွဲ့ခံသံဃာတော်၁၄၃ပါး စုစုပေါင်း ၂၄၈ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ပါ၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသောဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်း ပုဂ္ဂလိကအလှူရှင်များအနေဖြင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဌာနခွဲ ဖုန်း ၀၉-၄၂၃၉၉၇၈၅၁၊ ၀၉-၂၅၉၆၂၈၁၆၄၊ ၀၉-၂၅၅၉၅-၃၁၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ၂၂ - ၁၁ - ၂၀၂၅ ရက်နေ့ ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ဈေးနှုန်းမှာ ၅၉၇၀၀၀၀ ကျပ် ဖြစ်သည်။

ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃ - ၁၁ - ၂၀၂၅    ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၀၀ | ၂၇၁၅ | ၂၆၈၀ | ၂၆၀၅ | ၂၇၂၀ | ၂၇၃၅ | ၂၇၅၀ | ၂၆၇၀ | ၄၅၀၅ | ၂၉၆၅ | ၂၆၉၀ | ၂၉၂၀ | ၂၇၆၀ | ၂၇၂၅ | ၂၇၅၅ | ၃၀၀၅ |
| 95 Ron | ၂၆၇၅ | ၂၇၉၀ | ၂၇၅၅ | ၂၆၉၀ | ၂၇၈၅ | ၂၈၀၀ | ၂၈၂၅ | ၂၇၆၅ | ၄၅၆၀ | ၃၀၄၀ | ၂၇၆၀ | ၃၀၀၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၂၀ | ၃၀၈၀ |
| HSD (500 ppm) | ၂၅၅၅ | ၂၆၇၀ | ၂၆၃၅ | ၂၅၇၀ | ၂၆၇၅ | ၂၆၉၀ | ၂၇၁၀ | ၂၆၂၅ | - | ၂၉၂၀ | ၂၆၄၅ | ၃၃၀၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၀၀ | ၂၉၆၀ |
| HSD (50 ppm) | ၃၀၉၅ | ၃၂၁၀ | ၃၀၇၅ | ၃၁၀၀ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | ၄၈၃၀ | ၃၄၆၀ | ၃၁၈၀ | ၃၃၅၀ | ၃၂၅၅ | ၃၂၂၀ | ၃၂၄၀ | ၃၄၉၅ |
| HSD (10 ppm) | ၃၀၉၅ | ၃၂၁၀ | ၃၀၇၅ | ၃၁၀၀ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | - | ၃၄၆၀ | ၃၁၈၀ | ၃၃၅၀ | ၃၂၅၅ | ၃၂၂၀ | ၃၂၄၀ | ၃၄၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၄၃ | ၂၅၂၆ |
| 95 Ron | ၂၅၁၅ | ၂၅၉၉ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၇၇ |
| HSD (50 ppm) | ၂၈၂၂ | ၃၀၁၀ |
| HSD (10 ppm) | ၂၈၂၂ | ၃၀၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဟန်လင်းအောင် | | **သတင်းထောက်မှူး** - ခင်ရတနာ | |
| **စာတည်းမှူး** - မြင့်စိုး | | **အကြီးတန်း** - ကျော်သူဝင်း၊ တင်မောင်လွင်၊ | |
| **စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | | **သတင်းထောက်များ** - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| **ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | | **ဓာတ်ပုံသတင်းထောက်** - တင်စိုး | |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | |
| **သုတေသန** - အိအိခင်နှင့် အဖွဲ့ | | **အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့ | |
| **စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့ | | | |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# နေပြည်တော်–မန္တလေး ရထားလမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းဖြင့် စတင်ပြေးဆွဲခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

နေပြည်တော် – မန္တလေး ရထားလမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်း အသုံးပြုပြီး လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းဖြင့် စတင်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဘူတာကြီး အမှတ်(၁)စင်္ကြံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်းအမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံမိဘပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက နေပြည်တော်–မန္တလေး ရထားလမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်း အသုံးပြု၍ လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးက ပြည်ထောင်စုဝန်ကြီးအား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘက်ထရီလျှပ်စစ်စက်ခေါင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ **(အပေါ်ပုံ)** အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားသို့ တက်ရောက်ဖျော်ဖြေပေးကြသည့် ကျောင်းသား ကျောင်းသူများ ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့၊ ရှမ်းအိုးစည်အကအဖွဲ့နှင့် ဒိုးပတ်ဝိုင်းအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်ပြီး အမှတ် (၂၇) အဆန် နေပြည်တော်– မန္တလေးရထားဖြင့် စီးနင်းလိုက်ပါကြမည့် ခရီးသွားပြည်သူများကို လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များပေးအပ်ပြီး အဆိုပါရထားဖြင့် လိုက်ပါစီးနင်းကြသည်။

အလားတူ မန္တလေးဘူတာကြီး စင်္ကြံအမှတ်(၁)တွင် အမှတ်(၂၈) အစုန် မန္တလေး–နေပြည်တော် ဘက်ထရီလျှပ်စစ်စက်ခေါင်း အသုံးပြု၍ လေအေးပေးစက်ပါ လေအိတ်ရထားတွဲဆိုင်းဖြင့် စတင်ပြေးဆွဲခြင်းအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့မီးရထားမှတာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘက်ထရီလျှပ်စစ်စက်ခေါင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေး၍ မန္တလေးမှ နေပြည်တော်သို့ ရထားစီးနင်းလိုက်ပါကြမည့် ခရီးသည်များကို လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။ အဆိုပါ အမှတ်(၂၈) အစုန်ရထားသည် ခရီးဆုံး နေပြည်တော်ဘူတာသို့ ယနေ့နံနက် ၁၁ နာရီတွင် ဆိုက်ရောက်ခဲ့ရာ ရထားပေါ်စီးနင်းလိုက်ပါလာကြသည့် ခရီးသည်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

အမှတ်(၂၇) အဆန်/(၂၈)အစုန် ဘက်ထရီလျှပ်စစ်စက်ခေါင်းသုံး ခေတ်မီ လေအေးပေးစက်ပါ ရထားတွဲဆိုင်းတွင် ရိုးရိုးတန်း နှစ်တွဲ၊ လေအေးပေးစက်ပါ အထက်တန်း နှစ်တွဲ၊ ဘရိတ်တွဲတစ်တွဲ၊ စုစုပေါင်း တွဲငါးတွဲဖြင့် ခရီးသည် ၂၃၈ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး အမှတ်(၂၈) အစုန်ရထားသည် မန္တလေးမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ နေပြည်တော်သို့ ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ အမှတ် (၂၇)အဆန်ရထားသည် နေပြည်တော်မှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာပြီး မန္တလေးသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ မန္တလေးမှ ရန်ကုန်သို့ ဆက်လက်စီးနင်းလိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် နေပြည်တော်–ရန်ကုန်အကြား ပြေးဆွဲပေးနေသော နေပြည်တော်မှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာသည့် (၈)အစုန် ခေတ်မီ DEMU ရထားတွဲဆိုင်းများဖြင့်လည်းကောင်း၊ ရန်ကုန်မှ နံနက် ၆ နာရီတွင် ထွက်ခွာလာသည့် အမှတ် (၃၁) အဆန် DEMU ရထားတွဲဆိုင်းဖြင့် လိုက်ပါလာသည့် ခရီးသည်များ အနေဖြင့် မန္တလေးသို့ အမှတ်(၂၇)အဆန်ရထားဖြင့်လည်းကောင်း တွဲကူးပြောင်း၍ ဆက်လက်စီးနင်းလိုက်ပါနိုင်ကြောင်း သိရသည်။

အမှတ်(၂၇)အဆန်/(၂၈)အစုန်ရထား၏ မန္တလေး–နေပြည်တော်အကြား ခရီးသွားလက်မှတ်ခအနေဖြင့် တစ်ဦးလျှင် ရိုးရိုးတန်းမှာ ငွေကျပ် ၁၅၀၀၀ နှင့် လေအေးပေးစက်ပါ အထက်တန်းမှာ ငွေကျပ် ၂၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်းနှင့် နေပြည်တော် – ရန်ကုန်အကြား အမှတ်(၇)အဆန်/ (၈)အစုန်နှင့် အမှတ်(၃၁)အဆန်/(၃၂)အစုန် DEMU ရထားများ၏ ခရီးသွားလက်မှတ်ခအနေဖြင့် တစ်ဦးလျှင် ပထမတန်းမှာ ငွေကျပ် ၁၉၀၀၀ နှင့် အထက်တန်းမှာ ငွေကျပ် ၂၈၀၀၀ ဖြစ်ကြောင်း၊ ခရီးသည်များအနေဖြင့် ရန်ကုန်–မန္တလေးနှင့်မန္တလေး–ရန်ကုန် ခရီးစဉ်အစအဆုံး လက်မှတ်ဝယ်ယူနိုင်ပြီး ပထမတန်း/ ရိုးရိုးတန်းမှာ ငွေကျပ် ၃၄၀၀၀ နှင့် အထက်တန်းမှာ ငွေကျပ် ၄၈၀၀၀ ဖြစ်ကြောင်း သိရသည်။

### ဆက်လက်ဆောင်ရွက်နေပြီဖြစ်

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ မြန်မာ့မီးရထားက လက်ရှိမြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်းခြောက်ခေါင်းကို ဘက်ထရီလျှပ်စစ်စက်ခေါင်း (Battery Electric Locomotive – BEL)အဖြစ် ပြောင်းလဲတည်ဆောက်ရန် ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် အရေးပေါ်ရန်ပုံငွေမှ သုံးစွဲခွင့်ရရှိခဲ့ပြီး စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၊ နေပြည်တော်တွင် ပြောင်းလဲတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထပ်မံ၍ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း မြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ် စက်ခေါင်း ခြောက်ခေါင်းကို အလားတူ ဘက်ထရီလျှပ်စစ်စက်ခေါင်း–BEL အဖြစ် ပြောင်းလဲတည်ဆောက်ရန် ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ ***ရွှေ့ဖုံးမှ***

ဒီရေရောက်သစ်တောအတွင်း ကယက်လှေစီး၍ ရှားပါးအပင်မျိုးစိတ်များနှင့် ငှက်များကို လှေလှော်လာ ကြည့်ရှုနိုင်သော သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်ထားရာ သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်သတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ရာ နေရာတစ်ခုအဖြစ် ခရီးသွားများ နှစ်ခြိုက်ကြသည်။

“ဆောင်းရာသီရောက်လာပြီဆိုရင် ဝါးအလယ်ကျွန်းရဲ့ ပင်လယ်၊ သစ်တောနဲ့ကုန်းနေ၊ ရေနေသတ္တဝါတို့ရဲ့ သဘာဝအလှကို ကြည့်ရှုခံစားလိုတဲ့အတွက် ပြည်တွင်းပြည်ပခရီးသွားတွေ လာရောက်လည်ပတ်လေ့ရှိပါတယ်။ ဒီနှစ်ခရီးသွားရာသီမှာ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းကို ခရီးသွားဝင်ရောက်နေပါပြီ။ ဒေသခံဆလုံတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ကို လေ့လာခွင့်ရတဲ့အပြင် သန့်ရှင်းလတ်ဆတ်တဲ့ ပင်လယ်အစားအစာတွေက နောက်တစ်ကြိမ် လာရောက်လည်ပတ်ဖို့ ဆွဲဆောင်နေပါတယ်” ဟု လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

ဝါးအလယ်ကျွန်းအပန်းဖြေစခန်းတွင် ပျမ်းမျှအားဖြင့် နိုင်ငံခြားသားခရီးသွားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၈၀၀ နှင့် နှစ်ဦးလျှင် ၁၅၀၀ ဖြင့် ဝန်ဆောင်မှုပေးလေ့ရှိပြီး ခရီးသွားလာမှု မြန်ဆန်စေရန် လေယာဉ်ခရီးစဉ်များဖြင့် သွားလာလေ့ရှိကြောင်း သိရသည်။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် တည်ရှိသည်။ ကပ္ပလီ ပင်လယ်အတွင်းရှိ ကမ်းရိုးတန်းကီလိုမီတာ ၆၀၀ အကျယ်၊ ကျွန်းပေါင်း ၈၀၀ ကျော်တွင် ပါဝင်သော အဏ္ဏဝါအမျိုးသားဥယျာဉ်ကြီး တစ်ခုဖြစ်သည်။ အမြဲစိမ်းသစ်တောများ၊ လမုတောများ၊ ပင်လယ်မြက်များ၊ သန္တာကျောက်တန်းများနှင့် ကမ္ဘာတွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ကုန်းနေ၊ ရေနေသတ္တဝါများနှင့် ရှားပါးတိရစ္ဆာန်များ၊ အပင်မျိုးစိတ်များ ရှင်သန်ကျက်စားရာ အဏ္ဏဝါဥယျာဉ်ကြီးတစ်ခုအဖြစ် ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ – ခွဲမာန်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသည့် မဲခေါင်မြစ်ဝှမ်းဒေသတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ (၆)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် မဲခေါင်မြစ်ဝှမ်းဒေသတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ (၆)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်ရန် နိုဝင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ယမန်နေ့ညနေပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။**

ခရီးစဉ်အတွင်း နိုဝင်ဘာ ၁၉ ရက်တွင် ပြည်ထောင်စုဝန်ကြီးပါဝင်သော မဲခေါင်ဒေသတွင်း နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Bui Thanh Son နှင့် တွေ့ဆုံခဲ့ကြသည်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မဲခေါင်ဒေသတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ (၆)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

(၆)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးတွင် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် နစ်နာသူအား အကာအကွယ်ပေးရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာများနှင့် ကြိုးပမ်းဆောင်ရွက်မှုများ၊ နည်းပညာကို တလွဲအသုံးပြု၍ ကျူးလွန်သော လူကုန်ကူးမှုများအား စုံစမ်းဖော်ထုတ်ရေးနှင့် ဒေသတွင်းယန္တရားများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ (၅)ကြိမ်မြောက် ဒေသခွဲလုပ်ငန်းစီမံချက် (Sub–Regional Plan of Action 2025–2035)နှင့် အစည်းအဝေး၏ ပူးတွဲကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။

ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Snr. Lt. Gen. Nguyen Van Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ ဝန်ကြီးဌာနနှစ်ခုအကြား လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးများနှင့် ယန္တရားများကို ပြန်လည်ကျင်းပပြုလုပ်နိုင်ရေး၊ လူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Liu Zhong Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဆက်လက်တွေ့ဆုံခဲ့ပြီး အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။ ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Snr. Lt. Gen. Nguyen Van Long က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။




နိုဝင်ဘာ ၂၀ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အစည်းအဝေးသို့ တက်ရောက်လာသည့် မဲခေါင်ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဗီယက်နမ်နိုင်ငံ Ninh Binh ပြည်နယ်ရှိ Trang An ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် Bai Dinh ဘုရားကျောင်းသို့ သွားရောက်လေ့လာခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ မဲခေါင်ဒေသတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ (၆)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေး(IMM6)သို့ တက်ရောက်ခဲ့သည့် ခရီးစဉ်အတွင်း မဲခေါင်ဒေသတွင်းနိုင်ငံများအကြား လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ–ဗီယက်နမ်၊ မြန်မာ–တရုတ် နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## EV နည်းပညာအရွေ့နှင့်အတူ ဆန်းသစ်တီထွင်မှုများ လိုက်ပါနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် နိုဝင်ဘာ ၂၀ ရက်က ရန်ကုန်မြို့ရှိသုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံလျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ (မူကြမ်း) ညှိနှိုင်း ဆွေးနွေးပွဲ (၂/၂၀၂၅)သို့ တက်ရောက်သည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက EV သုံးစွဲမှုမြင့်တက်လာသည်နှင့်အညီ ပြည်သူတို့ဘေးအန္တရာယ် ကင်းရှင်းစွာ သက်တမ်းပြည့်သုံးစွဲနိုင်ရေး အသိပညာ နည်းပညာ ဖြန့်ဝေမှုများ ဆောင်ရွက်လျက်ရှိသည့်အပြင် EV Battery စွန့်ပစ်ပစ္စည်းများမှ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူတို့အပေါ် ဆိုးကျိုးသက်ရောက်မှု လျှော့ချနိုင်ရေး၊ Circular Economy Waste Management စနစ်ဖွံ့ဖြိုးလာပြီး နိုင်ငံရေရှည်အကျိုးဖြစ်ထွန်းရေး ရည်မှန်းကာ ဘက်ထရီစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ(မူကြမ်း)ကို ဌာနများ၊ ပြင်ပ EV အဖွဲ့အစည်းများ၊ EV Stakeholders အားလုံးထံမှ သဘောထားနှင့် အကြံဉာဏ်များ ရယူကာ သတ္တမမူကြမ်းအထိ ရေးဆွဲခဲ့ပြီး ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ သဘောထားမှတ်ချက်များဖြင့် ပြင်ဆင်ဖြည့်စွက်ထားသော နောက်ဆုံးမူကြမ်းကို အတည်ပြုနိုင်ရေး ဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မူဝါဒ (မူကြမ်း)ပေါ်ထွက်လာရေးအတွက် ၂၀၂၃ ခုနှစ်မှစ၍ လက်ရှိကာလအထိ မူကြမ်းများအဆင့်ဆင့် ပြင်ဆင်ဖြည့်စွက်လာသည်များကို ရှင်းလင်းတင်ပြပြီး မူဝါဒ(မူကြမ်း) ရေးဆွဲရေးအဖွဲ့ဝင်များနှင့် ပြင်ပ EV အဖွဲ့အစည်းများမှ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနတို့က ပြသထားသော EV Application နှင့် ဘက်ထရီဆိုင်ရာ သုတေသနပြကွက်တို့ကို ကြည့်ရှုအားပေးပြီး EV သုံးစွဲသည့် ပြည်သူတို့နှင့် EV လုပ်ငန်းရှင်များအတွက် လက်တွေ့ကျကျ ပံ့ပိုးပေးနိုင်သည့် သုတေသနများ အလေးထားဆောင်ရွက်ရန်၊ EV နည်းပညာအရွေ့နှင့်အတူ မိမိတို့၏ ဆန်းသစ်တီထွင်မှုများ လိုက်ပါနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့၌ နိုင်ငံတကာအဆင့်မီ စားသောက်ကုန်ပြပွဲ ခင်းကျင်းပြသ

**ရန်ကုန် နိုဝင်ဘာ ၂၂**

(၇) ကြိမ်မြောက် Myanmar FoodBev စားသောက်ကုန်၂၀၂၅ ပြပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း မြန်မာပလာဇာရှိ ပရိုမိုးရှင်းဧရိယာ၌ နံနက် ၉ နာရီမှ ည ၇ နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါစားသောက်ကုန်ပြပွဲအား Myanmar Retail Sourcing Expo ၂၀၂၅ နှင့်အတူ ကျင်းပနေခြင်းဖြစ်ပြီး စားသောက်ကုန်လုပ်ငန်းနယ်ပယ်အတွက် အရေးပါသည့် စီးပွားရေးအခွင့်အလမ်းများအား ဦးတည်ကာ ထိုင်းနိုင်ငံ၏ အစားအသောက်မျိုးစုံကို တစ်နေရာတည်းတွင် ရရှိနိုင်မည်ဖြစ်သည်။

ယင်းပြပွဲတွင် ထိုင်းနိုင်ငံထုတ် အသင့်စား အစားအစာများနှင့် ထုပ်ပိုးထားသည့် အစားအစာများ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ၊ဖြည့်စွက်စာများ၊ ကျန်းမာနုပျိုစေသည့် ဆေးဝါးများ၊ အသင့် သောက်သုံးနိုင်သည့် ဖျော်ရည်များ စသည့် ထုတ်ကုန်အမျိုးအစားပေါင်းများစွာကို ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါ ပြပွဲကို ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက ကိုယ်တိုင်လာရောက်ဖွင့်လှစ်ပြသသည့် နိုင်ငံတကာအဆင့်မီ စားသောက်ကုန်ပြပွဲဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



## မြင်းခြံမြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

**မြင်းခြံ နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းလမ်းညွှန်သင်တန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်မေသက်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့် လုပ်ငန်း လမ်းညွှန်စာအုပ်များ ခင်းကျင်းပြသထားရှိမှုများကိုကြည့်ရှုခဲ့ကြသည်။

**ချစ်ဦးနွေ(မြင်းခြံ)**

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



**ပင်းတယ နိုဝင်ဘာ ၂၂**
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ယနေ့ မွန်းလွဲပိုင်းတွင် ပင်းတယမြို့ အခြေခံပညာ အထက်တန်းကျောင်း (ကြို့သက်) ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းတို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ အထက (ကြို့သက်)မှ ကျောင်းသား ကျောင်းသူများက "အလှဆုံးပန်းများ ပွင့်ကြပြီ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် MRTV မှ စီစဉ်ထုတ်လုပ်သည့် "ပြင်းထန်တဲ့ မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည် တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့အနာဂတ်" နှင့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" Video Clip တို့ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး ကော်မတီဥက္ကဋ္ဌ တာဝန်များ ပေးအပ် ခံထားရသည်နှင့်အညီ နိုင်ငံတစ်ဝန်းသို့ လှည့်လည်သွားရောက်ပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲက စာတတ်ရန်၊ စာဖတ်ရန်၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ယနေ့လူငယ်များသည် အနာဂတ်အတွက် ခေါင်းဆောင်များဖြစ်၍ အလေးထားပါကြောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တည်ငြိမ်အေးချမ်းမှုရှိပြီး သာယာလှပမှုကြောင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိရာ မောင်တို့မယ်တို့အနေဖြင့် ပညာကို ထူးချွန်စွာ တတ်မြောက်အောင်ကြိုးစားသင်ယူကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာကို ကြိုးစားသင်ယူမှုအပြင် စာကောင်းပေမွန်များကိုလည်း ဖတ်ရှုကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် MRTV DTH စလောင်းအစုံ ၅၀ နှင့် စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များအား ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က MRTV DTH စလောင်း ၁၀ စုံကို တက်ရောက်လာသူများအား မဲဖောက်၍ပေးအပ်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ငွေကျပ်သိန်း ၃၀ နှင့် စာကြည့်တိုက်များအတွက် စာအုပ် / စာစောင်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌက ငွေကျပ် ၄၈ သိန်းကျော်၊ ပင်းတယမြို့အနီး ရုပ်ရှင်မြို့တော် ဆောင်ရွက်လျက်ရှိသည့် Forever ကုမ္ပဏီက ငွေကျပ်၂၅ သိန်းတို့အား ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပင်းတယမြို့ အထက(ကြို့သက်)မှ ကျောင်းသား ကျောင်းသူများက "ပန်းတိုင်းပွင့်ပြီ မြန်မာပြည်" တေးသီချင်းဖြင့် လည်းကောင်း၊ ဓနုတိုင်းရင်းသားရိုးရာအဆို/အကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ အဆိုပါ အကအဖွဲ့များအား ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဖော်အဲဗား ရေဝတီကုမ္ပဏီမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ကာယ/ဉာဏပြိုင်ပွဲများနှင့် ခင်းကျင်းပြသထားသည့် ခါတ်ပုံများနှင့် စာအုပ်/စာစောင်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးတို့၏ ဦးစီးဆောင်ရွက်မှုနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့်အတူ ပင်းတယမြို့အနီးတွင် ဖော်အဲဗားရေဝတီကုမ္ပဏီက တည်ဆောက်လျက်ရှိသည့် Studio Complex လုပ်ငန်းခွင်သို့ ရောက်ရှိရာ ကုမ္ပဏီမှ တာဝန်ရှိသူများက မြေနေရာစီမံခန့်ခွဲ ဆောင်ရွက်မှုအခြေအနေကို သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်အတွင်း လမ်းများ ဖောက်လုပ်ခင်းကျင်းမှုကို ရေမြောင်းများအပါအဝင် ဆောင်ရွက်နေမှု၊ မြေအောက်ရေရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် မြေသားကန်၊ တမံများ ပြုလုပ်၍ ရေစုဆောင်းနေမှု၊ သဘာဝ တောကျန်သစ်ပင်များ ထိန်းသိမ်းမှုနှင့် သစ်ပင်မျိုးစုံ ခြောက်သိန်းကျော် ထပ်မံစိုက်ပျိုးထားရှိမှု၊ ရုပ်ရှင်လုပ်ငန်း အထောက်အကူပြု အဆောက်အအုံများအပြင် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်နေမှု၊ နေရောင်ခြည်သုံးစွမ်းအင်ရရှိရေး စီမံဆောင်ရွက်နေမှု၊ ဒေသခံများ အလုပ်အကိုင်ခန့်ထားပေးနိုင်မှုနှင့် ပရဟိတအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ရုပ်ရှင် / ဇာတ်လမ်းတွဲ ၄၆ ခု၊ ဇာတ်လမ်းတွဲအပိုင်းအားဖြင့် ၇၅၇ ပိုင်း ရိုက်ကူးထုတ်လုပ်ပြီးစီးမှု၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ဒါရိုက်တာများနှင့် သရုပ်ဆောင်များ လာရောက်လေ့လာနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ ရုပ်ရှင်ရိုက်ကူးရေးဆိုင်ရာ အခြေခံ အကြောင်းအရာများ ဆောင်ရွက်ခြင်းသည်လည်း အလွန်အရေးကြီးပါကြောင်း၊ ရုပ်ရှင်လောကအတွက် ပထမဦးဆုံး Studio Complex ပေါ်ပေါက်လာမှုနှင့်အတူ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူ ပြုပါကြောင်း၊ ရုပ်ရှင်/ရုပ်သံကြည့် ပရိသတ်များ ပျော်ရွှင်ချမ်းမြေ့မှု၊ အပန်းပြေစေမှုနှင့် စိတ်ခွန်အား ဖြစ်စေမည့် အကျိုးပြု ဇာတ်ကားကောင်းများ ပိုမိုထုတ်လုပ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ အမှုဆောင် ဦးအောင်လွင်နှင့် တက်ရောက်လာကြသူများက ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် Studio Complex အတွင်း လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရိုက်ကူးရေး အထောက်အကူပြု လုပ်ငန်းတစ်ခုဖြစ်သော ခေတ်လွန်မော်တော်ကားများ စုဆောင်းနေမှုအပါအဝင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြသကြသည်။

ညပိုင်းတွင်လည်း ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါ Studio Complex ၌ ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုပြီး ရုပ်ရှင်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။

**သတင်းစဉ်**

## လှည်းကူးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**လှည်းကူး နိုဝင်ဘာ ၂၂**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက



ယမန်နေ့က ဖောင်ကြီး(အရှေ့)ကျေးရွာသို့ သွားရောက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထို့သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဒုတိယလဝကမှူး ဦးကောင်းဘိုဘိုထက် ဦးဆောင်၍ အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လိုအပ်ချက်အရ လျှောက်ထားလာသူများ၊ ပျောက်ဆုံး၊ လဲလှယ်များကို မိတ္တူထုတ်ပေးနိုင်ရေး၊ အိမ်ထောင်စုစာရင်းမရှိသေးသူများကို စိစစ်ဆောင်ရွက်ပေးခြင်း၊ ဟောင်းနွမ်းစုတ်ပြဲနေသည့် အိမ်ထောင်စု စာရင်းများကို အသစ်လဲလှယ်ပေးနိုင်ရေးနှင့် မြေပြင်တွင် လူနေထိုင်မှု ရှိ မရှိစစ်ဆေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိ ငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၂**
ယနေ့နံနက် ၇ နာရီ၊ ၄၉ မိနစ်၊ ၄၅ စက္ကန့်တွင် တောင်ကြီးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(မိုင်းကိုင်မြို့၏ တောင် – အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၄၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၆၇ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# အမှိုက်တစ်စမျှ မရှိစေရေး မိမိပတ်ဝန်းကျင် မိမိထိန်းပေး

ကြယ်စင်ဖေသင်

ရောဂါအထူးအဆန်းများ တစ်မျိုးပြီးတစ်မျိုး ပေါ်ထွက်လာနေသော၊ တစ်နေ့တခြား စိတ်ဖိစီးမှုများ ပိုမိုများပြားလာနေသော ယနေ့ကမ္ဘာတွင် အမှိုက်ကင်းစင်၍ သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်၌ နေထိုင်လုပ်ကိုင်ရှင်သန်နိုင်ရေးသည် လူသားတို့၏ နေ့စဉ်ဘဝအတွက် အလွန်အရေးပါသည့် အကြောင်းကိစ္စဖြစ်လာနေသည်။ နေအိမ်များ၊ လမ်းများ၊ ကျေးရွာ/ရပ်ကွက်များ၊ ရုံးဌာနများ စသဖြင့် နေ့စဉ် လူအများမှီခိုနေထိုင်ရသည့်၊ ကျင်လည်လှုပ်ရှားနေရသည့် နေရာဝန်းကျင်တို့သည် သန့်သန့်ပြန့်ပြန့်၊ သပ်သပ်ရပ်ရပ်ရှိနေခြင်း၊ မျက်စိပသာဒအမြင်တွင် ရှင်းရှင်းလင်းလင်းရှိနေခြင်းတို့က ကိုယ်ခန္ဓာကျန်းမာရေးနှင့် စိတ်ခံစားမှု ကောင်းမွန်ရေးတို့အတွက် များစွာအထောက်အကူပြုသည်ဟု သုတေသီများက ရှာဖွေတွေ့ရှိထားသည်။

**❝ လူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် နေ့စဉ်နေ့တိုင်း လိုအပ်သည့်ပစ္စည်း ဝယ်ယူသည့်အခါ ကြွပ်ကြွပ်အိတ်ကဲ့သို့ တစ်ခါသုံးထည့်စရာများ သုံးစွဲမှုကို လျှော့ချ၍ ထပ်ကာတလဲလဲသုံးစွဲနိုင်သည့် ဈေးဝယ်အိတ်များအသုံးပြုခြင်း၊ ပစ္စည်းတစ်ခုကို ဝယ်ယူအသုံးမပြုမီ အသုံးပြုပြီးပါက ထွက်ပေါ်လာမည့် စွန့်ပစ်ပစ္စည်းအခြေအနေကို မှန်းဆ၍ ရွေးချယ်ဝယ်ယူခြင်း၊ ပမာဏလျှော့ချဝယ်ယူခြင်းတို့ဖြင့် နေ့စဉ်နှင့်အမျှ ထွက်နေသည့် စွန့်ပစ်အမှိုက်ပမာဏကို အတိုင်းအတာတစ်ခုအထိ ထိရောက်စွာလျှော့ချနိုင်ပါမည်။ သက်ဆိုင်ရာဌာနများကလည်း ဆိုရှယ်မီဒီယာအပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် စွန့်ပစ်အမှိုက်လျှော့နည်းစေရေး လူထုပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ် လုပ်ဆောင်နေသင့် ❞**

### အခြေခံကျသော အကြောင်းတရား

ထိုသို့သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရေးအတွက် လိုက်နာလုပ်ဆောင်ရမည့် အရေးကိစ္စများထဲတွင် မိမိတို့ပတ်ဝန်းကျင်၌ အမှိုက်တစ်စမျှမရှိစေရေးအတွက် လူတစ်ဦးတစ်ယောက်စီက တက်ညီလက်ညီ ဝိုင်းဝန်းထိန်းသိမ်းပေးရေးမှာ အခြေခံအကျဆုံးသော အကြောင်းတရားဖြစ်လာသည်။

### ထားရှိသင့်သည့် ကနဦးစိတ်ဓာတ်

လူတစ်ဦးသည် ၎င်းနေထိုင်ရာ ပတ်ဝန်းကျင်၌ "အမှိုက်တစ်စမျှ မရှိစေရေး"အတွက် လိုက်နာလုပ်ဆောင်မှုသည် လူတို့၏ အကျင့်စရိုက်နှင့် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုတို့ကိုပါ ပိုမိုကောင်းမွန်စေသော အလေ့အထကောင်းတစ်ခုဟုလည်း ဆိုနိုင်ပါသည်။ နိုင်ငံကြီးသားတစ်ယောက်အနေဖြင့် နေအိမ်၊ ရုံးဌာန၊ လမ်း စသည့် မိမိတို့နေထိုင်လုပ်ကိုင်နေသည့် ပတ်ဝန်းကျင်ကို ညစ်ပတ်ရှုပ်ပွ၊ အမြင်မတင့်တယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများ၊ အမှိုက်သရိုက်များဖြင့် ညစ်ပေရှုပ်ပွစေရန် မပြုလုပ်ခြင်း၊ အခြားသူများကိုလည်း ထိုသို့မပြုလုပ်စေရန် စည်းရုံးပြောဆိုပေးခြင်း၊ အကယ်၍ ပတ်ဝန်းကျင်၌ အမှိုက်သရိုက်များကို တွေ့မြင်ပါက ကိုယ်တိုင်ရှင်းလင်းသိမ်းဆည်းခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများကို သတင်းပေးလုပ်ဆောင်စေခြင်းတို့ကို ပြုလုပ်ပေးရန် တာဝန်ရှိပါသည်။ တစ်နည်းဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခုအတွင်းရှိ လူတစ်ဦးတစ်ယောက်ချင်းစီတိုင်း၏ နှလုံးသားတွင် အမှိုက်တစ်စမျှ မရှိစေရေးအတွက် မိမိတို့ပတ်ဝန်းကျင်ကို မိမိတို့ ထိန်းပေးသင့်သည်ဟူသော စိတ်ဓာတ်ကိန်းအောင်း တည်ရှိလာစေရန် ကိုယ်တိုင်အားထုတ်၍ ပြုစုပျိုးထောင်ထားရန် လိုအပ်ပါသည်။

### အမှိုက်ကင်းရှင်းသန့်စင်ရေးအတွက် ကိုယ်တိုင်ထိန်းသိမ်းခြင်း၏ အကျိုးကျေးဇူး

မိမိတို့ ပတ်ဝန်းကျင်၊ မိမိတို့ဒေသ အမှိုက်ကင်းစင်၍ သန့်ရှင်းသပ်ရပ်မှုရှိစေရန် ကိုယ်တိုင်ပါဝင်ထိန်းသိမ်းခြင်း၏ အကျိုးကျေးဇူးများနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ သဘောပေါက်နေကြပြီဖြစ်သည်။

**(၁) ရုပ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုအတွက် အထောက်အကူပြုခြင်း**

လူတစ်ဦးတစ်ယောက်သည် ၎င်း၏ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်စေရေးအတွက် ကိုယ်တိုင်ကိုယ်ကျ ထိန်းသိမ်းလုပ်ဆောင်နေခြင်းက ရုပ်ပိုင်းဆိုင်ရာ သန့်ရှင်းမှု၊ ကျန်းမာစွာနေထိုင်မှုကို ထိန်းသိမ်းခြင်းလည်းဖြစ်သည်။ တစ်နည်းဆိုသော် ၎င်း၏ရုပ်ပိုင်းဆိုင်ရာ ကောင်းကျိုးအတွက် လုပ်ဆောင်နေခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ လူတစ်ယောက်သည် ၎င်း၏ တစ်ကိုယ်ရေ သန့်ရှင်းမှု၊ အိမ်ခြံဝန်း၊ ရပ်ကွက်၊ ကျေးရွာနှင့် မြို့ရွာများကို စွန့်ပစ်ပစ္စည်း အမှိုက်များကင်းစင်၍ သန့်ရှင်းလှပအောင် ထားရှိမှုတို့ဖြင့် ကျန်းမာရေး ကောင်းကျိုးများစွာ ရရှိစေနိုင်သည်။ ဥပမာ- စားကြွင်းစာကျန်များ၊ ပုပ်သိုးတတ်သော စွန့်ပစ်ပစ္စည်းများ စုပုံရာနေရာများသည် ရောဂါပိုးမွှားများ၊ ကြွက်နှင့် လူတို့၏ ကျန်းမာရေးထိခိုက်စေသော ကြွက်အပါအဝင် ပိုးမွှားအမျိုးမျိုး ခိုအောင်းရာ နေရာဖြစ်သဖြင့် အမှိုက်များကို စနစ်တကျစွန့်ပစ်၍ သန့်ရှင်းစွာနေထိုင်းခြင်းဖြင့် ရောဂါဘယအမျိုးမျိုးနှင့် ကူးစက်ရောဂါတို့ဖြစ်ခြင်းမှ အကာအကွယ်ရစေပါသည်။ ထို့ကြောင့် လူတစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်မှုအတွက် အထောက်အကူပြု၊ ပံ့ပိုးပေးနိုင်သည်ဟု ဆိုခြင်းဖြစ်သည်။

**(၂) စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုအတွက် အထောက်အကူပြုခြင်း**

လေ့လာတွေ့ရှိချက်များအရ ပတ်ဝန်းကျင် အခြေအနေနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေတို့သည် ဆက်စပ်မှုရှိနေသည်။ အထူးသဖြင့် ပတ်ဝန်းကျင် ရှုပ်ပွနေမှု၊ မသန့်မပြန့်ဖြစ်နေမှုတို့သည် လူတစ်ယောက်၏ စိတ်ဖိစီးမှုနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်ဟုဆိုသည်။ လူတစ်ယောက်သည် အမှိုက်ကင်းစင်သည့် သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကို မြင်တွေ့ရချိန်တွင် မျက်စိအမြင်သည် ဦးနှောက်ကို အလိုအလျောက် သတင်းပေးပို့ကာ ပျော်ရွှင်မှုဟော်မုန်းထွက်ရှိစေပြီး စိတ်ဖိစီးမှုဟော်မုန်းကို လျော့ကျစေသည်ဟု ကျွမ်းကျင်သူများက ထောက်ပြကြသည်။ စိတ်ဖိစီးမှု လျော့ကျလာပါက စိတ်လက်တက်ကြွမှုဖြစ်ပေါ်လာပြီး စိတ်ကြည်နူးမှုခံစားရရှိစေသည်။

ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်လုပ်မည်ဟု ဆုံးဖြတ်ထားခြင်းသည် စိတ်ကို ထိန်းချုပ်ထားသည့်သဘောဖြစ်ပြီး ထိုသို့ထိန်းချုပ်ထားနိုင်ခြင်းသည် စိတ်တည်ငြိမ်မှုကို ရရှိလာစေနိုင်သည်။ သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်တွင် နေထိုင်ရပါက အာရုံစူးစိုက်မှုများ ပိုမိုရရှိစေပြီး စိတ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုကိုလည်း သက်သာလျော့ကျစေသည်။ စိတ်ကြည်နူးမှုဖြစ်စေသည်ဟုလည်း ဆိုကြသည်။ ထို့ကြောင့် အမှိုက်သရိုက်ကင်းစင်၍သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်သည် စိတ်ချမ်းသာမှု၊ စိတ်တည်ငြိမ်မှု၊ စိတ်ကြည်နူးမှု စသည်တို့ ရရှိစေသဖြင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို များစွာ အထောက်အကူပြုစေပါသည်။

**(၃) ဂုဏ်သိက္ခာရှိမှု၊ ဂုဏ်ယူမှု၊ ဂရုစိုက်တတ်မှုတို့အတွက် အထောက်အကူဖြစ်စေခြင်း**

အမှိုက်ကင်းစင်မှုသည် ရုပ်ပိုင်းဆိုင်ရာ သန့်ရှင်းမှုရှိနေသည်သာမက စိတ်ပိုင်းဆိုင်ရာ အဆင့်အတန်းမြင့်မားနေသည်ကိုပါ ဖော်ပြနေသည်ဟု ဆိုသည်။ အဆိုပါ နေရာ၊ ဒေသ၊ ဝန်းကျင်တွင် နေထိုင်သူများ၏ မြင့်မားသော ယဉ်ကျေးမှု၊ ကောင်းမွန်သော အလေ့အကျင့်၊ လူမှုရေးစံတန်ဖိုးများကို ကိုယ်စားပြုနေသဖြင့် ဂုဏ်သိက္ခာရှိမှုကိုလည်း မှန်းဆနိုင်ပါသည်။ အမှိုက်ကင်းစင်သည့်နေရာ၊ သန့်ရှင်းသော ပတ်ဝန်းကျင်တွင် နေထိုင်ရသည့် လူတစ်ယောက်အနေဖြင့် မိမိတို့ဒေသကို နှစ်သက်မြတ်နိုးမှုပိုကာ မိမိတို့ကိုယ်တိုင်ဂုဏ်တင်လျက် လူမှုရေးပီတိရရှိစေသည်။ မိမိတို့ဝန်းကျင်၊ မိမိတို့ဒေသ၏ သန့်ရှင်းသပ်ရပ်မှုများနှင့် ပတ်သက်၍ လာရောက်လည်ပတ်သူများ၏ ချီးကျူးပြောဆိုမှုများအပေါ် ဂုဏ်ယူနိုင်သကဲ့သို့ မိမိနေထိုင်ရာ နေရာ၊ ဝန်းကျင်၊ ဒေသအပေါ် ဂရုစိုက်ပြုမူတတ်သည့် အလေ့အထကိုပါ ပိုမိုတိုးပွားလာစေပါသည်။

**(၄) လာရောက်သူများကို ဆွဲဆောင်နိုင်ခြင်း**

နေအိမ်ဖြစ်စေ၊ ရုံးဌာနဖြစ်စေ၊ ကျေးလက်မြို့ပြဖြစ်စေ အမှိုက်ကင်းစင်၍ သန့်ရှင်းသပ်ရပ်မှုရှိပါက လာရောက်သည့် မိတ်ဆွေများ၊ ဧည့်သည်များအတွက်ပါ စိတ်လက်ကြည်လင် နှစ်သက်မှုရရှိကာ နောက်ထပ်လာရောက်လိုစိတ် ဖြစ်ပေါ်စေနိုင်သည်။ ခရီးသွားလုပ်ငန်းအလေးထားသည့် ဒေသများတွင် ခရီးသွားဧည့်သည်များကို ၎င်းတို့ဒေသသို့ နောက်ထပ်ထပ်မံလာရောက် လည်ပတ်လိုစိတ်ဆန္ဒဖြစ်လာစေရန် ၎င်းတို့ဒေသ၊ ပတ်ဝန်းကျင် အမှိုက်ကင်းစင်စေရေး၊ သန့်ရှင်းသာယာလှပစေရေးအတွက် မဟာဗျူဟာချမှတ်၍ အမြဲပြင်ဆင်လုပ်ဆောင် ထားတတ်ကြသည်။

**(၅) အနာဂတ်မျိုးဆက်များအတွက် စံနမူနာကောင်းပေးနိုင်ခြင်း**

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုအနေဖြင့် အမှိုက်ကင်းစင်သော၊ သန့်ရှင်းသော ပတ်ဝန်းကျင်ကို ဖန်တီးလုပ်ဆောင်နေခြင်းသည် အဆိုပါ လူ့အဖွဲ့အစည်းအတွင်းရှိ လက်ရှိလူသားများက အနာဂတ်မျိုးဆက်များကို စံနမူနာပြအဖြစ် အလေ့အကျင့်ကောင်းများ လက်ဆင့်ကမ်းပေးနေခြင်းဖြစ်သည်။ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့ဒေသ သန့်ရှင်းသာယာသပ်ရပ်မှုအတွက် စုပေါင်းလုပ်ဆောင်မှုများမှတစ်ဆင့် ဖြစ်ပေါ်လာသည့် ဒေသခံများအချင်းချင်းကြား တစ်ဦးနှင့်တစ်ဦး နားလည်မှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုရှိလာခြင်းသည်လည်း မျိုးဆက်သစ်လူငယ်များအတွက် အမွေကောင်းများဖြစ်ပါသည်။

### လက်တွေ့လိုက်နာလုပ်ဆောင်သင့်သည့်အရာများ

လူတိုင်းသည် မိမိတို့နေထိုင်ရာဝန်းကျင်တွင် အမှိုက်ကင်းစင်ရေးအတွက် **"အမှိုက်တစ်စမျှ မရှိစေရေး မိမိပတ်ဝန်းကျင် မိမိထိန်းပေး"** ဟူသော စကားကို ဆောင်ပုဒ်အဖြစ် မှတ်ယူလက်ကိုင်ပြု၍ လိုက်နာရန်လိုသကဲ့သို့ သက်ဆိုင်ရာဌာနများကလည်း အများပြည်သူတစ်ဦးချင်း လိုက်နာစေရေးအတွက် ပညာပေးအစီအစဉ်များ အကောင်အထည်ဖော်ပေးခြင်း၊ လိုအပ်သောအရာများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများကို လုပ်ဆောင်ပေးရန် လိုအပ်သည်။

**၁။ အမှိုက်ထွက်မှု နည်းပါးစေရန် ကြိုးစားလျှော့ချခြင်း**

လူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် နေ့စဉ်နေ့တိုင်း လိုအပ်သည့်ပစ္စည်း ဝယ်ယူသည့်အခါ ကြွပ်ကြွပ်အိတ်ကဲ့သို့ တစ်ခါသုံးထည့်စရာများ သုံးစွဲမှုကို လျှော့ချ၍ ထပ်ကာတလဲလဲ သုံးစွဲနိုင်သည့် ဈေးဝယ်အိတ်များအသုံးပြုခြင်း၊ ပစ္စည်းတစ်ခုကို ဝယ်ယူအသုံးမပြုမီ အသုံးပြုပြီးပါက ထွက်ပေါ်လာမည့် စွန့်ပစ်ပစ္စည်းအခြေအနေကို မှန်းဆ၍ ရွေးချယ်ဝယ်ယူခြင်း၊ ပမာဏလျှော့ချဝယ်ယူခြင်းတို့ဖြင့် နေ့စဉ်နှင့်အမျှ ထွက်နေသည့် စွန့်ပစ်အမှိုက်ပမာဏကို အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ လျှော့ချနိုင်ပါမည်။ *စာမျက်နှာ ၇ သို့*

**❖ အမှိုက်များကို စနစ်တကျစွန့်ပစ်သည်ဆိုရာ၌ အမှိုက်အမျိုးအစားခွဲခြားခြင်း၊ သတ်မှတ်ထားသောနေရာတွင် စွန့်ပစ်ခြင်းတို့ပါဝင်သည်။ မိသားစုနေအိမ်များနှင့် ဝန်းကျင်များမှထွက်ရှိသည့် စားကြွင်းစားကျန်၊ သစ်ရွက်၊ သစ်ကိုင်းခြောက် စသည့် အမှိုက်စို၊ အမှိုက်ခြောက်များ၊ ပြန်လည်အသုံးပြုနိုင်သည့် ပလတ်ပတစ်၊ စက္ကူ၊ သံဘူး စသည့်အမှိုက်များ၊ လုပ်ငန်းများမှ ထွက်ရှိသည့် ဘေးအန္တရာယ်ဖြစ်တတ်သော ဓာတုအမှိုက်၊ ဇီဝအမှိုက်များ စသည်ဖြင့် အမှိုက်အမျိုးမျိုးတို့၏ ပြန်လည်အသုံးပြုနိုင်မှု၊ ဘေးအန္တရာယ်ရှိမှုတို့ကို သိမြင်လျက် စနစ်တကျခွဲခြားလုပ်ဆောင်ခြင်း၊ သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ခြင်းတို့ကို လုပ်ဆောင်ရပါမည်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၃၅ ရက် သာ လိုတော့သည်။

# မသန်စွမ်းသူများ၏ ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးများ ရရှိစေရန် မျက်မမြင်စာဖြင့် အထူးပြုလုပ်ထားသည့်မဲပေးစက်များဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၂၂**

မိတ္ထီလာမြို့နယ် ဓမ္မပါလကျေးရွာ ဘဝသစ်မျက်မမြင်ပညာသင်ကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်သည့် မသန်စွမ်းသူများ ကိုယ်တိုင်ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မျက်မမြင်စာဖြင့် အထူးပြုလုပ်ထားသည့်မဲပေးစက်များဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မန္တလေးတိုင်းဒေသကြီးတာဝန်ခံ) ဦးသန်းအောင်ကျော် တက်ရောက်ကြည့်ရှုအားပေးသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်က နိုင်ငံသားများဖြစ်ကြသော မသန်စွမ်းသူများ၏ ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးခြင်းသည် မသန်စွမ်းသူများ အသိုက်အဝန်းတစ်ခုလုံးအတွက် အခြေခံကျသောနိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ မဲစာရင်းပြုစုရာတွင် မသန်စွမ်းမဲဆန္ဒရှင်များ မကျန်ခဲ့စေရေး၊ မဲရုံများ၌ မဲပေးရာတွင် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးနှင့် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးနိုင်ရေးတို့အတွက် ရွေးကောက်ပွဲဥပဒေများတွင် အခွင့်အရေးများ အပြည့်အဝပေးအပ်ထားပြီးဖြစ်ကြောင်းနှင့် ယခုအခမ်းအနားက အမြင်အာရုံမသန်စွမ်းသူ(မျက်မမြင်) များအတွက် မျက်မမြင်စာဖြင့် အထူးပြုလုပ်ထားသည့် မဲပေးစက်များဖြင့် ကိုယ်တိုင်ဆန္ဒမဲပေးနိုင်ရန် စမ်းသပ်လေ့ကျင့်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးအောင်ကောင်းမြတ်က မျက်မမြင်များကိုယ်တိုင်မဲပေးနိုင်မည့် အခွင့်အလမ်းရရှိနိုင်ရန် စီစဉ်ပေးမှုအတွက် ဝမ်းသာဂုဏ်ယူကြောင်း ပြောကြားပြီး မိတ္ထီလာခရိုင် ရွေးကောက်ပွဲအရာရှိ ဒေါ်ခိုင်ခိုင်နွယ်က မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် မျက်မမြင်စာဖြင့် အထူးပြုလုပ်ထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်များ အသုံးပြု၍ စမ်းသပ်မဲပေးခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘဝသစ်မျက်မမြင်ကျောင်းနှင့် ရွှေဆောင်မျက်မမြင်ကျောင်းမှ အမြင်အာရုံမသန်စွမ်းသူ ၃၀ က လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ ဘဝသစ်နှင့်ရွှေဆောင်မျက်မမြင်ပညာသင်ကျောင်းတို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ကော်မရှင်အဖွဲ့ဝင်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပပြုလုပ်သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၊ လုပ်ငန်းလမ်းညွှန်သင်တန်းမှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ၍လိုအပ်သည်များ မှာကြားခဲ့ပြီး မိတ္ထီလာမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **သိန်းမြင့်ကျော် (မိတ္ထီလာ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုဝင်ဘာ ၂၃ ရက်တွင် ကချင်ပြည်နယ်၌ နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့၌ အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

သက်ဆိုင်ရာဌာနများကလည်း ဆိုရှယ်မီဒီယာအပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် စွန့်ပစ်အမှိုက်လျော့နည်းစေရေး လူထုပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ် လုပ်ဆောင်နေသင့်သည်။

**၂။ အလွယ်တကူ အမှိုက်စွန့်ပစ်သည့်အကျင့်ကို ပြုပြင်ပေးခြင်း**

အမှိုက်စွန့်ပစ်ရန်ရှိပါက နေရာမရွေးဘဲ (ဥပမာ လမ်းဘေး၊ လမ်းမပေါ်၊ ရေမြောင်းနှင့် အများပြည်သူအသုံးပြုသွားလာရာ၊ အသုံးပြုရာနေရာများ) အလွယ်တကူစွန့်ပစ်တတ်သည့် အကျင့်ရှိပါက သတိထား၍ မစွန့်ပစ်မိစေရန် ထိန်းခြင်း၊ အမှိုက်ပုံထားရှိရာ နေရာသို့ ရောက်အောင်သွား၍ စွန့်ပစ်ခြင်း၊ အမှိုက်ပုံ/ အမှိုက်ပုံးမရှိပါက မိမိအမှိုက်ကို မိမိနှင့်တစ်ပါတည်း ယူဆောင်ကာ သတ်မှတ်ထားသည့် နေရာရောက်မှ စွန့်ပစ်ခြင်းတို့ကို ပြည်သူတစ်ဦးချင်းက အလေ့အကျင့်တစ်ခုအဖြစ် စွဲမြဲစေရန် လေ့ကျင့်မွေးမြူကြရပေမည်။

သက်ဆိုင်သည့်အဖွဲ့အစည်းများ၊ ဌာနများကလည်း အများပြည်သူတို့၏ အမှိုက်စွန့်ပစ်မှုအလေ့အထ၊ အခြေအနေတို့ကို အမြဲမပြတ်လေ့လာ၍ အထောက်အကူပြုစေမည့် အစီအစဉ်များ၊ လက်တွေ့အသုံးတည့်စေမည့် အမှိုက်ပုံများ၊ အမှိုက်ပုံးများ ထားရှိမှု၊ အမှိုက်သိမ်းဆည်းရေးနည်းလမ်းအသုံးပြုမှု စသည်ဖြင့် ပိုမိုထိရောက်စေမည့် အခြေအနေအရပ်ရပ်ကို စီစဉ်ဖန်တီးပေးထားဖို့ လိုအပ်ပါသည်။

**၃။ အမှိုက်များကိုစနစ်တကျ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း**

အမှိုက်များကို စနစ်တကျစွန့်ပစ်သည်ဆိုရာ၌ အမှိုက်အမျိုးအစားခွဲခြားခြင်း၊ သတ်မှတ်ထားသောနေရာတွင် စွန့်ပစ်ခြင်းတို့ ပါဝင်သည်။ မိသားစုနေအိမ်များနှင့် ဝန်းကျင်များမှ ထွက်ရှိသည့် စားကြွင်းစားကျန်၊ သစ်ရွက်၊ သစ်ကိုင်းခြောက်စသည့် အမှိုက်စို၊ အမှိုက်ခြောက်များ၊ ပြန်လည်အသုံးပြုနိုင်သည့် ပလတ်စတစ်၊ စက္ကူ၊ သံဘူးစသည့် အမှိုက်များ၊ လုပ်ငန်းများမှထွက်ရှိသည့် ဘေးအန္တရာယ်ဖြစ်တတ်သော ဓာတုအမှိုက်၊ ဇီဝအမှိုက်များ စသည်ဖြင့် အမှိုက်အမျိုးမျိုးတို့၏ ပြန်လည်အသုံးပြုနိုင်မှု၊ ဘေးအန္တရာယ်ရှိမှုတို့ကို သိမြင်လျက် စနစ်တကျခွဲခြားလုပ်ဆောင်ခြင်း၊ သတ်မှတ်ထားသောနေရာတွင်သာ စွန့်ပစ်ခြင်းတို့ကို လုပ်ဆောင်ရပါမည်။

အမှိုက်များကို အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း၊ သတ်မှတ်ထားသောနေရာများတွင် စနစ်တကျစွန့်ပစ်ခြင်းတို့သည် အမှိုက်ကင်းစင်ရေး လုပ်ငန်းတွင် အရေးကြီးသည့်အဆင့်ဖြစ်သည်။ တာဝန်ရှိသည့် ဌာနများ၊ အဖွဲ့အစည်းများကလည်း အမှိုက်များ စွန့်ပစ်နေရာများကို သင့်လျော်စွာ သတ်မှတ်ပြင်ဆင်ပေးခြင်း၊ စနစ်တကျ ခွဲခြားသိမ်းဆည်းပေးခြင်းတို့ကိုလည်း လုပ်ဆောင်ပေးရန် လိုအပ်သည်။

**၄။ လူထုပညာပေး လူထုလှုပ်ရှားမှုအသွင် အစီအစဉ်များ ဆောင်ရွက်ပေးခြင်း**

တစ်နေ့တခြား တိုးပွားလာနေသော လူဦးရေနှင့် တီထွင်ထုတ်လုပ်လာနေသော အိမ်သုံးလူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကြောင့် စွန့်ပစ်အမှိုက် ပိုမိုများပြားလာနေပြီး အမှိုက်ကိစ္စသည် ယခင်ကာလများကနှင့် မတူတော့ဘဲ လူသားအားလုံးနှင့် ကမ္ဘာမြေကြီးအတွက် ပို၍အရေးကြီးသည့်ကိစ္စဖြစ်လာသည်။ လူတစ်ဦးတစ်ယောက်နှင့်သာ သက်ဆိုင်သည့် အရေးကိစ္စမဟုတ်တော့၊ လူအများနှင့်ဆိုင်သောကိစ္စ၊ ဒေသအားလုံး၊ နိုင်ငံအားလုံးနှင့်ဆိုင်သောကိစ္စ ဖြစ်လာနေတော့သည်။

စွန့်ပစ်အမှိုက်ပြဿနာ လျော့ပါးသက်သာလာစေရန် အားလုံးပူးပေါင်းပါဝင်မှသာ ထိရောက်စွာ လုပ်ဆောင်နိုင်ပါမည်။ ထို့ကြောင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းမှစ၍ ကျေးရွာ/ရပ်ကွက် သန့်ရှင်းရေး၊ မြို့နယ်လုံးကျွတ်သန့်ရှင်းရေး စသည်ဖြင့် နယ်မြေဒေသအသီးသီးရှိ လူအားလုံး ပါဝင်စေလျက် လူထုလှုပ်ရှားမှုအသွင် လုပ်ဆောင်ကြရပါလိမ့်မည်။ မိသားစုအတွင်း တစ်ဦးချင်းမှစ၍ ကျေးရွာ၊ ရပ်ကွက်အဆင့်ဆင့်အားဖြင့် စွန့်ပစ်အမှိုက်နှင့် ပတ်သက်သည့် အလေ့အကျင့်များ ပျိုးထောင်ပေးခြင်း (ဥပမာ– ကလေးသူငယ်များ၊ ကျောင်းသားလူငယ်များအား အမှိုက်ကို စည်းကမ်းမဲ့ပစ်ခြင်း၊ မပစ်ခြင်းနှင့်ပတ်သက်၍ အကောင်းအဆိုးများ ဝေဖန်ပိုင်းခြားတတ်စေရန် ဟောပြောစည်းရုံးခြင်း၊ ပညာပေးဆွေးနွေးခြင်း၊ အိမ်ခြံဝင်း၊ လမ်း၊ ရပ်ကွက် စုပေါင်းသန့်ရှင်းရေးအတွက် အချိန်၊ နေ့ရက် သီးခြားသတ်မှတ်၍ စီစဉ်ပြုလုပ်ပေးခြင်း)၊ စည်းကမ်းများ ဟောပြောဆွေးနွေးခြင်း၊ ပြစ်ဒဏ်များ၊ အရေးယူမှုများကို သိရှိစေရန်၊ သိရှိစေခြင်း စသည်ဖြင့် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။

**တစ်ဦးတစ်ယောက်ချင်းစီ၏ တာဝန်**

ပတ်ဝန်းကျင်တစ်ခု၊ ဒေသတစ်ခု အမှိုက်ကင်းစင်သန့်ရှင်းရေးသည် လူတစ်ဦး တစ်ယောက်တည်း လုပ်နိုင်သည့်ကိစ္စမဟုတ်ပါ။ သို့သော် လူတစ်ဦးတစ်ယောက်ချင်းစီက တိကျစွာလိုက်နာလုပ်ဆောင်နိုင်ပါက ကိစ္စပြီးမြောက်နိုင်ပေမည်။ သို့ဖြစ်ပါ၍ မိမိတို့ ပတ်ဝန်းကျင်တွင် အမှိုက်တစ်စမျှ မရှိစေရေး မိမိတို့ကိုယ်တိုင် တာဝန်ယူထိန်းသိမ်းလျက် ဆောင်ရွက်နိုင်ပါစေကြောင်း နှိုးဆော်တိုက်တွန်း ရေးသားလိုက်ရပါသတည်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သုတေသနဌာနခွဲ(ပြင်ဦးလွင်) ပြင်ဦးလွင်ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးနှင့် အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး) ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ (ပြင်ဦးလွင်)၌ အထက်မြန်မာပြည်ရှိ MSME များမှ ထုတ်လုပ်သော စားသောက်ကုန်များ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ရေများ၊ စားသုံးဆီများကို စမ်းသပ်စစ်ဆေးပေးနိုင်ရေး ဓာတ်ခွဲခန်းဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် စားသောက်ကုန်များ စမ်းသပ်စစ်ဆေးနေမှု၊ သင်တန်းများဖွင့်လှစ်နိုင်ရန် စီမံထားရှိမှု၊ ပြင်ဦးလွင်ခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ သုတေသနဌာနခွဲ (ပြင်ဦးလွင်)မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက စားသောက်ကုန်များကို ပြည်သူများ ဘေးကင်း လုံခြုံစွာစားသောက်နိုင်ရန်၊ ထုတ်ကုန်များ အရည်အသွေးပြည့်ဝပြီး ဈေးကွက်ထိုးဖောက်နိုင်ရန် သုတေသနဌာနခွဲ(ပြင်ဦးလွင်) တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ MSME များမှ ထုတ်လုပ်သော စားသောက်ကုန်များကို ပြည်သူများ ဘေးကင်းလုံခြုံစွာ စားသောက်နိုင်လျှင် ပိုမိုဝယ်ယူအသုံးပြုခြင်းဖြင့် MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်၍ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်နေသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်းနှင့် ဓာတ်ခွဲခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ပြည့်မီစေရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)၌ သင်တန်းသားများနှင့် တွေ့ဆုံ၍ စက်မှုဝန်ကြီးဌာနရှိ စက်မှုသင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်း တက်ရောက်ဖူးသည့် ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး နှစ်စဉ်ဦးရေ ၆၀၀ ကျော်ခေါ်ယူ၍ စက်မှုကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးမှုများကို ကြိုးစားသင်ယူပြီး စက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန် မှာကြားကာ တိုင်းဒေသကြီးဝန်ကြီးများက သင်တန်းသားများကို အားပေးစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် အသေးစားအင်ဂျင်ပြုပြင်ထိန်းသိမ်းမှုအဆင့်(၁)၊ လျှပ်စစ်သံဂဟေဆက်အဆင့်(၁)၊ ဓာတ်ငွေ့သံဂဟေဆက်အဆင့်(၁)၊ ကျွမ်းကျင်မှုစစ်ဆေးရေးအကဲဖြတ်ဌာနများ ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျွမ်းကျင်မှုစစ်ဆေးရေး အကဲဖြတ်ခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် သင်တန်းကျောင်းရှိ ဆရာ ဆရာမများအားလုံး စစ်ဆေးအကဲဖြတ်သူလက်မှတ်ရရှိအောင် ဆောင်ရွက်ထားရှိရမည့်အပြင် စစ်ဆေးရေးမှူးများဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်မှုစစ်ဆေးရေးအကဲဖြတ်ဌာနများလည်း တိုးမြှင့်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအစီအစဉ် အကောင်အထည်ဖော်စီမံဆောင်ရွက်သည့်ဌာန (Executing Agency-EA) (မြန်မာ့စီးပွားရေးဘဏ်) နှင့် PFI ပုဂ္ဂလိကဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအစီအစဉ်တွင် ငွေရေးကြေးရေး အဖွဲ့အစည်း (Participating Financial Institution–PFI) အဖြစ် ပါဝင်ဆောင်ရွက်မည့် ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက နိုင်ငံတော်အတွင်း စားသုံးဆီကြိတ်ခွဲထုတ်လုပ်ရောင်းချနေသော ဆီစက်များ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကုန်ကြမ်းဝယ်ယူခြင်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်ဘီလီယံ ၅၀ မတည်ထူထောင်ပေးခဲ့ပြီး တစ်နှစ်လျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးလျက်ရှိပါကြောင်း၊ ယခင် က PFI ဘဏ်များအဖြစ် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့သာ ဆောင်ရွက်ခဲ့ရာမှ ယခု PFI ဘဏ်များအဖြစ် ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်ပါဝင်လာမည်ဖြစ်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေအစီအစဉ်ကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ချေးငွေပမာဏကိုလည်း ယခင်က ဆီစက်လုပ်ငန်းရှင်တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀၀၀ ထိသာ ထုတ်ချေးခဲ့ရာမှ ယခု ငွေကျပ်သိန်း ၅၀၀၀ အထိ တိုးမြှင့်ထုတ်ချေး ခွင့်ပြုထားပါကြောင်း၊ ဆီစက်အကြီးများ တည်ဆောက် တပ်ဆင်ခြင်းအတွက် ငွေကျပ်သိန်း ၁၀၀၀၀ အထိ ထုတ်ချေးမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံတစ်ဝန်းရှိ ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို စနစ်တကျရယူ၊ ထုတ်ချေးခြင်းဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးမှုနှင့် အရည်အသွေးမြင့်သော စားသုံးဆီများ ဖြန့်ဖြူးရောင်းချပေးနိုင်မည်ဖြစ်၍ နိုင်ငံခြားမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲရမှု လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း၊ အတ္တ၊ ပရ မျှတစွာဖြင့် အကောင်းဆုံး ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးနှင့် ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်မှ တာဝန်ရှိသူများက သဘောတူညီချက်အား လက်မှတ်ရေးထိုးကြသည်။ အခမ်းအနားသို့ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်များ၊ ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။



**သတင်းစဉ်**

## ခန္တီးမြို့၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

**ခန္တီး နိုဝင်ဘာ ၂၂**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရန် မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ်အဖြစ် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာမည်ဖြစ်သည်။

မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်း လာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သည့် မဲစာရင်းများ ရရှိနိုင်မည်ဖြစ်သည့်အတွက် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် သွားရောက်ကြည့်ရှုကာ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ပြီးပါက မဲဆန္ဒရှင်စာရင်းများကို (တတိယ)အကြိမ် ကပ်ထားကြေညာခြင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း နောက်ဆုံးအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်သည်။ ခန္တီးမြို့နယ်အတွင်း မဲရုံပေါင်း ၃၇ ရုံ ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ဆင်ပေါင်ဝဲမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများ ထုတ်ပြန်ကြေညာ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး အတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း အသိပေးထုတ်ပြန်ကြေညာခြင်းကို နိုဝင်ဘာ ၂၁ ရက်ကစတင်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများရှိ သတ်မှတ်နေရာများတွင် ထုတ်ပြန်ကြေညာပေးထားရာ ဒေသခံပြည်သူများက စိတ်ဝင်တစား လာရောက်ကြည့်ရှုသည်။



ယခု ဒုတိယအကြိမ် ထုတ်ပြန်ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းများကို ပြည်သူများ မဲစာရင်းတွင်ပါဝင်ခြင်း ရှိ/မရှိ သိရှိနိုင်ရန် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၄ ရက်ကြာ ထုတ်ပြန်ကြေညာထားရှိမည်ဖြစ်ပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာ မဲဆန္ဒရှင်များ၏ မဲစာရင်း လာရောက် ကြည့်ရှုနေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နားမကြားသော ကလေးများကျောင်းနှင့် ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့)ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထောက်ပံ့လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများသိုလှောင်ထားမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အကြားအာရုံမသန်စွမ်းသော ကလေးများအတွက် ဖွင့်လှစ်ထားသည့် နားမကြားသော ကလေးများ ကျောင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကလေးများကို စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားလေ့ကျင့်ပေးနေမှုနှင့် ကျောင်းသားကျောင်းသူ အိပ်ဆောင်များကို လိုက်လံစစ်ဆေးကာ ကလေးများအနေဖြင့် ရပ်ရွာလူ့အသိုင်းအဝိုင်းအတွင်း မိမိကိုယ်ကို ယုံကြည်မှုရှိစွာဖြင့် ဝင်ဆံ့ရပ်တည်နိုင်စေရေး၊ မိသားစုနှင့် နိုင်ငံအတွက် အဖိုးတန်သော လူသားအရင်းအမြစ်များဖြစ်လာစေရေး စနစ်တကျ သင်ကြားလေ့ကျင့်နိုင်ရန်အတွက် စေတနာ၊ ဝါသနာ၊ ကရုဏာအရင်းခံ၍ ကျွမ်းကျင်သည့် နည်းပညာများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြရန်




တိုက်တွန်းမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ နားမကြားသော ကလေးများကျောင်းတွင် မူလတန်းပညာသင်ကြားနေသူ ၆၈ ဦး၊ အလယ်တန်းပညာသင်ကြားနေသူခြောက်ဦး စုစုပေါင်း ၇၄ ဦးတို့ တက်ရောက်သင်ကြားလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့)သို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် ရေသန့်စင်စက်တင်ယာဉ်များ၊ အသက်ကယ်ရော်ဘာလှေ၊ အသက်ကယ်ရော်ဘာဘောကွင်း အစရှိသည့် ရေဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာ ပစ္စည်းများ ရောက်ရှိသိုလှောင်ထားရှိမှုနှင့် ပစ္စည်းအမျိုးအစားအလိုက် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးကာ ဖြန့်ခွဲသိုလှောင်ထိန်းသိမ်းထားရှိမည့် အစီအမံအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနသုံးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ ဝန်ကြီးဌာန၏ ဦးတည်ရည်မှန်းချက်များနှင့်အညီ ဦးစီးဌာနအလိုက် လုပ်ငန်းတာဝန်များကို ထိရောက်မြန်ဆန်စွာ ထမ်းဆောင်နိုင်ရေးဆိုင်ရာများမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတွင် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် သတ္တမအကြိမ် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းတက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သင်တန်းသား ၄၀ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၂၂**

အိန္ဒိယနိုင်ငံ မတ်ဒရာပရာဒက်ရှ်ပြည်နယ် ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေးအကယ်ဒမီ (National Judicial Academy–NJA) တွင် နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိဖွင့်လှစ်မည့် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် သတ္တမအကြိမ် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း တက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သင်တန်းသား ၄၀ သည် ယနေ့တွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

အဆိုပါသင်တန်းသည် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့အကြား လက်မှတ်ရေးထိုးထားသည့် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် အိန္ဒိယနိုင်ငံတွင် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ တရားစီရင်ရေးစနစ်များကို ယှဉ်တွဲလေ့လာခွင့်ရပြီး နှစ်နိုင်ငံအကြား တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာလာစေရန် အထောက်အကူဖြစ်စေသည့်အပြင် မြန်မာတရားသူကြီးများနှင့်တရားရေး အရာရှိများ၏ စွမ်းရည်မြှင့်တင်မှုအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

သင်တန်းတွင် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်နှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ တရားရုံးနှင့် မှုခင်းစီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ကာကွယ်ရေးဆိုင်ရာတရားစီရင်ရေး၊ တရားစီရင်ရေးနှင့် သတင်းမီဒီယာ၊ သက်သေခံဥပဒေ၊ မှုခင်းဆေးပညာသက်သေခံချက်၊ အငြင်းပွားမှုများအား အခြားနည်းဖြင့် ဖြေရှင်းခြင်း၊ ကျားမတန်းတူညီမျှသောလူ့အဖွဲ့အစည်း အစရှိသည့် အကြောင်းအရာများအား အိန္ဒိယနိုင်ငံမှ တရားသူကြီးများ၊ တက္ကသိုလ်ပါမောက္ခများနှင့် ဥပဒေပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များက သင်တန်းသားများနှင့် အတွေ့အကြုံများ အပြန်အလှန်လဲလှယ်၍ ဆွေးနွေးပို့ချကြမည် ဖြစ်သည်။ ထို့အပြင် သင်တန်း၏ တစ်စိတ်တစ်ဒေသအဖြစ် ဘိုပါးမြို့ရှိ တရားရုံးများနှင့် ထင်ရှားသော နေရာများသို့ သင်တန်းသားများက သွားရောက်လေ့လာခွင့်လည်း ရရှိကြမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တရားရုံးများမှ ခရိုင်အဆင့်တရားသူကြီးများ၊ မြို့နယ်အဆင့် တရားသူကြီးများနှင့် တရားရေးအရာရှိများ စုစုပေါင်း ၄၀ တက်ရောက်ကြမည်ဖြစ်သည်။

သတင်းစဉ်

# ရေးမြို့နယ်၌ မဲဆန္ဒရှင်စာရင်း ဒုတိယအကြိမ် ကြေညာ

**ရေး နိုဝင်ဘာ ၂၂**

မွန်ပြည်နယ် ရေးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများအလိုက် မဲဆန္ဒရှင်စာရင်းများကို ယမန်နေ့က ဒုတိယအကြိမ် ကပ်ထား ကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုကြသည်။



အဆိုပါ မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုနေမှုကို ရေးမြို့နယ်(ခေတ္တ) တပ်နယ်မှူး ဒုတိယ ဗိုလ်မှူးကြီး ခိုင်ဇော်၊ ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးထိန်စိုးနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ကိုလတ်တို့က လိုက်လံကြည့်ရှုအားပေးသည်။

မင်းမင်း

# မဟာအောင်မြေမြို့နယ်၌ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ မြို့နယ်အဆင့်သင်တန်းဖွင့်လှစ်

**မဟာအောင်မြေ နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ မြတ်ရတနာခန်းမ၌ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သန်းထွန်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြောကြား၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးရဲမင်းလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများအား ဘာသာရပ်များအလိုက် ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မတ္တရာမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးလုပ်ငန်းတာဝန်များနှင့် လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်လှစ်

**မတ္တရာ နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးလုပ်ငန်းတာဝန်များနှင့် လုပ်ငန်းလမ်းညွှန်သင်တန်းကို နိုဝင်ဘာ ၂၂ ရက်နံနက် ၉ နာရီမှစတင်၍ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ဦးစွာ တာဝန်ခံမြို့နယ် ပညာရေးမှူး ဒေါ်နွယ်နွယ်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အရာရှိ ဒေါ်ဆုမြတ်မွန်ထူးက မဲရုံမှူး၊ ဒုတိယ မဲရုံမှူးများ၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းလမ်းညွှန်ချက်များ လုပ်ငန်းလက်စွဲပါ ဆောင်ရွက်ချက်များနှင့် ရွေးကောက်ပွဲဥပဒေပါ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ၊ ပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာကျောင်းများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးအဖြစ် တာဝန်ပေးအပ်ထားသော ဆရာ ဆရာမ ၆၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တန်ဆောင်တိုင်ပွဲတော်မှပေးသော ပွဲတော်များဆိုင်ရာ ခရီးသွားလုပ်ငန်း အတွေးများ

**တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများအတွက် နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆီမီးပူဇော်ပွဲများ ကျင်းပခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းများပြုလုပ်ကြပြီး ပွဲတော်လာမိဘပြည်သူများကို အမှီသဟဲပြု၍ ပွဲဈေးတန်းများ ခင်းကျင်းရောင်းချခြင်း၊ ပျော်ပွဲရွှင်ပွဲများ၊ အငြိမ့်ဇာတ်သဘင်နှင့်ဂီတဖျော်ဖြေပွဲများကိုပါ ကျင်းပပြုလုပ်ခဲ့ကြသည်။**

## ◆ စည်သူကျော် ◆

> ✻ **ပွဲတော်များဆိုင်ရာခရီးသွားလုပ်ငန်းသည် အများပြည်သူပျော်ရွှင်ရသလို၊ ရိုးရာယဉ်ကျေးအမွေအနှစ်ကိုလည်း ဖော်ထုတ်ထိန်းသိမ်းရာရောက်ပြီး ဒေသအတွက်လည်း စီးပွားရေးအရ အထောက်အကူဖြစ်စေသည့် ခရီးသွားလုပ်ငန်းပုံစံတစ်မျိုးဖြစ်**
>
> ✻ **ပွဲတော်များကြောင့် ခရီးစဉ်ဒေသ၏ပုံရိပ်သည် မြင့်မားတိုးတက်လာစေနိုင်သကဲ့သို့ ပွဲတော်များကြောင့် ခရီးစဉ်ဒေသ၏ ပုံရိပ်လျော့နည်းကျဆင်းစေနိုင်သည်ကို သတိပြုရန်လိုအပ်**

ထင်ရှားသော ပွဲတော်ကျင်းပရာဒေသများ၌ ခရီးသွားများနှင့် ပြည့်နှက်နေသည်ကိုလည်း သတင်းမီဒီယာများတွင် တွေ့ရှိရသည်။ အစဉ်အလာကြီးမားသော တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဆိုလျှင် ပွဲတော်ကျင်းပရက်မတိုင်မီ လအနည်းခန့်ကပင် ဟိုတယ်အခန်းကြိုတင် မှာကြားထားသူများနှင့် ပြည့်နှင့်နေပြီဖြစ်ကြောင်း သိရှိရသည်။

ပွဲတော်ကျင်းပသည့် ရက်များတွင်လည်း တောင်ကြီးတန်ဆောင်တိုင်ဆိုသော အစဉ်အလာနှင့်အညီ ညှော့ပရိသတ်တို့နှင့် စည်ကားများပြားလှသည်ကို တွေ့မြင်ရသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့လည်း ခရီးသွားအများအပြားသွားရောက်လည်ပတ်ကြကြောင်း ဖတ်ရှုရသည်။ ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်းနှင့် ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်လျက်ရှိသော တိုင်ဖွန်းမုန်တိုင်း၏အရှိန်ကြောင့် မိုးရွာသွန်းမှုများ ရှိခဲ့သော်လည်း အများပြည်သူခရီးသွားလာလည်ပတ်မှုများရှိခဲ့သည်ကို တွေ့ရသည်။

### ဒေသစီးပွားရေးကို အထောက်အကူဖြစ်

သို့ဆိုလျှင် ခရီးသွားလုပ်ငန်းနှင့် ပွဲတော်များသည် အထင်ကရ ဆက်စပ်လျက်ရှိသည်ဆိုသည်မှာ ထင်ရှားလှပါသည်။ Festival Tourism ဟုခေါ်သော ပွဲတော်များဆိုင်ရာ ခရီးသွားလုပ်ငန်းသည် ခရီးသွားလုပ်ငန်းကဏ္ဍတွင် လူသိများကျော်ကြားသော ခရီးသွားလုပ်ငန်း အမျိုးအစားတစ်ခုဖြစ်ပါသည်။ ကျင်းပသည့်ပွဲတော်ကိုအမှီပြု၍ ခရီးသွားအများအပြား ပွဲတော်ကျင်းပရာဒေသသို့ လာရောက်လည်ပတ်ကြရာဝယ် ဒေသခံများအတွက် ရာသီချိန်ဝင်ငွေဟုခေါ်သော Seasonal Income ကို ရရှိစေပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပါသည်။

မြန်မာနိုင်ငံသည် Land of Festivals ဟု ဆိုရလောက်အောင် အနှစ်သာရပြည့်ဝပြီး ပျော်ရွှင်ဖွယ်ရာ ကောင်းမွန်သည့် ပွဲတော်များကို ဆယ့်နှစ်လရာသီပတ်လုံး ကျင်းပဆင်နွှဲကြပါသည်။ ပွဲတော်များတွင် သီတင်းကျွတ်မီးထွန်းပွဲတော်၊ သင်္ကြန်ရေသဘင်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်ကဲ့သို့သော နိုင်ငံတစ်ဝန်းကျင်းပသော ပွဲတော်များရှိသကဲ့သို့ အင်းလေးဖောင်တော်ဦးဘုရားပွဲတော်၊ ပုဂံအာနန္ဒာဘုရားပွဲတော်၊ ကျိုက်ထီးရိုးဘုရားပွဲတော်၊ မန်းရွှေစက်တော်ဘုရားပွဲ၊ မြတ်မော်တင်စွန်းဘုရားပွဲ၊ သန်လျင်ကျိုက်ခေါက်ဘုရားပွဲကဲ့သို့သော ဒေသအလိုက်ကျင်းပသည့် ဘုရားပွဲတော်များ၊ တောင်ပြုန်းနတ်ပွဲကဲ့သို့သော ရိုးရာယုံကြည်မှုကို အခြေခံသော ပွဲတော်များလည်း ကျင်းပကြပါသည်။ ထို့အပြင် စာဆိုတော်ပွဲ၊ လှေသဘင်ပွဲ၊ ညောင်ရေသွန်းပွဲစသည်ဖြင့် ပွဲတော်များလည်းရှိရာ ယခင်ကပွဲဈေးတန်းများတွင် လှည့်လည်ရောင်းချသော ဈေးသည်များကို ဆယ့်နှစ်ပွဲဈေးသည်ဟုပင် ခေါ်ဆိုခဲ့ကြသည်ကို မှတ်သားခဲ့ရသည်။

ထိုထိုသော ပွဲတော်များအပြင် မြန်မာနိုင်ငံတွင် တိုင်းရင်းသား ၁၃၅ မျိုးတို့ မှီတင်းနေထိုင်လျက်ရှိရာ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထင်ဟပ်စေသော ပွဲတော်များလည်း ကျင်းပကြပါသည်။ ကချင်တိုင်းရင်းသားတို့၏ မနောပွဲ၊ ကရင်တိုင်းရင်းသားတို့၏ ချည်ဖြူဖွဲ့မင်္ဂလာပွဲ၊ ချင်းတိုင်းရင်းသားတို့၏ ခွာဒိုပွဲ၊ အာခါတိုင်းရင်းသားတို့၏ ရိုးရာဒါန်းစီးပွဲ၊ နာဂလူမျိုးတို့၏ နာဂရိုးရာ နှစ်သစ်ကူးပွဲ စသည်ဖြင့် တိုင်းရင်းသားလူမျိုးတို့၏ စိတ်ဝင်စားဖွယ်ရာ ပွဲတော်များလည်း ပြော၍မကုန်နိုင်အောင် ရှိကြပါသည်။

ထိုပွဲတော်များသည်လည်း ထူးခြားစိတ်ဝင်စားဖွယ်ကောင်းသလို ပျော်ရွှင်ဖွယ်ရာလည်း ကောင်းလှသည်။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေ့လာသင်ယူနိုင်သလို ပွဲတော်များတွင် ၎င်းတို့၏ ဒေသရိုးရာအစားအသောက်များကို မြည်းစမ်းနိုင်သည်။ အဝတ်အထည်၊ အသုံးအဆောင်၊ ဂီတတူရိယာ၊ ဘာသာစကားတို့ကိုလည်း လေ့လာနိုင်ပါသည်။ ထိုပွဲတော်များကို ကျင်းပခြင်းဖြင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ထိန်းသိမ်းရာရောက်သကဲ့သို့ ခရီးသွားလုပ်ငန်းတွဲဖက်ဖော်ဆောင်ခြင်းဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

ပွဲတော်များဆိုင်ရာ ခရီးသွားလုပ်ငန်းသည် လာရောက်လည်ပတ်သည့် ခရီးသွားများကို ပွဲတော်မှ ထင်ဟပ်သည့် ဒေသ၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သက်ဝင်နားလည်စေသည်။ ယဉ်ကျေးမှုအသစ်များကို လေ့လာကြည့်ရှုခံစားနိုင်သည်။ ဘဝနေထိုင်နည်းအသစ်များ၊ အယူအဆအတွေးအခေါ်အသစ်များကို သင်ယူရရှိနိုင်သည့် အခွင့်အလမ်းရှိသည်။

ပွဲတော်များသည် ထိုကျင်းပသည့် ဒေသများ၌သာ စစ်မှန်သောအတွေ့အကြုံကို ခံစားသိရှိနိုင်သည့် စွမ်းပကားရှိသည်။ ဥပမာ– တောင်ကြီးတန်ဆောင်တိုင်ပွဲတော်၏အရသာကို ရှမ်းပြည်နယ်တောင်ကြီးမြို့၌သာ ရနိုင်သည်။ မန္တလေးသင်္ကြန်၏ အရသာကို မန္တလေးမြို့၌သာ တွေ့ကြုံခံစားနိုင်သည်။ အခြားသော ပွဲတော်များသည်လည်း အလားတူပင်ဖြစ်ပါသည်။ ကျင်းပသည့် ဒေသ၌သာ စစ်မှန်သော ပွဲတော်၏ အရသာကို ခံစားရနိုင်သည်။

ထို့ကြောင့်ပင် မန္တလေးသားသည် ဘယ်နေရာရောက်နေနေ သင်္ကြန်အခါ ရောက်လျှင်ဖြင့် မန္တလေးသို့ ပြန်ချင်သည်။ မန္တလေး၏ပိတောက်နှင့် ကျုံးရေကို အခြားဘာနှင့်မျှမလဲနိုင်။ တောင်ကြီးသားတို့သည်လည်း တန်ဆောင်တိုင်အခါတွင် တောင်ကြီးသို့ ပြန်ချင်သည်။ ချမ်းချမ်းစီးစီး ကွင်းပြင်ကြီးတွင် မီးရောင်ထိန်ထိန်ဖြင့် ကောင်းကင်ယံသို့ ခံ့ညားစွာ တက်သွားသော မီးပုံးပျံကြီးကိုကြည့်လို၏။ ညှော့သည်၊ အိမ်သည်မခွဲ အပေါင်းအသင်းရောင်းရင်းများနှင့်အတူ ရှမ်းအိုးစည်ဖြင့် စည်းချက်လိုက်ကာ ကလို၏။ ဤသည်ကား ပွဲတော်၏ အရသာပင်။

ပွဲတော်များတွင် တွေ့ရသော အခြားအချက် တစ်ခုကား ခရီးသွားလုပ်ငန်းတွင် အရေးပါသည်ဟု ဆိုလေ့ရှိသော အချင်းချင်းအပြန်အလှန်ဆက်ဆံမှု (Social Interaction)၊ ချစ်ခင်ရင်းနှီးမှုပင်။ ပွဲတော်များတွင် ဒေသခံများနှင့်ညှော့သည်တို့ အပြန်အလှန် ရရှိသွားစေသည်ကတော့ ချစ်ခင်ရင်းနှီးမှုပင်။ "နောင်နှစ်ခါလည်း ဆီးလို့ကြိုမယ်" ဆိုသကဲ့သို့ ယခုနှစ်တွင် ပေါက်ပွားလာသော ပျော်ရွှင်ဖွယ်ရာ ပွဲတော်ကိုအခြေပြုသည့် ခင်မင်ရင်းနှီးမှုသည် နောင်နှစ်အဆက်ဆက် တည်တံ့နေမည်သာဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေသည်ဟု ဆိုခြင်းဖြစ်ပါသည်။

### ပွဲတော်များဆိုင်ရာ ခရီးသွားလုပ်ငန်း

နောက်တစ်ချက်က ပွဲတော်များသည် အမှတ်တရများစွာကို ဖန်တီးပေးနိုင်သည်။ စာရေးသူ အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး လဟယ်၊ နန်းယွန်းမြို့နယ်များတွင် ကျင်းပပြုလုပ်ခဲ့သည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို သွားရောက်နိုင်ခဲ့ခြင်းသည် ဘဝတွင် ဂုဏ်ယူဖွယ်ရာအမှတ်တရဖြစ်သည်။ ပြန်ပြောင်းပြောဆိုစရာ နှစ်သက်ဖွယ်အကြောင်းအရာဖြစ်သည်။ လွယ်ကူသည်မဟုတ်သော ခရီးရှည်ပင်ဖြစ်လင့်ကစား ကိုယ့်မြေကိုယ့်ရေရှိ တိုင်းရင်းသားများနှင့် တွေ့ဆုံရခြင်း၊ ရင်သပ်ရှုမောဖွယ် ရေမြေတောတောင်သဘာဝအလှအပများ၊ စိတ်ဝင်စားဖွယ်ရာ ယုံကြည်သက်ဝင်မှုနှင့် ဓလေ့ထုံးစံများကို လေ့လာသိရှိရသည်မှာ ဘဝတွင် တစ်သက်မမေ့နိုင်စရာဖြစ်သည်။ ထို့ကြောင့် ပွဲတော်များဆိုင်ရာ ခရီးသွားလုပ်ငန်းသည် အခြားသော ခရီးသွားလုပ်ငန်းပုံစံများထက် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသော ခရီးသွားလုပ်ငန်းဖြစ်သည်ဟု ဆိုချင်ပါသည်။

ပွဲတော်များဆိုင်ရာ ခရီးသွားလုပ်ငန်းသည် ဒေသခံများ၏ လူမှုစီးပွားဘဝကို တိုက်ရိုက်အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများ ရရှိစေသည့် ခရီးသွားလုပ်ငန်းပုံစံတစ်မျိုးလည်း ဖြစ်သည်။ ပွဲတော်ကာလအတွင်း ခရီးသွားအများအပြားလာရောက်လည်ပတ်ခြင်းကြောင့် တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ အစားအစာနှင့် အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချမှုတို့မှ ဝင်ငွေတိုးတက်ရရှိစေပါသည်။ တည်းခိုနေထိုင်မှုအပိုင်းတွင် ဟိုတယ်ကြီးများမှသည် အသေးစား၊ အငယ်စား၊ အလတ်စား ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများအထိ ဝင်ငွေရရှိစေသကဲ့သို့ သယ်ယူပို့ဆောင်ရေးတွင် စင်းလုံးငှားခရီးသည်တင်ယာဉ်များ၊ ယာဉ်ကြီးများမှသည် မြင်းလှည်း၊ စက်ဘီး၊ ဆိုက်ကား၊ စက်လှေစသည်တို့အထိ ဝင်ငွေရရှိစေပါသည်။

အလားတူ စားသောက်ဆိုင်ကြီးများမှသည် ကဖေးဆိုင်များ၊ တစ်နိုင်တစ်ပိုင်ဈေးဆိုင်ငယ်လေးများ၊ ဒေသစာများရောင်းချသော ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ အမှတ်တရပစ္စည်း ရောင်းချမှုများအထိ ခရီးသွားလုပ်ငန်းမှ ဝင်ငွေကို ရရှိစေပါသည်။ ထို့အပြင် ဒေသအစိုးရများအတွက်လည်း အခွန်အခများ ပိုမိုတိုးတက်ရရှိစေပါသည်။ ထို့ကြောင့် ပွဲတော်များဆိုင်ရာခရီးသွားလုပ်ငန်းသည် အများပြည်သူ ပျော်ရွှင်ရသလို၊ ရိုးရာယဉ်ကျေးအမွေအနှစ်ကိုလည်း ဖော်ထုတ်ထိန်းသိမ်းရာရောက်ပြီး ဒေသအတွက်လည်း စီးပွားရေးအရ အထောက်အကူဖြစ်စေသည့် ခရီးသွားလုပ်ငန်းပုံစံတစ်မျိုးဖြစ်ပါသည်။

သို့ရာတွင် ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် တာဝန်သိစွာပြုမူ ဆောင်ရွက်ရန် လိုအပ်လှသည်။ တာဝန်သိခရီးသွားလုပ်ငန်း(Responsible Tourism ) မူဝါဒများအရ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း (Sustainable Tourism) ဖြစ်စေရန်အတွက် ခရီးသွားများ၊ ခရီးသွားလုပ်ငန်းဖော်ဆောင်သူများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ ဒေသခံ ပြည်သူများအားလုံးက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပါသည်။ မည်သည့် ခရီးသွားလုပ်ငန်းပုံစံမဆို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူ သုံးဦးသုံးဖလှယ် အကျိုးရှိစေမည်ဖြစ်သော်လည်း ယင်းသို့ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက မျှော်မှန်းမထားသော ဆိုးကျိုးသက်ရောက်မှုများ တွေ့ကြုံခံစားရမည်ဖြစ်ပါသည်။ ပွဲတော်များကြောင့် ခရီးစဉ်ဒေသ၏ ပုံရိပ်သည် မြင့်မားတိုးတက်လာစေနိုင်သကဲ့သို့ ပွဲတော်များကြောင့် ခရီးစဉ်ဒေသ၏ ပုံရိပ်လျော့နည်းကျဆင်းစေနိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။

ခရီးသွားအများအပြားလာရောက်လည်ပတ်ခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်အန္တရာယ်နှင့် အခြားသော ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခြင်း၊ Supply and Demand သဘောအရ အစားအသောက်နှင့် အခြားစရိတ်စကများကြီးမြင့်သွားခြင်းတို့ကို ပွဲတော်ကာလအတွင်း ခရီးသွားများသာမက ဒေသခံများပါ ခံစားရသည်။ ထို့အပြင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုတို့ကို ဒေသခံပြည်သူများ အဓိက ခံစားကြရသည်။ ဆေးလိပ်၊ အရက်နှင့် ဘီယာများ မဆင်မခြင် သောက်သုံးခြင်းကြောင့် အပျော်မှ အပျက်သို့ ရောက်ကြရသည်။ ပွဲတော်၏ ယဉ်ကျေးမှုပုံရိပ်ကို ဆိုးရွားစွာထိခိုက်စေ၏။

မြန်မာနိုင်ငံသည် ၁၂ လရာသီ ပွဲတော်များရှိသည့်အပြင် ဒေသအလိုက် ရိုးရာပွဲတော်များ၊ ဘာသာရေးဆိုင်ရာ ပွဲတော်များ ပျော်ပွဲရွှင်ပွဲများကို အနက်အဓိပ္ပာယ် အနှစ်သာရပြည့်ဝစွာ အစဉ်အလာများနှင့်အညီ ကျင်းပကြပါသည်။ ထိုထိုသော ပွဲတော်များကိုအမှီပြု၍ ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရိုးရာယဉ်ကျေးမှုကိုမြှင့်တင်ဆောင်ရွက်ရေးတို့အတွက် ပွဲတော်များဆိုင်ရာခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိနေပါသည်။ ထို့ကြောင့် ပွဲတော်များတွင် ရိုးရာယဉ်ကျေးမှုနှင့်ပွဲတော်၏ စရိုက်လက္ခဏာကို ထိခိုက်စေသော အပြုအမူများကို ရှောင်ရှားခြင်းဖြင့် ပွဲတော်များဆိုင်ရာ ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ကြပါစို့ဟု ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

# နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိ ပန်းခြံ ပန်းအလှပင်များ ပြုပြင်ထိန်းသိမ်းနေမှုနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပန်းခြံအတွင်း အမြဲသန့်ရှင်းစေရေး၊ သပ်ရပ်လှပသော လျှောက်လမ်းများ ဖြစ်စေရေးနှင့် အရောင်အသွေးစုံလင်သော ရာသီအလိုက် ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ပုံမှန်ရေပေးစနစ်ထားရှိကာ ထိန်းသိမ်းရေးလုပ်ငန်းနှင့် အပင်များရှင်သန်ကြီးထွားအောင် စနစ်တကျစီမံဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် သားဖွားမီးယပ် အထူးကုဆေးရုံကြီးနှင့် ကလေးအထူးကုဆေးရုံတို့၌ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးဆောင်ရွက်ရန် မှာကြားပြီး သန့်ရှင်းရေးဆောင်ရွက်သည့် ဝန်ထမ်းများနှင့် ပြည်သူများကို ဆန်၊ ဆီ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ နိုဝင်ဘာ ၁၈ရက်မှ ၂၀ ရက်အထိ ကျင်းပသော အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့ ပါဝင်တက်ရောက်ခဲ့သည်။




ဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက်တွင် "ဒစ်ဂျစ်တယ်နယ်ပယ်နှင့် စပ်လျဉ်းသည့် လူ့အခွင့်အရေးဆိုင်ရာ ဒေသတွင်းညီလာခံ" ခေါင်းစဉ်ဖြင့် ကျင်းပရာ ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေးကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက "ဉာဏ်ရည်တုနှင့် အချက်အလက်များ ကာကွယ်ရေးအပါအဝင် နည်းပညာကုမ္ပဏီများ၏ ဆောင်ရွက်ချက်များတွင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်အခြေခံမှုများကို လက်တွေ့အသုံးချခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေး ပြောကြားသည်။

ဖိုရမ်၏ နှစ်ပတ်လည် အစည်းအဝေးကို နိုဝင်ဘာ ၁၉ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပရာ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ၂၀၂၅ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Ms. Anis Hidayah က အဖွင့်အမှာစကားပြောကြားသည်။

အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင်(၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနောက်ပိုင်း ကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ မဟာဗျူဟာ စီမံကိန်း(၂၀၂၂-၂၀၂၆)ပါ ဦးစားပေးကိစ္စရပ်ငါးရပ် အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ်တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဖိုရမ်၏ Rule of Procedures (RoP) ပြင်ဆင်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ဖိုရမ်၏ ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် မီဒီယာဆက်သွယ်ရေး လမ်းညွှန်ချက်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင်က ဖိုရမ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ဆွေးနွေးပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးက ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆)ပါ ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေး" ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ၂၀၂၆ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

**သတင်းစဉ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၇၁၆ တွဲ ရောင်းချရ

**နေပြည်တော် နိုဝင်ဘာ ၂၂**

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်း ခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၁၆ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲ အမှတ်(၂၀၀၁) မှ (၂၉၀၀) အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲအတွင်း ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် ပြပွဲတွင် အုပ်စု(အေ၊ ဘီနှင့်စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်း အတွဲပေါင်း ၇၅၄ တွဲကိုလည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်း အတွဲပေါင်း ၇၁၆ တွဲကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ကျောက်စိမ်းအတွဲပေါင်း ၃၀၈၅ တွဲကို နိုဝင်ဘာ ၂၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**မင်းကျော်စွာ**
**ဓာတ်ပုံ-ကိုအေးသန်း**

သစ် ပင် စိုက် ပါ ဒို့ က မ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

# မွန်ပြည်နယ်အားကစားဥယျာဉ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**မော်လမြိုင် နိုဝင်ဘာ ၂၂**

မွန်ပြည်နယ်အတွင်း အများပြည်သူများ စိတ်အေးချမ်းမြေ့စွာ ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်နိုင်ရေးအတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မင်းရွာကျေးရွာရှိ မွန်ပြည်နယ် အားကစားဥယျာဉ်အတွင်း သစ်ပင်ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ကောက်ယူရှင်းလင်းခြင်းကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ် အားကစားဥယျာဉ်အတွင်း ဆောက်လုပ်လျက်ရှိသော အားကစားရုံနှင့် ဘောလုံးကွင်း၊ အားကစားသမားအိပ်ဆောင်များ၊ စားရိပ်သာနှင့် ဝန်ထမ်းအိမ်ရာများ၊ ကားရပ်နားရန်နေရာနှင့် ရေကူးကန်ဆောက်လုပ်ရန် လျာထားနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ပြီးစီးနိုင်ရေးမှာကြား**

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က အဆောက်အအုံများ စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ရေရှည်တည်တံ့စေရေး၊ အားကစားခန်းမ အချိန်မီပြီးစီးနိုင်ရေးမှာကြားကာ အားကစားဥယျာဉ်စီမံကိန်း အချောထည်လုပ်ငန်းတွင် ပါဝင်သော အားကစားခန်းမ လျှာထိုးကြမ်းခင်းခြင်းလုပ်ငန်း၊ VIP ပွဲကြည့်စင် ထိုင်ခုံတပ်ဆင်ခြင်းလုပ်ငန်းနှင့် LED Score Board တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ မင်းရွာကျေးရွာရှိ မွန်ပြည်နယ် တိုင်းရင်းသားယဉ်ကျေးမှုစင်တာ အဝင်မုခ်ဦး၊ လေးထပ်မျှော်စင်၊ ဝန်ထမ်းအိမ်ရာ၊ ဝင်းခြံစည်းရိုး၊ ယဉ်ကျေးမှုပြတိုက် (၂၀၀ x ၁၀၀) တည်ဆောက်ခြင်းလုပ်ငန်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တိုင်းရင်းသားယဉ်ကျေးမှု ဗဟိုစင်တာသည် မွန်ပြည်နယ်အတွင်းရှိ မွန်၊ ဗမာ၊ ပအိုဝ်းနှင့် ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာများကို တစ်နေရာတည်းတွင် အလွယ်တကူ ဝင်ရောက်လေ့လာနိုင်ရန်၊ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာ၊ သမိုင်းအမွေအနှစ်နှင့် Land mark တို့ပါ ထည့်သွင်းစေပြီး ပြည်နယ်ဂုဏ်ဆောင်ပြယုဂ်တစ်ခုဖြစ်လာနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ထားဝယ်ပညာရေးဒီဂရီကောလိပ်ဝင်းအတွင်း၌ အားကစားကွင်းတည်ဆောက်နေ

**ထားဝယ် နိုဝင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ထားဝယ်သူနာပြုသင်တန်း ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထားဝယ် သူနာပြုသင်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသည့် သူနာပြုသင်တန်းသား သင်တန်းသူများအတွက် လိုအပ်လျက်ရှိသောမီးဖိုဆောင် (၃၀ x၂၀ x ၂၀) ပေ ဆောက်လုပ်နေမှုနှင့် ချက်ပြုတ်ကျွေးမွေးသည့် နေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်သူ့ဆေးရုံကြီးရှိ မျက်စိဆောင်တွင် မျက်စိဝေဒနာရှင်များ အဆင်ပြေစွာ ကုသနိုင်ရန်အတွက် မျက်စိခွဲစိတ်ခန်းပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ထားဝယ်ဘိုးဘွားရိပ်သာဝင်းအတွင်း နေထိုင်သည့် သက်ကြီးဘိုးဘွားများကို ရင်းနှီးနွေးထွေးစွာ လိုက်လံနှုတ်ဆက်ကာ သက်ကြီးဘိုးဘွားများအတွက် ကျန်းမာရေးနှင့် ဘက်စုံအသုံးပြုနိုင်ရန် အလှူငွေကျပ်သိန်း ၁၀၀ နှင့် ဘိုးဘွားများအား ပြုစုစောင့်ရှောက်နေသော ဝန်ထမ်းများကို ချီးမြှင့်ငွေများပေးအပ်ကာ ဘိုးဘွားများ နေထိုင်သည့် နေရာထိုင်ခင်းတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ထားဝယ်ပညာရေးဒီဂရီ ကောလိပ်ဝင်းအတွင်း၌ ကျောင်းသား ကျောင်းသူများအတွက် အားကစားကွင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကြက်စားပြင်ရပ်၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးနဘေးဆိပ်ကမ်းသာလမ်းနှင့် ငါးလေလံဈေးအကြား မြေသားလမ်းဖောက်လုပ်နေမှု အခြေအနေ၊ အကောက်ခွန် ဦးစီးဌာနရုံးနှင့် သဲကွင်းဆိပ်တံတား အကြား မြေထိန်းနံရံအပေါ် လက်ရန်းတပ်ဆင်ခြင်းလုပ်ငန်းနှင့် ပြီးစီးနေမှုအခြေအနေ၊ ယဉ်ကျေးမှုပြတိုက်နှင့် ဆန်းချီချောင်းအကြား လေးလမ်းသွား ကွန်ကရစ်ခင်းကျင်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံအကြီးစားပြုပြင်

**စစ်တွေ နိုဝင်ဘာ ၂၂**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံ အကြီးစားပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ၌ ရဲမာန် ဘက်စုံစိုက်ပျိုးရေးမွေးမြူရေးခြံသို့ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်လွှတ်တော်အဆောက်အအုံ အကြီးစားပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ရခိုင်ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံ အကြီးစားပြုပြင်နေမှု၊ ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွှတ်တော် အဆောက်အအုံပင်မဆောင် ပြုပြင်နေမှု၊ အစည်းအဝေးခန်း၊ ရုံးခန်းများ ပြုပြင်နေမှု၊ လွှတ်တော်ရိပ်သာ၊ ထမင်းစားဆောင်နှင့် ရုံးခန်းများ ပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့၏ ရဲမာန်ဘက်စုံ စိုက်ပျိုးရေးမွေးမြူရေးခြံသို့ ရောက်ရှိပြီး ခြံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ ဒေသဘဲများ မွေးမြူဖြစ်ထွန်း အောင်မြင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး တပ်ဖွဲ့ဝင်များ သင်တန်းပေးနေမှုကို သွားရောက်တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်အမည်စာရင်းများ ထုတ်ပြန်ကြေညာ

**သနပ်ပင် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ယမန်နေ့ကစတင်၍ ရပ်ကွက်/ကျေးရွာအလိုက် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။



ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာပေးမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


## ရွှေသောင်ယံမြို့၌ ဒုတိယအကြိမ် မဲစာရင်းများ ထုတ်ပြန်ကြေညာ

**ရွှေသောင်ယံ နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်များမဲပေးရာတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာခြင်းကို ရွှေသောင်ယံမြို့ ရပ်ကွက်/ကျေးရွာများရှိ သတ်မှတ်ထားသောနေရာများ၌ တာဝန်ရှိသူများက ကပ်ထားကြေညာမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါမဲစာရင်းများကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ကပ်ထားကြေညာပေးမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများက အမည်များ ပါ၊ မပါ စိတ်ဝင်တစား လာရောက်ကြည့်ရှုကြသည်။

ရွှေသောင်ယံ(ပြန်/ဆက်)



ရွှေကုက္ကိုလ်နယ်မြေအား တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေမှ ထွက်ပြေးလာသည့် တရားမဝင်နိုင်ငံခြားသားများအား ဖမ်းဆီးရမိစဉ်။



လူနေအဆောက်အအုံ လေးထပ် C 6 အား ဖောက်ခွဲရန် ပြင်ဆင်နေစဉ်။



လူနေအဆောက်အအုံ လေးထပ် C 6 အား စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။



လူနေအဆောက်အအုံ လေးထပ် G 2 အား စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။



လူနေအဆောက်အအုံ လေးထပ် C 1 အား စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီး တွေ့ရစဉ်။



KK Park နယ်မြေအတွင်း သုံးထပ်လူနေအဆောက်အအုံများ ဖြိုချနေမှုကို တွေ့ရစဉ်။

*✻ ကျော့ဖုံးမှ*

မြဝတီ – မဲ့ထော်သလေး (KK Park) နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံ ၆၃၅ လုံးရှိသည့်အနက် ယနေ့တွင် ၁၀ လုံးကို ဆက်လက်ဖြိုချ ဖျက်ဆီးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၂၀၆ လုံး ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင် အဆောက်အအုံများကို ဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ ပဉ္စမနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ ရှင်းယုံလီပလာဇာ ၁၂ ထပ် အဆောက်အအုံ တစ်လုံးနှင့်အလုပ်သမားတန်းလျား ၁၄ လုံး၊ နှစ်ထပ်အဆောက်အအုံ တစ်လုံးတို့ကို ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ၎င်းတို့ အသုံးပြုသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများကိုလည်း တစ်ပါတည်း ဖြုတ်သိမ်းယူဆောင်သွားကြောင်းနှင့် ရှိကျင်းဝမ်လေးထပ်အဆောက်အအုံ ၂၃ လုံးတို့အား စစ်ဆေးခဲ့ရာ ကွန်ပျူတာ၊ မော်နီတာ(ဆက်စပ်ပစ္စည်းမပါ) အလုံး ၂၄၀ စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံ အချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင် ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၁၀၀ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၄ ဦး၊ မလေးရှားနိုင်ငံသား ခြောက်ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၁၅ ဦး၊ နမီးဘီးယားနိုင်ငံသား နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၁၃ ဦး၊ ယူဂန်ဒါနိုင်ငံသား ၁၁ ဦး၊ အိန္ဒိယနိုင်ငံသား ၁၁ ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ခုနစ်ဦး၊ ပါကစ္စတန်နိုင်ငံသား ခြောက်ဦး၊ ရဝမ်ဒါနိုင်ငံသား သုံးဦး၊ ကင်ညာနိုင်ငံသား ၂၄ ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ကိုရီးယားနိုင်ငံသား တစ်ဦး၊ အီဂျစ်နိုင်ငံသား တစ်ဦး၊ မာဒါဂါစကာနိုင်ငံသား တစ်ဦး၊ တရုတ်(တိုင်ပေ)မှ နှစ်ဦး၊ စုစုပေါင်း ၂၂၃ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ် နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ် ရှင်းလင်းမှုများအရ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၉၀ နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၈၉၃ လုံး၊ မိုဘိုင်းဖုန်း၂၁၇၅၀၊ starlink ဗန်း ၁၀၁ လုံး၊ Router ၂၀ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း သိမ်းဆည်းရမိသည့် ပစ္စည်းများအား ဖျက်ဆီးရန် ပြင်ဆင်ထားရှိမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၅၃ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၄၆၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၁၈၉၃ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၉၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရာနှင့်ချီသည့်ကားမော်ဒယ်သစ်များဖြင့် လော့စ်အိန်ဂျလိစ် ကားပြပွဲ ဖွင့်လှစ်




**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂၂**

၂၀၂၅ ခုနှစ် လော့စ်အိန်ဂျလိစ် ကားပြပွဲကို နိုဝင်ဘာ ၂၁ ရက်က ဖွင့်လှစ်ခဲ့ပြီး အဆိုပါပြပွဲတွင် တစ်ကမ္ဘာလုံးရှိ ထိပ်တန်းကား ထုတ်လုပ်သူများထံမှ ရာနှင့်ချီသည့် ကားအသစ်များ၊ ထရပ်ကားများ၊ ဟိုက်ဘရစ်ကားများနှင့် လျှပ်စစ်ကားများကို ပြသထားသည်။

မြောက်အမေရိက၏ အဆင့်မြင့်မားလှသည့် မော်တော်ကားပြပွဲကြီးတွင် လာရောက်ကြည့်ရှုသူများသည် ကားအမှတ်တံဆိပ်အသစ်များကို စူးစမ်းလေ့လာခွင့်၊ ကားစွမ်းဆောင်ရည်များကို နှိုင်းယှဉ်ကြည့်နိုင်ခွင့်နှင့် စမ်းသပ်မောင်းနှင်ရာ လမ်းပေါ်တွင် ကားများ စမ်းသပ်မောင်းနှင်ခွင့်တို့ ပေးထားသည်။

ယခုနှစ်ပြပွဲတွင် ကားအစီးရေ ၅၀ ကျော်ကို စမ်းသပ်မောင်းနှင်နိုင်မည်ဖြစ်ပြီး လာရောက်သူများအနေဖြင့် အမျိုးအစားမတူညီသည့်ကားများကို နှိုင်းယှဉ်စမ်းသပ်ကြည့်နိုင်ခွင့် ရရှိမည်ဖြစ်သည်။ ပြပွဲကို လော့စ်အိန်ဂျလိစ် ကွန်ဗင်းရှင်းစင်တာတွင် နိုဝင်ဘာ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြပွဲကို ၁၉၀၇ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် အဓိကပြပွဲကြီးအဖြစ် ကြီးထွားလာခဲ့ပြီဖြစ်သည်။ နှစ်စဉ် ခရီးသည် သိန်းချီကို ဆွဲဆောင်နိုင်ခဲ့ပြီး မြို့တော်အတွက်စီးပွားရေးအကျိုးအမြတ် ဒေါ်လာသန်းရာနှင့်ချီ၍ ဖြစ်ထွန်းစေသည်။ **ဆင်ဟွာ**

■

## အိုင်စီအာရ်စီက ရန်ပုံငွေကျဆင်းမှုကြောင့် ဘတ်ဂျက်နှင့် ဝန်ထမ်းအင်အား လျှော့ချမည်

**ဂျီနီဗာ နိုဝင်ဘာ ၂၂**

နိုင်ငံတကာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအတွက် အလှူရှင်များ၏ ထောက်ပံ့ကူညီမှုများ ကျဆင်းလာသည်ဟုဆိုကာ ၎င်းတို့၏ ၂၀၂၆ ခုနှစ် ဘတ်ဂျက်ဖြစ်သော အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃ ဘီလီယံကို အဖွဲ့အစည်း၏ ညီလာခံက အတည်ပြုလိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၁ ရက်တွင် ပြောသည်။

အဆိုပါ ဘတ်ဂျက်ပမာဏမှာ ၂၀၂၅ ခုနှစ်က ဘတ်ဂျက်ပမာဏနှင့် နှိုင်းယှဉ်လျှင် ၁၇ ရာခိုင်နှုန်း လျှော့ချထားသည်။ ၂၀၂၆ ခုနှစ်အတွက် ရရှိနိုင်သောရန်ပုံငွေကို အိုင်စီအာရ်စီ၏ အဓိကဦးစားပေးလုပ်ငန်းများနှင့် ကိုက်ညီအောင် ချိန်ညှိလိုက်သောအခါ အဖွဲ့အစည်းတစ်ခုလုံးတွင် ဘတ်ဂျက်ထဲ ထည့်သွင်းထားသည့် ရာထူးနေရာ ၂၉၀၀ ခန့်ကို လျှော့ချရတော့မည်ဖြစ်ကြောင်း သိရသည်။

လျှော့ချမည့် ရာထူးနေရာ သုံးပုံတစ်ပုံခန့်ကို ဆန္ဒအလျောက်ထွက်ခွာသူများဖြင့် လည်းကောင်း၊ လစ်လပ်နေသော ရာထူးနေရာများကို ဝန်ထမ်းအသစ်မခန့်အပ်ခြင်းဖြင့်လည်းကောင်း လုပ်ဆောင်သွားဖွယ် ရှိသည်။ အိုင်စီအာရ်စီသည် လူသားချင်းစာနာထောက်ထားမှု ကဏ္ဍတွင် ရန်ပုံငွေ အခက်အခဲရှိနေသည့်ကြားမှပင် ဘတ်ဂျက်ကို အထိရောက်ဆုံးဖြစ်အောင် စီမံခန့်ခွဲရန် ကြိုးစားလျက်ရှိသည်။


အိုင်စီအာရ်စီဥက္ကဋ္ဌ မီဂျာနာစပိုလ်ဂျာရစ်

ထို့အပြင် ကမ္ဘာတစ်ဝန်းတွင် ပဋိပက္ခ ဖြစ်ပွားမှုများကြောင့် အဆိုးရွားဆုံး ထိခိုက်ခံစားရသူများကို ကယ်ဆယ်ရေးအကူအညီများထောက်ပံ့ပေးရန် အလေးထား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အိုင်စီအာရ်စီက ပြောသည်။ ကမ္ဘာကြီးသည် လက်ရှိတွင် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုများ မြင့်တက်လာခြင်းနှင့် အကူအညီပေးရေး ရန်ပုံငွေများ သိသိသာသာ ဖြတ်တောက်ခံရခြင်းတို့ ဖြစ်ပွားလျက်ရှိသည်ဟု အိုင်စီအာရ်စီဥက္ကဋ္ဌ မီဂျာနာစပိုလ်ဂျာရစ်က ပြောသည်။ **ဆင်ဟွာ**

## ဗီယက်နမ်အလယ်ပိုင်း ရေကြီးနစ်မြုပ်မှုများကြောင့် သေဆုံးသူ ၅၅ ဦးရှိလာ

**ဟန္နိုင်း နိုဝင်ဘာ ၂၂**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသ၌ မိုးသည်းထန်စွာရွာသန်းပြီး ရေကြီးနစ်မြုပ်မှုများကြောင့် သေဆုံးသူဦးရေမှာ ၅၅ ဦးအထိ မြင့်တက်လာပြီး အခြား ၁၃ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဗီယက်နမ်ဘေးအန္တရာယ်နှင့် ရေကာတာစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က နိုဝင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ရေကြီးမှုများကြောင့် ဆန်စပါးနှင့် အခြားကောက်ပဲသီးနှံ ဟက်တာ ၈၀၀၀၀ ခန့် ရေနစ်မြုပ်ပြီး ကြက်၊ ဝက်၊ နွား စသည့် မွေးမြူရေး တိရစ္ဆာန် ၃ ဒသမ ၂ သန်းကျော်ခန့် သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ထို့အတူ အိမ်ခြေ ၂၈၄၀၀ ကျော်မှာ ရေနစ်မြုပ်နေဆဲဖြစ်ပြီး အခြားနေအိမ် ၉၄၆ လုံး ပျက်စီးခဲ့ကြောင်း ထုတ်ပြန်သည်။ အဆိုပါ ရေကြီးရေလျှံမှုများကြောင့် ဘဏ္ဍာငွေဆုံးရှုံးမှုမှာ ဗီယက်နမ်ဒေါင် ၉ ထရီလီယံခန့် (အမေရိကန်ဒေါ်လာ ၃၅၈ သန်းခန့်) ရှိမည်ဟု ခန့်မှန်းထားသည်။ **ဆင်ဟွာ**

## ကနေဒါနိုင်ငံ၌ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ရင်းနှီးမြှုပ်နှံသွားမည်ဟု ယူအေအီးပြော

**အဘူဒါဘီ နိုဝင်ဘာ ၂၂**

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) သည် ကနေဒါနိုင်ငံနှင့် အဓိကရင်းနှီးမြှုပ်နှံမှုမူဘောင်ကို အတည်ပြုခဲ့သည်။ ကနေဒါနိုင်ငံ၏ အဓိက ကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ အထိ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဟု အင်းမရိတ်နယူးအေဂျင်စီက နိုဝင်ဘာ ၂၁ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ မူဘောင်အောက်တွင် ယူအေအီးနိုင်ငံသည် စွမ်းအင်၊ ဉာဏ်ရည်တု၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သတ္တုတူးဖော်ရေးတို့အပါအဝင် ကနေဒါနိုင်ငံ၏ အနာဂတ်စီးပွားရေးတိုးတက်မှု၏ အဓိကကဏ္ဍများတွင် ရေရှည်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမည်ဖြစ်သည်။ ယူအေအီးသမ္မတ ရှိတ်ခ်မိုဟာမက် ဘင်ဇေယက် အယ်နဟ်ယန်နှင့် ကနေဒါဝန်ကြီးချုပ်မာ့ကာနေးတို့ကြား အဘူဒါဘီတွင် ပြုလုပ်သည့်ဆွေးနွေးပွဲအပြီးတွင် အဆိုပါသဘောတူညီချက် ရရှိခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေး အရေးကြီးကြောင်း အလေးပေး ပြောကြားခဲ့သည်။ ယူအေအီးနိုင်ငံ၏ ကနေဒါနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စတော့ရှယ်ယာသည် ၂၀၂၄ခုနှစ်တွင် ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံအထိ ရှိခဲ့သည်။ **ဆင်ဟွာ**

## နီပေါနိုင်ငံ၌ မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်အသစ် ၈၃၇၀၀၀ ကျော်ရှိလာ

**ခတ္တမန္ဒူ နိုဝင်ဘာ ၂၂**

၂၀၂၆ ခုနှစ် မတ် ၅ ရက်တွင် ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာပြီးချိန်မှစ၍ ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်အသစ် ၈၃၇၀၉၄ ဦးရှိလာကြောင်း တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

နီပေါနိုင်ငံ၌ လာမည့်လေးလအတွင်း ကျင်းပရန်စီစဉ်ထားသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲအတွက် စုစုပေါင်းမဲဆန္ဒရှင်အရေအတွက် ၁၉ သန်းကျော်ရှိလာခဲ့သည်။ သို့ရာတွင် နောက်ဆုံးမဲဆန္ဒရှင်စာရင်းအတည်ပြုချိန်တွင် အနည်းငယ်ပြောင်းလဲမှုများရှိနိုင်ကြောင်း၊ မဲဆန္ဒရှင်အသစ်အများစုမှာ လူငယ်များဖြစ်ကြောင်း ကော်မရှင်၏ သတင်းထုတ်ပြန်ရေးတာဝန်ခံ ဆူမန်ဂီမာရီက ပြောကြားသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင် ၁၇ ဒသမ ၉၉ သန်းရှိခဲ့ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၂ ရက်အထိ ရွေးကောက်ပွဲထပ်မံကျင်းပမည်ဖြစ်ကြောင်း ကြေညာချိန်တွင် မဲဆန္ဒရှင် အရေအတွက် ၁၈ ဒသမ ၁၇ သန်းနီးပါးအထိ တိုးတက်လာခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ လေးနှစ်အတွင်း စာသင်ကျောင်းပေါင်း ၁၃၀၀ ကျော် တည်ဆောက်

**ကဘူးလ် နိုဝင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ၏ ပညာရေးဝန်ကြီးဌာနသည် ပညာရေးသင်ကြားခွင့် ပိုမိုရရှိရေးကြိုးပမ်းမှုအနေဖြင့် လွန်ခဲ့သည့် လေးနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ စာသင်ကျောင်းပေါင်း ၁၃၁၅ ကျောင်းဆောက်လုပ်ခဲ့ကြောင်း နိုင်ငံပိုင် ဘာ့ခ်ထာသတင်းအေဂျင်စီက နိုဝင်ဘာ ၂၂ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

အစီရင်ခံ ဖော်ပြချက်အရ ပညာရေးဝန်ကြီးဌာနသည် မကြာသေးမီက နိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၂၁ ခုတွင် ခေတ်မီစာသင်ကျောင်း ၁၇၉ ကျောင်းနှင့် ဘာသာရေးကျောင်း ခြောက်ကျောင်းကို ထပ်မံတည်ဆောက်ခဲ့ကြောင်း သိရသည်။ အဆိုပါ ကျောင်းသစ်စုစုပေါင်း၏ ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၃၂ သန်းကျော် ရှိသည်။

ယင်းဆောက်လုပ်ရေးလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်အပြင် အကူအညီပေးရေးအဖွဲ့အစည်းအများအပြား၏ ထောက်ပံ့ကူညီမှုများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုကဲ့သို့ စာသင်ကျောင်းဆောက်လုပ်မှုများက ရွက်ဖျင်တဲများ၊ လယ်ကွင်းပြင်များ၊ ပျက်စီးအဆောက်အအုံများမှ မကြာခဏ ပညာသင်ကြားနေကြရသော ကျေးလက်ဒေသများမှ ကာလရှည် စာသင်ကျောင်းအဆောက်အအုံ လိုအပ်ချက်ကိုဖြေရှင်းရန် ရည်ရွယ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## နိုင်ဂျီးရီးယားအစိုးရက နိုင်ငံတစ်ဝန်းရှိ အလယ်တန်းကျောင်း ၄၁ ကျောင်းကို ပိတ်ထားရန်ညွှန်ကြား

**အဘူဂျာ နိုဝင်ဘာ ၂၂**

မကြာသေးမီကာလတွင် အကြမ်းဖက်အဖွဲ့များက ကျောင်းသားကျောင်းသူများအား ပြန်ပေးဆွဲမှုဖြစ်ပွားခဲ့ပြီးနောက် နိုင်ဂျီးရီးယားအစိုးရက နိုင်ငံတစ်ဝန်းရှိ အစိုးရအလယ်တန်းကျောင်း ၄၁ ကျောင်းကို ပိတ်ထားရန် ညွှန်ကြားထားကြောင်း ပညာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါညွှန်ကြားချက်ကို ကျောင်းအုပ်ကြီးများအနေဖြင့် တိကျစွာလိုက်နာဆောင်ရွက်ကြရန် ထုတ်ပြန်ထားသည်။ နိုဝင်ဘာ ၂၁ ရက် ညနေပိုင်းတွင် နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း နိုင်ဂျာပြည်နယ်ရှိ ကျောင်းတစ်ကျောင်းကို အကြမ်းဖက်သမားများ ဝင်ရောက်လာပြီး ကျောင်းသား ၂၁၅ ဦးထက်မနည်းနှင့် ဆရာ ဆရာမ ၁၂ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း နိုင်ဂျီးရီးယားခရစ်ယာန်အသင်းက ပြောကြားသည်။

သေနတ်သမားများက နိုင်ဂျာပြည်နယ် အဂွာရာအုပ်ချုပ်ရေးဒေသရှိ စိန့်မေရီကိုယ်ပိုင်ကျောင်းအတွင်း ကျူးကျော်ဝင်ရောက်ပြီး အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ်ရှိ ကျောင်းသားကျောင်းသူများကို ပြန်ပေးဆွဲသွားခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားခရစ်ယာန်အသင်းမှ ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ်အာတိုရီက ဆိုသည်။

ယခုရက်သတ္တပတ်အစောပိုင်းကလည်း ကက်ဘီပြည်နယ်ရှိ အစိုးရအလယ်တန်းကျောင်းမှ ကျောင်းသူ ၂၅ ဦးခန့်ကိုလည်း အကြမ်းဖက်သမားများက ပြန်ပေးဆွဲသွားကြောင်း ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# တောင်ငူမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ

**တောင်ငူ နိုဝင်ဘာ ၂၂**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို တောင်ငူမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်ညွန့်၊ ခရိုင်ပညာရေးမှူး ဒေါက်တာနော်ဥမ္မာထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားကို ကျောင်းပင်လုံခန်းမ၌ကျင်းပရာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့” သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံပညာကျောင်းများကို အခြေခံ၍ ကျင်းပလျက်ရှိပြီး ကျောင်းသားလူငယ်များ နိုင်ငံ့အနာဂတ်လူ့စွမ်းအား အရင်းအမြစ်ပြုစုပျိုးထောင်မှုများ အရှိန်အဟုန်မြင့်မားလာစေရန်၊ စာအုပ်စာပေတွင် နှစ်သက်မွေ့လျော်ကာ စာဖတ်သည့် ဓလေ့၊ စာကြည့်တိုက်များသို့ သွားလာသည့် အလေ့အကျင့်များ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက တောင်ငူမြို့နယ်အတွင်းရှိ ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်များကို ပေးအပ်လှူဒါန်းရာ ခရိုင်ပညာရေးမှူးက လက်ခံရယူသည်။ ယင်းနောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဟောပြောဆွေးနွေးသည့် စာပေပညာရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။



ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ တက္ကသိုလ်ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ၊ ပြိုင်ပွဲများ၊ ကျန်းမာရေး အားကစားနည်းလေ့ကျင့်နေမှုများနှင့် စာအုပ်ဈေးရောင်းပွဲတော် ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ခရိုင် (ပြန်/ဆက်)**

## မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုအတွက် အာမခံလျော်ကြေးငွေ ပေးအပ်

**မန္တလေး နိုဝင်ဘာ ၂၂**
မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း (၃၀) ၇၁x၇၂ လမ်းကြားရှိ အဆောက်အအုံ ပျက်စီးမှုအတွက် သဘာဝဘေးအန္တရာယ် အာမခံလျော်ကြေးငွေကို နိုဝင်ဘာ ၁၉ ရက်က ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီ (GWI) မှ အာမခံထားရှိသူကိုယ်စား အာမခံကိုယ်စားလှယ် ကိုရာဇာဟိန်းအား အာမခံလျော်ကြေးငွေသွားရောက်ပေးအပ်သည်။




အဆိုပါ လျော်ကြေးပေးအပ်ပွဲတွင် GWI မှ တာဝန်ရှိသူတစ်ဦးက လျော်ကြေးငွေ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အာမခံလျော်ကြေးငွေကျပ် ၄၄၁၉၃၆၀၀၀ ကို ပေးအပ်ရာ ကိုယ်စားလှယ် ဦးရာဇာဟိန်းက အာမခံလျော်ကြေးငွေကို မြန်ဆန်စွာ ညှိနှိုင်းပေးမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီအနေဖြင့် မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးနှင့် ဒေသအချို့မှ ငလျင်ဘေးအကာအကွယ် အာမခံထားရှိသူများအတွက် လျော်ကြေးငွေများကို ငလျင်လှုပ်ပြီးနောက် အမြန်ဆုံးစိစစ်ပေးလျော်လျက်ရှိကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## တာချီလိတ်မြို့၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

**တာချီလိတ် နိုဝင်ဘာ ၂၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၂၅ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေအပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာနက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ခရိုင်နှင့်မြို့နယ် စုပေါင်းရုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှင်းလင်းဆွေးနွေးပွဲတွင် တာချီလိတ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ဘောမြဲက အခွန်ကဏ္ဍတစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများသိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ကော့ကရိတ်မြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ကော့ကရိတ် နိုဝင်ဘာ ၂၂**
ကော့ကရိတ်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ယမန်နေ့က ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးမိုးကျော်အောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးစောကြည်လင်းက သင်တန်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ဆပ်ပြာရည် ပြုလုပ်နည်းအမျိုးမျိုး၊ ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည် ပြုလုပ်နည်းများကို နိုဝင်ဘာ ၂၅ ရက်အထိ သင်တန်းသူ ၂၀ ဦးအား သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ကော့ကရိတ်(ပြန်/ဆက်)**

ဥတုရာသီ၊ တောကိုမှီ၏။

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၂၂**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၄.၁၁.၂၀၂၅ ရက်မှ ၂.၁.၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၁၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ချင်းပြည်သစ်ကွန်ဂရက်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၂

**ချင်းပြည်သစ်ကွန်ဂရက်ပါတီဥက္ကဋ္ဌ ဦးစိုးထက် (ခ) ဆလိုင်းမဲလု က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်သစ်ကွန်ဂရက်ပါတီ (New Chinland Congress–NCC) ဥက္ကဋ္ဌ ဦးစိုးထက် (ခ) ဆလိုင်းမဲလု ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်မှာ တိုင်းရင်းသားပြည်သူများ၊ အထူးသဖြင့် ချင်းပြည်နယ်ရှိ ချင်းလူမျိုးများအားလုံးနဲ့ မဲဆန္ဒရှင်ပြည်သူများ သိရှိနိုင်ရန်အတွက် ချင်းပြည်သစ်ကွန်ဂရက်ပါတီရဲ့ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို အကျဉ်းမျှ တင်ပြသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်သစ်ကွန်ဂရက်ပါတီဟာ ချင်းပြည်နယ်နှင့် ချင်းလူမျိုးကိုယ်စားပြုပါတီဖြစ်ပြီး ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုအားလုံးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ အရေးအရာများ တိုးတက်ထွန်းကားလာစေရန်ဆိုတဲ့ အမျိုးသားရေးတာဝန်ကို အာမခံဖော်ဆောင်သွားမယ့် ပါတီဖြစ်ပါတယ်။ ချင်းပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စအရပ်ရပ်အတွက် ချင်းအမျိုးသားနိုင်ငံရေး ဦးဆောင်လမ်းပြခဲ့သူများ၊ ချင်းအမျိုးသား တတ်သိပညာရှင်များ၊ လူငယ်များ၊ အမျိုးသမီးများနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရာက ချင်းပြည်သစ်ကွန်ဂရက်ပါတီ ပေါ်ထွက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်သစ်ကွန်ဂရက်ပါတီဟာ ချင်းပြည်နယ်အတွင်းမှာသာ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မယ့် ပါတီဖြစ်ပါတယ်။ ပါတီရဲ့ အမှတ်တံဆိပ်အဖြစ် ချင်းတိုင်းရင်းသားတို့က တန်ဖိုးထားမြတ်နိုးကြတဲ့ အောက်ချင်းငှက်မောင်နှံကို တောင်ဇလပ်ပန်းနဲ့တွဲပြီး ပုံဖော်ထားပါတယ်။ အလံကိုတော့ အပြာ၊ အနီ၊ အစိမ်း သုံးရောင်ခြယ်အလယ်မှာ ကြယ်ဖြူတစ်ပွင့်နဲ့ ပုံဖော်ထားပါတယ်။ ချင်းပြည်သစ်ကွန်ဂရက်ပါတီဟာ ချင်းပြည်နယ် ချင်းတို့ဌာနေကို အခြေခံပြီး ဖွဲ့စည်းခဲ့တာဖြစ်တဲ့ အတွက်ကြောင့် ချင်းပြည်နယ် ပေါ်ပေါက်လာတဲ့ သမိုင်းကြောင်းကိုလည်း အနည်းငယ်မျှ တင်ပြလိုပါတယ်။

ချင်းတိုင်းရင်းသားတို့ဟာ ညီနောင်တိုင်းရင်းသားများနှင့်အတူ ၁၉၄၇ ခုနှစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်ဆောက်ရေး အတွက် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးကို အတူရယူခဲ့တာဖြစ်ပါတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအရ ချင်းတောင်များခရိုင်နှင့် ရခိုင်တောင်တန်းနယ်များ (လက်ရှိ ပလက်ဝခရိုင်) ကို စုစည်းကာ "ချင်းဝိသေသတိုင်း" လို့ သတ်မှတ်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချင်းပြည်နယ်အဖြစ် ပြောင်းလဲပြီး တီးတိန်၊ တွန်းဇံ၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်နှင့် ပလက်ဝဆိုပြီး မြို့နယ် (၉) ခုနှင့် ဖွဲ့စည်းလာတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်အရလည်း ချင်းပြည်နယ်အဖြစ် အခိုင်အမာတည်ရှိနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ် (၁၄)ခုထဲမှာ ဒေသခံဌာနေ တိုင်းရင်းသားမျိုးနွယ်စု အများဆုံးနေထိုင်တဲ့ တစ်ခုတည်းသော ပြည်နယ်ဖြစ်ပါတယ်။ ဒါကတော့ ချင်းပြည်နယ်ရဲ့ နောက်ခံသမိုင်းအကျဉ်းပဲ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

ချင်းပြည်နယ်ဟာ မြန်မာနိုင်ငံလွတ်လပ်ရေးပြန်လည်ရရှိပြီး နောက်ပိုင်းမှာ နယ်မြေအေးချမ်းလုံခြုံမှုအရှိဆုံး ပြည်နယ်တစ်ခုအဖြစ် ရှိခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်အဖြစ် ယနေ့တိုင် တည်ရှိနေဆဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ချင်းပြည်နယ်ကို တန်ဖိုးထားချစ်မြတ်နိုးတဲ့ ချင်းတိုင်းရင်းသားများအားလုံးက ချင်းပြည်နယ်အမြန်ဆုံးငြိမ်းချမ်းပြီး မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်တာကို လိုလားကြမယ်လို့ ယုံကြည်ပါတယ်။ ဒီတူညီတဲ့ဆန္ဒတွေ အမှန်တကယ် လက်တွေ့ဖြစ်ပေါ်လာရေးအတွက် ညီညွတ်စွာ စုပေါင်းလုပ်ဆောင်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်သစ်ကွန်ဂရက်ပါတီမှာ တူစုံအားပြုပြီး ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်ကြရအောင်လို့ ဒီနေရာကနေ ဖိတ်ခေါ်ပါတယ်။

ဆက်လက်ပြီးတော့ ချင်းပြည်သစ်ကွန်ဂရက်ပါတီအနေနဲ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ချင်းပြည်နယ်ကိုအခြေခံပြီး ပါဝင်ယှဉ်ပြိုင်ရတဲ့ ရည်မှန်းချက်ကိုလည်း တင်ပြလိုပါတယ်။

ပထမအချက်က ချင်းပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ ချင်းတိုင်းရင်းသားတိုင်းက ကြိုးပမ်းပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်။

ဒုတိယအချက်က ချင်းပြည်နယ်အတွင်း လူမှုစီးပွားရေး(Socio Economic) ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းတိုင်းရင်းသားတိုင်းက ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်။

တတိယအချက်က ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးမှာ ညီနောင်တိုင်းရင်းသားလူမျိုးများ၊ မျိုးနွယ်စုများအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေး ဖြစ်ပါတယ်။

နောက်ဆုံးအချက်က ပြည်ထောင်စုတိုင်းရင်းသားများအားလုံး တန်းတူညီမျှသော အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ပါတယ်။

ဒီရည်မှန်းချက် (၄) ချက်ဟာ – မဖြစ်မနေဖော်ဆောင်သွားရမယ့် ချင်းအမျိုးသားရေးတာဝန်ဖြစ်တယ်လို့ ချင်းပြည်သစ်ကွန်ဂရက်ပါတီ (NCC)က အခိုင်အမာခံယူထားတာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှု နောက်အကျဆုံး ပြည်နယ်ကနေ ရုန်းထွက်ပြီး အခြားသော တိုင်းဒေသကြီး/ပြည်နယ်များနှင့် ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် စတင်လုပ်ဆောင်ရမယ့် နည်းလမ်းဟာ လက်ရှိအခြေအနေမှာတော့ ရွေးကောက်ပွဲလမ်းကြောင်းပဲ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်အရ ဒီမိုကရေစီအစိုးရ ပေါ်ပေါက်လာတဲ့ ၂၀၁၀ နောက်ပိုင်းမှာ ပြည်သူများရဲ့ဆန္ဒတွေကို ပြည်သူ့ကိုယ်စားလှယ်များကတစ်ဆင့် ထုတ်ဖော်ခွင့်ရလာလို့ တစ်မြို့နှင့်တစ်မြို့ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာလို့ ရလာတယ်။ စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ လမ်းတံတားတွေလည်း တိုးတက်ပြောင်းလဲလာခဲ့တာပဲ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား -**

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးကံကြမ္မာအလှည့်အပြောင်းမှာ ကျွန်တော်တို့ ချင်းပြည်နယ်ဟာလည်း မပျက်စီးသင့်တာတွေ ပျက်စီးရပြီ။ မဆုံးရှုံးသင့်တာတွေ ဆုံးရှုံးခဲ့ရတယ်။ မချမ်းသာပေမယ့် ပျော်ရွှင်အေးချမ်းတဲ့ ချင်းပြည်နယ်၊ မဖွံ့ဖြိုးပေမယ့် တည်ငြိမ်တဲ့ ချင်းပြည်နယ်ဟာ ယခုအချိန်မှာ လက်နက်ကိုင်ပဋိပက္ခဒဏ်ကို အလူးအလဲ ခံနေရတာ မဲဆန္ဒရှင်များ အသိပဲဖြစ်ပါတယ်။ မြို့ရွာတွေပျက်စီးသွားတယ်။ အပြစ်မဲ့ပြည်သူတွေပါ အသက်နဲ့ခန္ဓာ ဆုံးရှုံးခဲ့ကြရတယ်။ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်အိမ်၊ ကိုယ့်ခြံ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ စွန့်လွှတ်ခဲ့ရတယ်။ အရပ်တစ်ပါးမှာ အနေ၊ အစား၊ ကျပ်တည်းရတယ်။ ရုံးတွေပိတ်၊ ကျောင်းတွေပိတ်လို့ လူသားအရင်းအမြစ်တွေ များစွာဆုံးရှုံးခဲ့ရတယ်။ ပညာသင်ယူနေဆဲ သားသမီးတွေ ပညာရေးနှင့် အဆက်ပြတ်တောက်သွားခဲ့ရတယ်။ ကိုယ့်ရပ်၊ ကိုယ့်ရွာ ကိုယ့်အိမ်၊ ကိုယ့်ခြံမှာ ကြိတ်မှိတ်ဖက်တွယ်သူများမှာလည်း စားဝတ်နေရေး၊ အသက်အန္တရာယ် လုံခြုံရေးအာမခံချက်မရှိဘဲ ကျီးလန့်စာစားဘဝ ရောက်နေကြရပါတယ်။ ပြည်သူတွေလိုချင်တာက " ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး" ပဲ ဖြစ်ပါတယ်။ ဒီအတိုင်းသာ ညီအစ်ကိုအချင်းချင်း အပြန်အလှန်တိုက်ခိုက်နေကြရင် ပြည်သူတွေလိုချင်တဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုလည်းပေါ်ပေါက်လာနိုင်မှာ မဟုတ်ပါဘူး။

ချင်းပြည်သစ်ကွန်ဂရက်ပါတီအနေနဲ့ကတော့ ပဋိပက္ခတိုင်းကို ငြိမ်းချမ်းစွာ စားပွဲပေါ်မှာ တွေ့ဆုံဆွေးနွေး အဖြေရှာတဲ့နည်းလမ်းထက် ပိုမိုကောင်းမွန်တဲ့ နည်းလမ်းမရှိဘူးဆိုတာ အခိုင်အမာယုံကြည်လို့ ပါတီတည်ထောင်ပြီး ရွေးကောက်ပွဲဝင်ရခြင်းပဲဖြစ်ပါတယ်။ ချင်းပြည်သစ်ကွန်ဂရက်ပါတီအနေနဲ့ ငြိမ်းချမ်းရေးစားပွဲပေါ်မှာ ပြည်သူအတွက် မားမားမတ်မတ် ရဲရဲဝံ့ဝံ့ရပ်တည်သွားပါမယ်လို့ ကတိပြုပါတယ်။ ဒါကြောင့် ချင်းပြည်သစ်ကွန်ဂရက်ပါတီ ဆောင်ရွက်လိုတဲ့ လုပ်ငန်းစဉ် (၄)ရပ်ကိုလည်း မဲဆန္ဒရှင်ပြည်သူများကို တင်ပြလိုပါတယ်။

**လုပ်ငန်းစဉ်(၁)**

ချင်းပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခ ရပ်စဲရေးအတွက် သက်ဆိုင်သူအားလုံးနှင့် ကြိုးပမ်းညှိနှိုင်းအဖြေရှာကြဖို့ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲရလဒ်အရ ပေါ်ထွက်လာမယ့် အစိုးရသစ်က ဦးဆောင်ရမှာဖြစ်ပြီး ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်ရမှာဖြစ်ပါတယ်။ ယာယီအပစ်အခတ်ရပ်စဲကာ တွေ့ဆုံဆွေးနွေးရာကနေ ပဋိပက္ခ လုံးဝရပ်စဲနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ယာယီနေရပ်စွန့်ခွာသူများ ဂုဏ်သိက္ခာရှိရှိ မိမိနေရပ်ပြန်လာနိုင်ရေး၊ လုံခြုံရေးအာမခံချက်ရအောင် ဖန်တီးပေးရေး၊ စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ ပြန်လည်ကုစားရေး၊ အရေးပေါ်၊ ရေတို၊ ရေရှည်အထောက်အပံ့များ ရရှိနိုင်ရေး ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

**လုပ်ငန်းစဉ် (၂)**



လက်နက်ကိုင် ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ အများပြည်သူပိုင် အဆောက်အအုံများ၊ လူနေအိမ်ရာများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းကို မဖြစ်မနေ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒီအတွက် လိုအပ်တဲ့ ကုန်ကျစရိတ်တွေကို နိုင်ငံတော်အစိုးရအပြင် ပြည်တွင်း ပြည်ပ အလှူရှင်များထံမှ အကူအညီများရရှိဖို့အတွက် ပါတီနှင့် ရွေးကောက်ခံကိုယ်စားလှယ်များအပါအဝင် ပြည်သူ တစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

**လုပ်ငန်းစဉ်(၃)**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်မှာ တက်ကြွစွာ ပါဝင်သွားဖို့ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာချုပ်ဆိုခဲ့ကြတဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဟာ ပြည်ထောင်စုနဲ့ တိုင်းရင်းသားအားလုံးရဲ့ အနာဂတ်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရှုထားပြီး နိုင်ငံတော်နဲ့တိုင်းရင်းသားများအပေါ် အာမခံထားခြင်းဖြစ်ပါတယ်။ နိုင်ငံရေးသဘောထားချင်း မတိုက်ဆိုင်လို့ လက်နက်ကိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုအဖွဲ့ပေါင်းစုံကိုလည်း နိုင်ငံရေးစားပွဲဝိုင်းပေါ် ရောက်ရှိလာအောင် မဲဆန္ဒရှင်ပြည်သူများနဲ့လက်တွဲပြီး စည်းရုံးကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်သစ်ကွန်ဂရက်ပါတီအနေနဲ့ ပါဝင်သူများ အားလုံးနဲ့အတူ NCA ဆွေးနွေးပွဲမှာလည်း ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အစွမ်းကုန်ကြိုးစားသွားပါမယ်လို့ ကတိပြုပါတယ်။

**လုပ်ငန်းစဉ်(၄)**

စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော စက်မှုလုပ်ငန်းများ ဖော်ဆောင်ဖို့ ဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းစီမံကိန်းတွေ ဖော်ဆောင်ရမှာဖြစ်ပါတယ်။ ချင်းပြည်နယ် ပလက်ဝမြို့နယ်ကို ဖြတ်သန်းသွားတဲ့ ကုလားတန်ဘက်စုံစီမံကိန်းဟာ ချင်းပြည်နယ်တိုးတက်ရေးအတွက် အရေးပါတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက် များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီကို ပြည်သူက ရွေးချယ်ထောက်ခံသွားမည်ဆိုရင် လွှတ်တော်အဆင့်ဆင့်တိုင်းမှာ ပြည်သူတွေ လိုလားတဲ့ စီမံကိန်းတွေဖော်ဆောင်ရေးနဲ့ ဥပဒေပြုရေးကဏ္ဍတွေမှာ ထိထိရောက်ရောက် လုပ်ဆောင်ခွင့်ရရှိမှာဖြစ်ပါတယ်။

**ချင်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ချင်းတိုင်းရင်းသားများ၊ အခြားတိုင်းရင်းသားများနှင့် ချင်းမျိုးနွယ်စုများခင်ဗျား–**

ချင်းပြည်နယ်ရဲ့ ပကတိအခြေအနေကို အားလုံးက သိရှိကြပြီးဖြစ်ပါတယ်။ ယခုအချိန်မှာ ချင်းပြည်သူအားလုံးက ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို အလိုလားဆုံး၊ အတောင့်တဆုံးဖြစ်ပါတယ်။ ချင်းပြည်သူတွေ လုံခြုံအေးချမ်းစွာ သွားလာလုပ်ကိုင်ချင်ကြပါပြီ၊ မြို့ရွာတွေ ပြန်လည်နွေးထွေးစေလိုကြပါပြီ၊ စာသင်ကျောင်းတွေကလည်း ကျွန်တော်တို့ရဲ့သားသမီးတွေကို စောင့်မျှော်ဖိတ်ခေါ်နေပါပြီ။ အဆက်ပြတ်တောက်သွားတဲ့ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေလည်း ပြန်လည်အသက်ဝင်ဖို့ လိုအပ်နေပါပြီ။ ဒါကြောင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်ကစပြီးကျင်းပမယ့် လွှတ်တော်အဆင့်ဆင့် ရွေးကောက်ပွဲမှာ တက်တက်ကြွကြွ ဆန္ဒမဲပေးကြဖို့ အရေးကြီးပါတယ်။

ချင်းပြည်သစ်ကွန်ဂရက်ပါတီကို ထောက်ခံမဲပေးခြင်းအားဖြင့် လာမယ့်(၅)နှစ်အတွက် မိမိတို့ချင်းတိုင်းရင်းသားများနဲ့ မျိုးနွယ်စုတွေကို အမှန်တကယ်အလုပ်အကျွေးပြုမယ့် ပြည်သူ့ကိုယ်စားလှယ်တွေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်ကိုချစ်တဲ့ ချင်းပြည်သူ မဲဆန္ဒရှင်များအနေနဲ့ အခြားတိုင်းရင်းသားများနဲ့အတူ ပူးပေါင်းပြီး ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ခုလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြဖို့ အချိန်တန်ပါပြီ။

ဒါကြောင့် ကျွန်တော့်အနေနဲ့ နောက်ဆုံးတင်ပြလိုတာကတော့– ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်ချင်းပြည်နယ်အတွက် – အောက်ချင်းမောင်နှံနဲ့ တောင်ဇလပ်ပန်းပုံပါတဲ့ ချင်းပြည်သစ်ကွန်ဂရက်ပါတီကို ချင်းပြည်နယ် မဲဆန္ဒရှင်ပြည်သူတိုင်းက ထောက်ခံမဲ ပေးကြပါစို့လို့ မေတ္တာရပ်ခံ ပန်ကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးဘေးကင်းရန်ကွာ ကျန်းမာချမ်းသာကြပါစေ။

# ရခိုင်တိုင်းရင်းသားများပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၂

**ရခိုင်တိုင်းရင်းသားများပါတီဥက္ကဋ္ဌ ဦးဘရှိန် က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



မဲဆန္ဒရှင် မိဘပြည်သူအားလုံး ... ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party– RNP)၏ ဥက္ကဋ္ဌ ဦးဘရှိန် ဖြစ်ပါတယ်။

ရခိုင်တိုင်းရင်းသားများပါတီကို ရခိုင်အပါအဝင် တိုင်းရင်းသားမျိုးနွယ်စု(၇)စုနှင့် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေကို ကိုယ်စားပြုပြီးတော့ ၂၀၂၅-ခုနှစ်၊ ဧပြီလ(၇)ရက်နေ့မှာ ပါတီတည်ထောင်ခွင့်လျှောက်ထားခဲ့ပါတယ်။ ဩဂုတ်လ (၄) ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရခိုင်နိုင်ငံရေးပါတီတစ်ခုအဖြစ် ပါတီမှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်ကပင် မျိုးချစ်ရဟန်းသံဃာတွေအပါအဝင် မျိုးချစ်ရခိုင့်နိုင်ငံရေးသမားတွေက လွတ်လပ်ရေးလှုပ်ရှားမှုနိုင်ငံရေးဖြစ်စဉ်မှာ အမြဲတစေ ပါဝင်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက်ပိုင်းမှာလည်း ရခိုင့်နိုင်ငံရေးသမားတွေဟာ အစဉ်တစိုက်နိုင်ငံရေးနယ်ပယ်မှာ ဖြတ်သန်းနေကြပါတယ်။ လွတ်လပ်ရေး မရခင်ကာလကပင် ရခိုင်ဒေသကို ပြည်နယ်တစ်ခုအဖြစ်သတ်မှတ်ဖော်ဆောင်ပေးဖို့ ရခိုင့်မျိုးချစ်နိုင်ငံရေးသမားတွေက အမြဲကြိုးပမ်းအားထုတ်ခဲ့ကြပါတယ်။ သို့သော်လည်း ၁၉၄၇ - ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါ်ပေါက်လာတဲ့အခါ ရခိုင်ဒေသကို တိုင်းတစ်တိုင်းအဖြစ်သာ အသိအမှတ်ပြုခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပေါ်ပေါက်လာတဲ့အခါ ပြည်နယ်(၇)ခုနဲ့ တိုင်းဒေသကြီး (၇)ခုကို အဆင့်အတန်းတူ သတ်မှတ်ပြီး တိုင်းနှင့် ပြည်နယ်အားလုံးမှာ ဥပဒေပြုခွင့်အာဏာ အသင့်အတင့်ရလာပါတယ်။ ရခိုင်ဒေသခံတိုင်းရင်းသားပြည်သူအားလုံး၏ လိုအပ်ချက်တွေကို ခေတ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ပေးနိုင်ဖို့အတွက် ရခိုင်ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခွင့်နှင့် ရခိုင်ပြည်နယ်အစိုးရ၏စီမံခန့်ခွဲပိုင်ခွင့်တွေကို ပိုပြီးလုပ်ပိုင်ခွင့်ရလာအောင် ကျွန်တော်တို့ ဆက်လက်ကြိုးစားကြရပါမယ်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်ရာမှာလည်း အခြားတိုင်းရင်းသား လူမျိုးအားလုံးနှင့် ပူးပေါင်းပါဝင်နိုင်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်တဲ့အခါ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားတွေက မိမိတို့၏ အမျိုးသားရေးလက္ခဏာ(National Identity) ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပါဝင်ဖို့ လိုအပ်တယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် ရခိုင်တိုင်းရင်းသားများပါတီ(RNP) ကို တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

လာမယ့် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ရခိုင်တိုင်းရင်းသားများပါတီက ရခိုင်ပြည်နယ်အတွင်းကျင်းပမယ့် မဲဆန္ဒနယ်အားလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ တင်သွင်းထားလို့ ရှိပါတယ်။

ကျွန်တော်တို့ရခိုင်တိုင်းရင်းသားများပါတီ (RNP)၏ အဓိကမျှော်မှန်းချက်တွေကတော့

(က) တိုင်းရင်းသားအားလုံး တန်းတူညီမျှမှုရှိပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရန်။

(ခ) ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ ပါတီတစ်ရပ်အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းတွေနှင့် ပူးပေါင်းပါဝင်ဖြေရှင်းသွားရန်။

(ဂ) ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတွေ အချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

(ဃ) ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို အလေးထားကြိုးပမ်းဆောင်ရွက်သွားရန်။

(င) ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

(စ) ဌာနေတိုင်းရင်းသားများအရေး၊ တိုင်းရင်းသားလူမျိုးစုများအရေး၊ နိုင်ငံသားအခွင့်အရေး၊ နိုင်ငံခြားသားအခွင့်အရေးစသည့် အခွင့်အရေးတွေကို တည်ဆဲဥပဒေများနှင့် အညီ ဆောင်ရွက်သွားရန် ဆိုတဲ့အချက်တွေ ဖြစ်ပါတယ်။

နောက်ပြီးတော့ ရခိုင်ပြည်နယ်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် လူမှုစီးပွားရေးစသည့် လုပ်ငန်းစဉ်တွေကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်ဆောင်ရွက်သွားဖို့ ရည်မှန်းချက်တွေလည်း ချမှတ်ထားပါတယ်။

မိဘပြည်သူမဲဆန္ဒရှင်အပေါင်းတို့ ကျွန်တော်တို့ ပြည်သူတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကပင် ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုတွေကြောင့် မိမိတို့ ဇာတိဒေသကိုစွန့်ခွာပြီး ဒေသအသီးသီးသို့ ရောက်သွားကြပါတယ်။

ယခု ရခိုင်ပြည်နယ်မှာ နိုင်ငံတကာစီမံကိန်းကြီး(၂)ခု ဖော်ဆောင်ဖို့ ရှိနေပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ စစ်တွေမြို့ကို ဗဟိုပြုပြီး ကုလားတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်နေသလို ရခိုင်ပြည်နယ် တောင်ပိုင်းမှာ ကျောက်ဖြူမြို့ကို ဗဟိုပြုပြီးတော့ ရေနက်ဆိပ်ကမ်းအပါအဝင် အထူးစီးပွားရေးဇုန် (SEZ) စီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်နေပါတယ်။ ဒီစီမံကိန်းကြီးတွေ အောင်မြင်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းအများအပြားတိုးတက်ဖွံ့ဖြိုးလာပြီး အခြေအနေကောင်းတွေ ပေါ်ပေါက်လာပါမယ်။ အဲဒါကြောင့် ရခိုင်တိုင်းရင်းသားများပါတီ (RNP) အနေဖြင့် ဒေသစီမံကိန်းကြီးတွေ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာဖို့ အတွက် အထူးမျှော်လင့် ထောက်ခံအားပေးပါတယ်။

မာန်အောင်ကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်လို့ တင်ပြလိုပါတယ်။

မာန်အောင်ကျွန်းရဲ့ ကျွန်းပတ်လည်မှာ လှပတဲ့ပင်လယ်ကမ်းခြေတွေ ရှိပါတယ်။ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာအကောင်းဆုံး ဒေသ ဖြစ်ပါတယ်။ အဓိကအချက်ကတော့ ဒေသကိုသွားလာနိုင်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ ဒေသခံပြည်သူတွေ လျှပ်စစ်မီးအသုံးပြုနိုင်ရေးတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကို ဒေသခံပြည်သူနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက စိတ်ဝင်တစား ဖော်ဆောင်ဖို့လည်း လိုပါတယ်။

မာန်အောင်ကျွန်းမှာ ဆိုလာလျှပ်စစ်အားသုံး စက်ရုံအများအပြား တည်ဆောက်လို့ ရနိုင်ပါတယ်။ ခအုန်းမော်ဒေသမှာ တည်ဆောက်ထားတဲ့ ဆိုလာလျှပ်စစ်ဓာတ်အားသုံး စက်ရုံအဟောင်းကို စနစ်တကျ ရင်းနှီးမြှုပ်နှံပြီး ကျွမ်းကျင်မှုနည်းပညာတွေနှင့် ပေါင်းစပ်ပြီး ပြန်ပြင်လိုက်ရင် မာန်အောင်မြို့အတွက် အလျင်အမြန် ဆိုလာလျှပ်စစ်ဓာတ်အား ရနိုင်ပါတယ်။ မာန်အောင်လေယာဉ်ကွင်းကို အနည်းဆုံး ATR-72 လေယာဉ်အမျိုးအစားတွေ ဆင်းသက်နိုင်တဲ့ လေယာဉ်ကွင်းအဖြစ် တည်ဆောက်ဖို့လိုပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ရင် ခရီးသွားလုပ်ငန်းကို အကြောင်းပြုပြီး အလုပ်အကိုင်အခွင့်အလမ်းအများအပြား ပေါ်ပေါက်လာမယ်။ ဒေသအသီးသီးသို့လေကြောင်းနဲ့ အလျင်အမြန်ဆက်သွယ်ရေး ခရီးပေါက်သွားပါမယ်။ မာန်အောင်ကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ဖို့ အထက်ဖော်ပြပါ လုပ်ငန်းတွေကို မလွဲမသွေ ကြိုးပမ်း အားထုတ်ရမယ်လို့ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားများ ပါတီ(RNP)က အလေးအနက်



ခံယူထားကြောင်းကိုလည်း ဖော်ပြလိုပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူ အပေါင်းတို့ ............**

ကျွန်တော်တို့ ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စု၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်တွေမှာ ပြည်သူ့အသံကို အလေးထားဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။

ရခိုင်ပြည်နယ်ပြည်သူလူထု၏အသံကို ကိုယ်စားပြုနိုင်ရေးအတွက် မဲဆန္ဒရှင်ပြည်သူအပေါင်းက ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားများပါတီ(RNP)၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအများစုကို လွှတ်တော်အသီးသီးသို့ ရောက်သွားအောင် ဆန္ဒမဲပေးကြပါလို့ တောင်းဆိုလိုပါတယ် ............

**ရခိုင်ပြည်သူအပေါင်းတို့......**

ကျွန်တော်တို့ ရခိုင်ပြည်နယ်ဒေသတစ်ခုလုံးမှာ ယခုအခါမှာ လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် မြို့ကလူတောကိုရောက်၊ တောကလူမြို့ကိုရောက်၊ ပြည်မဒေသအများအပြားသို့လည်း အိုးအိမ်စွန့်ခွာရောက်သွားကြပါတယ်။ အဲဒီနေရာ အသီးသီးမှာ အခက်အခဲပေါင်းစုံနှင့် ရင်ဆိုင်နေကြရပါတယ်။ ရခိုင်ပြည်သူတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲပဋိပက္ခတွေကို ဖြစ်နိုင်သမျှ နည်းလမ်းတွေကိုရှာပြီး ဖြေရှင်းရပါမယ်။ ဒီရွေးကောက်ပွဲကတစ်ဆင့် ပြည်သူတွေက တာဝန်ပေးရင် ကျွန်တော်တို့ပါတီက ဒီအခက်အခဲတွေ ပဋိပက္ခတွေကို အစွမ်းကုန်ကြိုးစားဖြေရှင်းမယ်လို့ အလေးအနက်ခံယူထားပါကြောင်းကိုလည်း တင်ပြလိုပါတယ်။ ဆက်လက်ပြီး ကျွန်တော်တို့ RNP ပါတီ၏ စည်းရုံးရေးသီချင်းကို နားထောင်ပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါရေ

**ပါတီ၏သီချင်းစာသား**

RNP

**တေးရေး/တေးဆို မင်းထီး**

**မူပိုင် – RNP**

၁။ RNP *** ရခိုင်အမျိုးသား *** အားမာန်ကို *** စုစည်းလို့ **
စွမ်းဆောင်ဖို့*** လိုနေလို့ ဖွဲ့စည်းခဲ့တဲ့ *** အားလုံးအတွက် ***
ရခိုင်ပါတီ ...

၂။ အလျင်ခါက *** ဖြေရှင်းလို့ *** မရနိုင်ခဲ့ *** လူ့အသိုင်းအဝိုင်း
*** ကြားမှာလည်း စံချိန်မမီ ***
ကိုယ့်ရပ်ကိုယ့်ရွာကို *** ထားပစ်ခဲ့သူ *** ပြန်လာပါ .........

၃။ ပင်ကိုရိုးသားမှုနဲ့***ငါတို့ရဲ့ *အမျိုးဘာသာ ***တခြားအရာနဲ့***
နှိုင်းဆ ဖို့က** လုံးဝမဖြစ်နိုင် *** ပင်လယ်လေ ***သန့်ရှင်းမှုနဲ့
*** ကိုယ့်ရိုးရာ အစားအစာ***
ဒီတစ်ခါ *** ရောက်လို့ရှိရင် *** မပြန်ပြီဟေ့ ..

၁။ ************** ပြန်ဆို

၄။ သာယာတဲ့ *** ဖွံ့ဖြိုးမှု *** ဖူးဝေလို့ *** ရောင်နီပျိုးစ *** ငါတို့*
ရခိုင်ပြည်*** ပျော်စရာဝေ *** ကိုယ့်ရပ်ကိုယ့်ရွာမှာ * နေမှာပေါ့
*** Gateway to the world....

၂။ ************** ပြန်ဆို

၄။ ************** ပြန်ဆို

၃။ ************** ပြန်ဆို

## လယ်ဝေးမြို့နယ်၌ ငလျင်ဘေးကြောင့် ပျက်စီးနေအိမ်များအား ထောက်ပံ့ငွေပေးအပ်




**နေပြည်တော် နိုဝင်ဘာ ၂၂**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် နိုဝင်ဘာ ၁၉ ရက်က လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပြီး ငလျင်ဘေးကြောင့် ပျက်စီးနေအိမ်များအား ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် မဒေါ့ပင်ကျေးရွာ KC တွင် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် မဒေါ့ပင်ကျေးရွာနှင့် ကန်လှကျေးရွာအခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းဆောင်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ကုမ္ပဏီအား စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ကျောင်းအကျိုးတော်ဆောင်များအား ကျောင်း၏ လိုအပ်သည့်မြေရိယာအကျယ်အဝန်းနှင့် ပြည့်မီစေရေးဆောင်ရွက်ရန်၊ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ရန် မှာကြားခဲ့သည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ငလျင်ဘေးကြောင့်ပျက်စီးသည့်နေအိမ်များအား ထောက်ပံ့ပေးအပ်သည့် အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားကာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ငလျင်ဘေးသင့်နေအိမ် ၄၁လုံးအတွက် ငွေကျပ်သိန်းပေါင်း ၄၉၀၀ အား ပေးအပ်ခဲ့ပြီး ကျန်ရှိသည့်နေအိမ်များအတွက် ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဒက္ခိဏသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မြထွေး ဦးဆောင်၍ အခြေခံကျန်းမာရေးဝန်ထမ်းများက ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းပေါင်း ၂၁ ကျောင်းရှိ KG ကျောင်းသား ၄၈၆ တို့အား နိုဝင်ဘာ ၁၈ ရက်က အာဟာရငါးမျိုးနှင့်ပြည့်စုံသော အစားအစာများ ကျောင်းတွင်းအာဟာရအဖြစ် ကျွေးမွေးခဲ့ပြီး ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြစဉ်။ အောင်သူရဦး(ဒက္ခိဏ)

## မိုင်းဆတ်ခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**မိုင်းဆတ် နိုဝင်ဘာ ၂၂**

မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ နိုဝင်ဘာ ၁၉ ရက်က ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)



## ရေဖြူမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအသိပညာပေး



**ရေဖြူ နိုဝင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ သစ်တောဦးစီးဌာနက ကြီးမှူး၍သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက်က အထက ရေဖြူကျောင်းခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲတွင် ရေဖြူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးနိုင်လင်းအောင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အကြောင်းရင်းများ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ Fire Hotspot များနှင့် သစ်တောထိန်းသိမ်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်မှုဖြင့် ကြိုတင်ကာကွယ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုးပြုစုခြင်းနည်းစနစ်များကို ဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ



**ချောင်းဆုံ နိုဝင်ဘာ ၂၂**

မွန်ပြည်နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ နိုဝင်ဘာ ၁၉ ရက်က ခရိုက်ဒူး(အထက-ခွဲ)ကျောင်း ခန်းမ၌ လူငယ်စကားဝိုင်းကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာနှင့် မြို့နယ်အားကစားမှူး ဒေါ်သက်ငုံဖူးတို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူလေးဦးက စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ သစ်ပင်စိုက်ပျိုးခြင်းအကျိုး၊ လူငယ်နှင့်ကာယပညာနှင့် ကျန်းမာရေးနှင့်လေ့ကျင့်ခန်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ကိုကျော်(ချောင်းဆုံ)

## မူဆယ်မြို့၌ တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေး၊ သစ်တောထိန်းသိမ်းရေး အသိပညာပေးဟောပြော



**မူဆယ် နိုဝင်ဘာ ၂၂**

မူဆယ်မြို့နယ်၌ တောမီးကာကွယ်ရေး၊မီးခိုးမြူငွေ့လျှော့ချရေး၊ သစ်တောထိန်းသိမ်းရေး (ခရိုင်အဆင့်) အသိပညာပေးဟောပြောပွဲကို မူဆယ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၉ ရက်က ဆောင်ရွက်သည်။

ဦးစွာ ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလွှမ်းမိုးအောင်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ ဖြစ်ပေါ်လာရခြင်းအကြောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဆန်းဦးက မီးခိုးမြူငွေ့ဖြစ်ပေါ်လာခြင်းမှ လျှော့ချစေရန်အကြောင်း၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က မီးခိုးမြူငွေ့အဓိပ္ပာယ်နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံ၊ မီးခိုးမြူငွေ့အမျိုးအစားများနှင့် ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ သစ်တောဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမိုးဟိန်းက မြန်မာနိုင်ငံတွင် တွေ့ရှိရသော သစ်တောအမျိုးအစားများ၊ သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော သစ်တောသစ်ပင်ပြုစုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ သစ်ပင်ပျိုးပင်များဖြန့်ဝေပေးမှုအခြေအနေ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများ စသည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့သည်။

ချယ်ရီမြေ(မူဆယ်)



## ငပုတောမြို့နယ် ဝက်ဆူကျေးရွာအုပ်စု၌ မိုးစပါးစံကွက် ရိတ်သိမ်း

**ငပုတော နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဝက်ဆူကျေးရွာအုပ်စု ကွင်းအမှတ် ၁၃၇၂ (ဘီ)၊ ဦးပိုင်အမှတ် (၅၅) တောင်သူဦးကျော်ပု၏ မိုးစပါးစိုက်လယ်မြေ ၇ ဒသမ ၀၀ ဧကရှိ ပေါ်ဆန်းရင် စပါးမျိုးစိုက်လယ်မြေတွင် နိုဝင်ဘာ ၁၉ ရက်က ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြု စံကွက်သုံးမျိုး ရိတ်သိမ်းပွဲပြုလုပ်ရာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမင်းဇင်နိုင်နှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး တစ်ဧကလျှင် ပျမ်းမျှ အစိုတင်း ၅၉ ဒသမ ၄၂ တင်း၊ အခြောက်တင်း ၅၃ ဒသမ ၄၈ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

## သရက်သီးနှင့် နာနတ်သီး အခြေခံအဆင့်မြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**ကိုကိုးကျွန်း နိုဝင်ဘာ ၂၂**

ကိုကိုးကျွန်းမြို့နယ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သရက်သီးနှင့်နာနတ်သီး အခြေခံအဆင့်မြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၈ ရက်က ကိုကိုးကျွန်းမြို့နယ် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီစောက အဖွင့်အမှာစကားပြောကြားပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေခိုင်မြတ်ထွန်းက သရက်သီးနှင့် နာနတ်သီးယိုနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ (၃၈)ဖြာ မင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် နိုင်ငံတော်အဆင့်ဆုရ ကျောင်းသား ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြု

**ချောင်းဆုံ နိုဝင်ဘာ ၂၂**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဗဟိုမှ ကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် (၃၈)ဖြာ မင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ချောင်းဆုံမြို့နယ်မှ နိုင်ငံတော်အဆင့်ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ယမန်နေ့က မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌက အမှာစကားပြောကြားကာ တာဝန်ရှိသူများက နိုင်ငံတော်အဆင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးခဲ့ကြသည်။ အဆိုပါ (၇၅)ကြိမ်မြောက် (၃၈)ဖြာ မင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲဗဟို အဆင့်ပြိုင်ပွဲတွင် ချောင်းဆုံမြို့နယ်မှ မြန်မာဘာသာဖြင့် အငယ်တန်း(ပထမဆု)ရရှိသူ တစ်ဦး၊ မွန်ဘာသာဖြင့် အငယ်တန်း(ပထမဆု)(ဒုတိယဆု)(တတိယဆု)ရရှိသူ သုံးဦး၊ မြန်မာဘာသာဖြင့် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းတို့တွင် အထူးဆုရရှိသူ ကိုးဦးနှင့် မွန်ဘာသာဖြင့် အငယ်တန်း အထူးဆုရရှိသူ သုံးဦး စုစုပေါင်း ၁၆ ဦး ဆုများရရှိခဲ့ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)



## အောင်လံမြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေး

**အောင်လံ အောက်တိုဘာ ၂၂**

အောင်လံမြို့နယ်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ခေါင်းဆောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းလှိုင်က အဂတိလိုက်စားမှုဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး ဦးဝင်းနိုင်က အဂတိလိုက်စားမှုနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းများ ဆက်စပ်ပတ်သက်ဆောင်ရွက်ချက်အကြောင်း၊ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဒေါ်အေးအေးသွယ်က အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ပုဒ်မများအကြောင်း ဆွေးနွေးပေးခဲ့သည်။

အာကာ(မြန်/ဆက်)

## တောင်ကြီးမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအသိပညာပေး ဟောပြော

**တောင်ကြီး နိုဝင်ဘာ ၂၂**

တောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ အခြေခံပညာအထက်တန်းကျောင်း(ဇလဲ) တွင် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၈ ရက်က ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အသိပညာပေး ဟောပြောပွဲတွင် တောင်ကြီးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းအောင်ကျော်ဦးက သစ်တောထိန်းသိမ်းရေး သိကောင်းစရာများအကြောင်းကို လည်းကောင်း၊



တောင်ကြီးခရိုင် သစ်တောဦးစီးဌာနက ဦးစီးအရာရှိ ဦးသူရထိုက်အောင်က တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာများ အကြောင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့သည်။

ပြည်နယ်(မြန်/ဆက်)

## သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**သဲကုန်း နိုဝင်ဘာ ၂၂**

သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက်က ပုတီးကုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း(ပုတီးကုန်း) ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် သဲကုန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနေထက်အောင်က သစ်တောများ ထိန်းသိမ်းခြင်းမှရရှိသော အကျိုးကျေးဇူးများ၊ တောမီးလောင်မှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်း ရည်ရွယ်ချက်များအကြောင်း၊ မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းစေသည့် အကြောင်းအရာများနှင့် တောမီးလောင်မှုမဖြစ်ပွားစေရန် ရှောင်ရှားရမည့်အချက်များ၊ Fire Hotspot များ၏ အကြောင်းရင်းများ၊ ရာသီဥတု ပြောင်းလဲမှုကြောင့် သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်လာသည့် အချက်များ၊ သစ်တော/သစ်ပင် စိုက်ပျိုး ထိန်းသိမ်းခြင်းကြောင့် ရာသီဥတု ကောင်းမွန်လာနိုင်သော အချက်များကို ဆွေးနွေးဟောပြောသည်။

မြို့နယ်(မြန်/ဆက်)





နေပြည်တော် တပ်ကုန်းမြို့နယ် ခုတင် (၁၀၀) ပြည်သူ့ဆေးရုံတွင် နိုဝင်ဘာ ၁၉ ရက်က NNN မိသားစုဝင်များက ကျောက်ကပ်ဆေးစက်လေးစုံ၊ ရေသန့်စက်တစ်စုံ၊ ဆေးနှင့်ဆေးပစ္စည်းမျိုးစုံပေးအပ် လှူဒါန်းရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာခင်မောင်ထွန်း၊ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံအုပ် ဒေါက်တာ ညွန့်ရွှေအောင်တို့က လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်စဉ်။ တင်စိုးလွင်(မြန်/ဆက်)

## မကူးစက်နိုင်သောရောဂါများအကြောင်း ကာကွယ်နှိမ်နင်းရေး အသိပညာပေး၍ ဆေးစစ်ဆေးခြင်း၊ ကုသခြင်းများ ဆောင်ရွက်

**ဖြူး နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် ဖြူးမြို့နယ် ပြည်သူ့ဆေးရုံမှ မကူးစက်နိုင်သောရောဂါများ၊ ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝနေထိုင်မှုပုံစံများအကြောင်း အသိပညာပေးဆွေးနွေးခြင်းကို နိုဝင်ဘာ ၁၉ရက်က ဖြူးမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ကျော်မိုးက ပြည်သူ့ကျန်းမာရေးဌာနများက မကူးစက်နိုင်သောရောဂါများဖြစ်သည့် သွေးတိုးဆီးချို၊ နှလုံးသွေးကြောရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်လေပြွန်ရောင်ရမ်းရောဂါများနှင့် ပတ်သက်၍ အသိပညာပေးပြီး ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံများအကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများအား ကိုယ်အလေးချိန်၊ အရပ် တိုင်းတာခြင်း၊ ဆီးချိုရောဂါ ရှိ မရှိ သွေးဖောက်စစ်ဆေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာခြင်းနှင့် နှလုံးသွေးကြောရောဂါဖြစ်နိုင်ခြေ တွက်ချက်စစ်ဆေးပေးခြင်းနှင့် ရောဂါတွေ့ရှိသူများအား ဆေးကုသပေးခဲ့သည်။

နေမျိုးလွင်(မြန်/ဆက်)

## နိုင်ငံခြားဘာသာတက္ကသိုလ်များ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သော နိုင်ငံခြားဘာသာတက္ကသိုလ်များ သုတေသနစာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပခဲ့ပြီး စကားဝိုင်းဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် ၂၃ ဦးက တင်သွင်းဖတ်ကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(မြန်/ဆက်)





## မော်လမြိုင်ကျွန်းမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၂**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ယမန်နေ့က ဒုတိယအကြိမ်မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုကို လာရောက်ကြည့်ရှုသော ဒေသခံပြည်သူများအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသီဟနိုင်နှင့် အဖွဲ့ဝင်များက တွေ့ဆုံအားပေးခဲ့သည်။

ရဲကိုမောင်(မြန်/ဆက်)

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရောဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ညောင်ငူအုပ်စု မရမ်းချောင်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၂ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၅၀၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၈ ဦး၊ ကလေးရောဂါ ၄၁ ဦး၊ အရိုးရောဂါ ၂၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀၊ မျက်စိရောဂါ ၆၃ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၃၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ငါးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။







ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

၁။ လာပြတာကတော့ မျက်စိအရင်လာပြတာပါ။ မျက်စိပြပြီးတော့မှ အရိုး/အကြောကိုပါ ပြဖြစ်လိုက်တယ်။ ကုသရတာအားလုံးလည်း အဆင်ပြေပါတယ်။ အိမ်နဲ့လည်းနီးတော့ လာပြရတာပိုအဆင်ပြေပါတယ်။ မျက်စိဝေဒနာကတော့ နှစ်လလောက်ရှိသွားပြီ။ အကြောရောဂါ ဖြစ်တာကတော့ တစ်လလောက်ပဲ ရှိသေးတယ်။



ခေါင်းအလွန်ကိုက်တယ်။ ဘယ်လိုမှ နေလို့မရဘူး။ တစ်လလောက်ရှိပြီ ခေါင်းကိုက်တာ။ အိပ်ရာထဲမှာ လှဲနေရတာ။ အဲဒါကြောင့် ကြုံတာနဲ့ လာပြတာပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ အခုလို စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေနဲ့ ဆေးကုသပေးတဲ့သူတွေ အားလုံးကို ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။

၂။ မျက်စိကို ဝါးကိုင်းရိုက်တာ သုံးနှစ်ရှိပြီ။ တပ်မတော်က ဆရာဝန်တွေနဲ့ ဆေးကုသတာ အဆင်ပြေတယ်။ အရင်တစ်ခါ အခုလိုဆေးလာကုတာ မသိလိုက်ဘူး။ ဒီတစ်ခါတော့ သိတာနဲ့ ချက်ချင်း လာကုလိုက်တယ်။ အခုလို ဆေးလာရောက်ကုပေးတဲ့အတွက် ဆရာဝန်တွေ၊ ပါရဂူတွေ၊ ဆရာမတွေ အားလုံးလည်း ကျန်းကျန်းမာမာနဲ့ ချမ်းချမ်းသာသာနဲ့ရှိကြပါစေ။ မိသားစုစိတ်ဓာတ်ရှိကြတဲ့အတွက် အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ စီစဉ်ပေးတဲ့ လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

# သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။




ဦးစွာ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်က ယနေ့ (၂၁) ရာစု မျက်မှောက်ခေတ်ကာလသည် Globalization ခေတ်၊ Information Technology (IT) ခေတ်၊ Artificital Intellenge (AI) ခေတ်ဖြစ်သည်နှင့်အညီ သိပ္ပံပညာရပ်များ၊ ဝိဇ္ဇာပညာရပ်များ၊ အတွေးအခေါ် အယူအဆနှင့် ဖြစ်စဉ်ဖြစ်ရပ်များက လျင်မြန်သောအရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲ ဖြစ်ထွန်းလျက်ရှိကြောင်း၊ အစဉ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း (Learning Society)တွင် မိမိကိုယ်တိုင် အစဉ်လေ့လာသင်ယူမှုကို မြတ်နိုးတန်ဖိုးထားသူ (Love for Learning)၊ အစဉ်လေ့လာ သင်ယူနေသူ (Life Long Learner) ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ဘွဲ့ယူမောင်/မယ်များကို တိုက်တွန်းပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်က ပါရဂူ (IT) ဘွဲ့၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့ရသူများကို သက်ဆိုင်ရာ အထူးပြုဘာသာရပ်အလိုက် ဘွဲ့များချီးမြှင့်ပေးအပ်သည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ ပထမအကြိမ် ဘွဲ့နှင်းသဘင်မှစ၍ ဘွဲ့လွန်ဘွဲ့ကြိုများကို အထူးပြုဘာသာရပ်အလိုက် ဘွဲ့များပေးအပ်ခဲ့ရာ ယနေ့အထိ ၉၂၃ ဦးကို သင်ကြားမွေးထုတ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ဘွဲ့ရရှိပြီးသော ကျောင်းသား ကျောင်းသူများ အားလုံးနီးပါး အလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိသဖြင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် ပြည်တွင်းတက္ကသိုလ်များထဲတွင် ၁၀ စုနှစ်ကာလတစ်ခုအတွင်း ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများကြား ရေပန်းစားသော ထိပ်တန်းအိုင်တီတက္ကသိုလ် တစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မစမ်းပါးကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၂၅၆၀ ရှိသော နယ်မြေကို **"မစမ်းပါးကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၂၅) အရ ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် (၂) ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဒီရေတောပင်များသည် ကပ္ပလီပင်လယ်ပြင်မှ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို တံတိုင်းသဖွယ် တားဆီးကာကွယ်ပေးနိုင်ရန်နှင့် ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသည့် ရေသယံဇာတများ အစဉ်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ တိုင်၊ မျောစသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်လေထုမှ ကာဗွန်များစွာ သိုလှောင်ထိန်းညှိပေးနိုင်ရန်၊ လူသားတို့၏ စနစ်မကျသော မြေအသုံးချမှုများအား သစ်တောဥပဒေနှင့်အညီ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန်၊ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မစမ်းပါးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် အဆိုပါ ဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ငှက်(ခ)နှံဖြူး၊ ကနစို၊ လန်းဘဲ၊ ကျနု၊ ပင်လယ်အုန်း၊ ကဗျိုင်၊ ဘူးဇရပ်၊ လမု၊ သမဲ့၊ မဓမပင်၊ ခရာ၊ ဇလိပ်နွယ်နှင့် တမော်စသည့် ဒီရေတောပင်များပေါက်ရောက်မှုအား ရေရှည်တည်တံ့စေရန် ကာကွယ်နိုင်ခြင်း၊ ရေငန်ငါးအမျိုးမျိုး၊ ခရုမျိုးစုံ၊ ကဏန်းမျိုးစုံ၊ ပုစွန်မျိုးစုံ၊ ဗျိုင်း၊ ဗျိုင်းအောက်၊ ကြက်တူရွေး၊ သိန်းငှက်၊ ပန်းဧင်ငှက်၊ ငှက်စလုံ (ဒင်ကျီးငှက်)နှင့် ငှက်တုံးငှက်မျိုးများ ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်ခြင်း၊ ဒေသခံများအတွက် ဆူနာမီမုန်တိုင်းအစရှိသော သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေခြင်း၊ သား၊ ငါး၊ ပုစွန်များ ခိုအောင်းပေါက်ပွား ရှင်သန်နိုင်သဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာနိုင်ပြီး ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားလာစေခြင်း၊ ဒေသခံများအတွက် အခြေခံလိုအပ်သည့် သစ်၊ တိုင်၊ မျော၊ ထင်း၊ လောင်စာများအတွက်လည်း အထောက်အကူပြုစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



## ဒက္ခိဏသီရိအသေးစားနှင့် အလတ်စားစက်မှုဇုန်လုပ်ငန်းရှင်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေး



**နေပြည်တော် နိုဝင်ဘာ ၂၂**

ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စားစက်မှုဇုန်လုပ်ငန်းရှင်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့တွင် ဒက္ခိဏသီရိမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ကမ္ဘာနှင့်အဝှမ်း ဆိုးရွားသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်ပေါင်းများစွာကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အဆိုပါပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ လျော့ပါးစေရေးအတွက် ဝိုင်းဝန်းဖြေရှင်းရာတွင် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များသာမက လူသားတစ်ယောက်ချင်းစီတိုင်းကပါ တာဝန်သိသိဖြင့် လက်တွေ့ကျကျ ဆောင်ရွက်ကြရန် လိုအပ်ကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ သဘောတရားများကို ရှင်းလင်းပြောကြားပြီး Myanmar Survey Research Company Limited (MSR) Environmental Consultant ဒေါက်တာအေးအေးစောက "Air and Water Pollution: Mitigation and Management in Industrial Zones" အကြောင်းဆွေးနွေးပို့ချကာ လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်သည့် ဒေါ်သန္တာလှိုင်နှင့် ဦးအောင်ကိုကိုတို့က သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု စီမံကိန်း အဆိုပြုလွှာရေးသားပြုစုခြင်းနှင့် ရေးဆွဲတင်ပြခြင်းများကို ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**

## ကြို့ပင်ကောက်မြို့နယ်၌ အီလက်ထရောနစ်မဲပေးစက် အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**ကြို့ပင်ကောက် နိုဝင်ဘာ ၂၂**

ကြို့ပင်ကောက်မြို့နယ်တွင် အီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို နိုဝင်ဘာ ၂၀ ရက်က အနောက်မြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈ အုပ်စု၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲနိုင်စိုးက အီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်ကို ပြည်သူများ သိရှိနိုင်ရေးရည်ရွယ်၍ အသိပညာပေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိမဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေးပြီး မဲရလဒ်မှန်၊ မမှန် စိစစ်ခြင်းစသည့် မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

**ဇေယျာထွန်း(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**တိုက်ကြီး နိုဝင်ဘာ ၂၂**

တိုက်ကြီးမြို့နယ်၌ လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်း(သက်တံ့ရောင်သမဝါယမဖွံ့ဖြိုးရေးစီမံကိန်း)ဖြင့် မြို့နယ်သမဝါယမအသင်းစုမှတစ်ဆင့် တဘူးစံပြလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ



အသင်းသို့ ထောက်ပံ့ပေးအပ်ထားသော Kubota (70 G Pro) ရိတ်သိမ်းခြွေလှေ့စက်လုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၀ ရက်က တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်နှင့် အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဖွဲ့သည် သက်တံ့ရောင်သမဝါယမဖွံ့ဖြိုးရေးစီမံကိန်အရ ထောက်ပံ့ပေးအပ်ထားသော Kubota (70 G Pro) ရိတ်သိမ်းခြွေလှေ့စက်ဖြင့် တိုက်ကြီးမြို့နယ်အတွင်းရှိ သမဝါယမ အသင်းသားတောင်သူတစ်ဦး၏ မိုးစပါး ဗီယက်နမ် ရက် ၉၀ စပါးရိတ်သိမ်းနေမှု အခြေအနေအား ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဂျိုးဖြူကျေးရွာရှိ ဝါးခမောက်နှင့် ဆန်ကော၊ ဆန်ကာရက်လုပ်သူများ ဖွဲ့စည်းထားသော ဂျိုးဖြူ(စံပြ)ဝါးလက်မှုထည် သမဝါယမအသင်းမှ အသင်းသားများ မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ်၌ အီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ အသိပညာပေး

**သနပ်ပင် နိုဝင်ဘာ ၂၂**

သနပ်ပင်မြို့နယ်တွင် အီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ အသိပညာပေ ရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယမန်နေ့က ကျားခေါင်းကျေးရွာ၊ လွမ်းပြေကျေးရွာ၊ တောဘုတ်စုကျေးရွာ၊ ကျီးပင်ကျေးရွာ၊ ကသစ်ဝိုင်ကျေးရွာ၊ ရွာဟောင်းကျေးရွာ၊ ရစ်ကံလေးကျေးရွာ၊ ငါးချဉ်ပိုင်းရပ်ကွက်များ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက အီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်ကို ပြည်သူများ သိရှိနိုင်ရေးရည်ရွယ်၍ အသိပညာပေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့်ပုံစံတို့ကို ရှင်းလင်းပြောကြားပြီး အီလက်ထရောနစ်မဲပေးစက်အကြောင်း သိကောင်းစရာများ၊ မဲပေးစက်အသုံးပြု၍ မဲပေးခြင်းနှင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်း ဖွင့်လှစ်



**ယင်းမာပင် နိုဝင်ဘာ ၂၂**

ဆားလင်းကြီးမြို့နယ်နှင့် ကနီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ကြီးမှူးဖွင့်လှစ်သည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းဆင့်ပွားသင်တန်းကို ယမန်နေ့က မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကနီမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကနီမြို့နယ်နှင့် ဆားလင်းကြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက မဲရုံအဖွဲ့ဝင်ခန့်အပ်လွှာနှင့် လုပ်ငန်းလမ်းညွှန်စာအုပ်များကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ သင်တန်းဖွင့်



**မော်လမြိုင် နိုဝင်ဘာ ၂၂**

မော်လမြိုင်မြို့နယ်တွင် အီလက်ထရောနစ်မဲပေးစက် MEVM Installation နှင့် ဘက်ထရီတပ်ဆင်မှုဆိုင်ရာ (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ယမန်နေ့က အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ သင်တန်းသား ၉၀ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၁ ရက်က ရွှေဘိုမြို့ပေါ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် ပုဂ္ဂလိကဆေးရုံ သုံးရုံသို့ သွားရောက်ပြီး မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိမှုအား စစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)



## ချမ်းမြသာစည်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေး

**ချမ်းမြသာစည် နိုဝင်ဘာ ၂၂**

ချမ်းမြသာစည်မြို့နယ်တွင် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ထွန်းရတနာကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက လူငယ်များ စာရိတ္တကောင်းမွန်ပြီး ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ ဖြစ်ပေါ်လာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ပေါက်လာစေရန်၊ မူးယစ်ဆေးဝါးအန္တရာယ်၏ ဆိုးကျိုးများ ရှောင်ရှားနိုင်စေရန်နှင့် ပြင်ပအသိပညာဗဟုသုတများကို အသိပညာပေး ဟောပြောခဲ့သည်။

**အလင်းသစ်(ချမ်း/စည်)**

# တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အတွင်းရှိ ကျေးရွာများနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာသို့ ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။







အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ငပုတောမြို့နယ် ချောင်းဝကျေးရွာ ကျောင်းသစ်ကျောင်း ဘုန်းကြီးကျောင်း၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၅၄၄ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၂ ဦး၊ ခွဲစိတ်ရောဂါ ၇၅ ဦး၊ သားဖွား မီးယပ်ရောဂါ ၁၅ ဦး၊ ကလေး ရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၇၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၁ ဦး၊ မျက်စိရောဂါ ၁၀၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၀ ဦး၊ ဓာတ်မှန်ရိုက်လူနာ ရှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၆ ဦး၊ ECG စက် ဖြင့် နှလုံးစမ်းသပ်လူနာ ၃၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့မှ ပါရဂူများက ငပုတောမြို့နယ် ငါးပြေမ(အထက်စု) ကျေးရွာနေ ဦးကြည်နိုင်ဦး၏ ဇနီး ဒေါ်တင်တင်မော်၏ ကိုယ်ဝန်ကို မွန်းလွဲ ၃ နာရီ ၄၈ မိနစ်တွင် ၇ ပေါင် ၂ အောင်စရှိ သမီးရတနာကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့် ကလေးမှာ ကျန်းမာရေးကောင်းမွန် လျက်ရှိသည်။

၎င်းကလေးငယ် အတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း တတိယ အကြိမ်မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်း ဒေသများနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ (၁၈) ကြိမ်မြောက်အထိ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ယခု(၁၉)ကြိမ်မြောက်တွင် ၂၃ ဦးမြောက်၊ ၂၄ ဦးမြောက်နှင့် ၂၅ ဦးမြောက် ကိုယ်ဝန်ဆောင်မိခင်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ကြားသိခဲ့ရသည် -

၁။ ဒီမှာ အခုလာပြတာ သွားရယ် ၊ နှလုံးသွေးကြောကျဉ်းတာရယ် လာပြတာပါ။ အရင်လည်း ဒီလိုပြဖူးပါတယ်။ ဒီဆရာတွေနဲ့ပဲ ECG ဆွဲဖူးပါတယ်။ ECG ဆွဲပြီးသွားလို့ရှိရင် သူကလိုအပ်တာလေးတွေကို ဆေးလည်းပေးတယ်၊ လိုအပ်တာလေးတွေကိုလည်း ညွှန်ကြားပေးပါတယ်။ ဒီတစ်ခေါက်က သွားအမိကပေါ့၊ ဒါပေမယ့် နှလုံးကလည်းပြန်ပြန်အောင့်တဲ့အတွက် အဲဒါလာပြတာပါ။ ကျောင်းတစ်ဖက်နဲ့ဆိုတော့ အခုဒီလိုမျိုးလာပြီးတော့ ကုသပေးတဲ့အချိန်နဲ့ တိုက်ဆိုင်တော့ ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လည်း လှိုက်လှိုက်လှဲလှဲကြိုဆိုတာ၊ကျွန်မတို့အထက်တန်းကျောင်း ကလေးတွေက အကလေးတွေနဲ့လည်း ကြိုဆိုကြပါတယ်။ ဆရာမတွေလည်း ပန်းစည်း ကမ်းပြီးတော့ ကြိုဆိုကြတယ်။ ကလေးအားလုံးလည်း ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွနဲ့ ပါဝင်ကြပါတယ်။

၂။ မနုစ်တုန်းက ဒီသဘော်ပေါ်မှာ ကျောမှာ အဆီအကျိတ်ပေါ်လို့ခွဲတာလည်း ဒီက ဆရာဝန်၊ ဆရာကြီးတွေ၊ ကျွန်တဲ့လူတွေ အားလုံးက ကောင်းကောင်းမွန်မွန်နဲ့ ပြုစုစောင့်ရှောက်ပေးလို့ ကျန်းကျန်းမာမာနဲ့ ဆက်ပြီး အလုပ်လုပ်နိုင်ပါတယ်။ ကျွန်တဲ့သူတွေလည်း ဒီအဖွဲ့တွေနဲ့ လာရောက် ကုသဖို့အတွက် အားလုံးကိုလည်း ဖိတ်ခေါ်ပါတယ်။

၃။ ကလေးနဲ့မိခင်ရဲ့ ကျန်းမာရေးလည်း ကောင်းပါတယ်။ ကလေးလေးလည်း ကျန်းမာရေးကောင်းပါတယ်။ ဒီမှာလာလုပ်ပေးတဲ့ ဆရာတွေ၊ ဆရာမတွေ၊ ဗိုလ်ကြီးတွေ အထူးပဲကျေးဇူးတင်ပြီး ရောဂါဝေဒနာ ခြင်းအပေါင်းမှ ကင်းဝေးပါစေလို့ ဆုတောင်းပေးပါတယ်။

**သတင်းစဉ်**



အောင်လံမြို့နယ် ဒုရင်္ဂဗိုလ်တိုက်နယ်အတွင်း မဲရုံများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် မဲရုံတာဝန်ရှိသူများက နိုဝင်ဘာ ၂၁ ရက်တွင် မီးဘေးလုံခြုံရေးစစ်ဆေးပြီး သရုပ်ပြလေ့ကျင့်စဉ်။ မျိုးသိန်း(ပြန်/ဆက်)

စေတုတ္တရာမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးကာကွယ်ရေး အသိပညာပေးစာစောင်ဖြန့်ဝေပေးခြင်းကို နိုဝင်ဘာ ၂၁ ရက်က စည်ပင်သာယာဈေး၌ ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရှိန်းမင်းထက်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဈေးရောင်း၊ ဈေးဝယ်များထံ ဖြန့်ဝေပေးစဉ်။ ဆန်းကိုကို(ပြန်/ဆက်)



## မွန်ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ လှိုင်ရတနာတိုးချဲ့ အိမ်ရာစီမံကိန်း Zone(C) မြေဧရိယာ (၁၂၉)ဧကပေါ်တွင် အိမ်ရာမြေကွက် ဖော်ထုတ်ခြင်းအား ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် အောက်ပါအတိုင်း စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **အဆိုပြုလျှောက်လွှာ ရောင်းချမည့်ရက် အချိန်၊ နာရီ** - (၂၄-၁၁-၂၀၂၅)ရက် (တနင်္လာနေ့) မှ (၁၂-၁၂-၂၀၂၅)ရက် သောကြာနေ့အထိ(ရုံးချိန်အတွင်း)

(ခ) **အဆိုပြုလျှောက်လွှာတန်ဖိုး** - (၅၀၀၀၀)ကျပ်

(ဂ) **အဆိုပြုလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် နေ့ရက် အချိန်၊ နာရီ** - (၁၇-၁၂-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့) - (၁၆:၃၀)နာရီ

(ဃ) **နေရာ** - မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၊ ကျိုက္ခမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့

၂။ တင်ဒါခေါ်ယူမှုနှင့်စပ်လျဉ်း၍ ယှဉ်ပြိုင်သည့်ကုမ္ပဏီမှသာ သိစေအပ်သည့် အသေးစိတ်အချက်အလက်များကို အခြားလူပုဂ္ဂိုလ်(သို့မဟုတ်) အဖွဲ့အစည်းသို့ ထုတ်ဖော်ပြောဆိုခြင်းမပြုပါကြောင်း သဘောတူညီချက် တင်ပြမှုဖြင့် လျှောက်လွှာရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာတင်သွင်းသူများထံ အဆိုပြုလွှာဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းကြားပေးပါမည်။

၄။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၅၂၃၂၂၅၂ နှင့် ၀၉-၄၂၀၇၀၁၉၆၀ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

# ချယ်ဆီးအသင်းက နီတို၊ ဖာနန်ဒက်စ်တို့၏ သွင်းဂိုးများဖြင့် ဘန်လေအသင်းကို ဂိုးပြတ်အနိုင်ရ

နိုဝင်ဘာ ၂၂ ရက် ည ၇ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ် ၁၂ တွင် ချယ်ဆီးအသင်းက နီတို၊ ဖာနန်ဒက်စ်တို့၏ သွင်းဂိုးများဖြင့် ဘန်လေအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

တန်းဆင်းဇုန် ဖိအားရှိပြီး ရှုံးပွဲဆက်မှုကို ချေဖျက်ရန် အသင်းကိုအကောင်းဆုံးပြင်ဆင်လာသော ဘန်လေအသင်းသည် ခြေစွမ်းကောင်း အချို့ပြသနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမား ဆန်းချက်ဇ်တို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့်အတွက် နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ပြီး ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

ပြီးခဲ့သည့် ရာသီ ၃၆ ပွဲတွင် ခြောက်ဂိုးသာ သွင်းယူထားနိုင်သော ဖာနန်ဒက်စ်သည် ယခုနှစ်ရာသီတွင် ၁၂ ပွဲကစားပြီး သွင်းဂိုး လေးဂိုးရှိလာပြီဖြစ်သည်။ ချယ်ဆီးအသင်းက ဂိုးပေါက်ကန်သွင်းမှု အသာနှင့်အတူ ဘန်လေအသင်းကို ပွဲချိန်အများစု ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၃၇ မိနစ်နှင့် ၈၈ မိနစ်တို့တွင် နီတိုနှင့် ဖာနန်ဒက်စ်တို့က သွင်းယူပေးခဲ့သည်။

ချယ်ဆီးအသင်းသည် ယခုနိုင်ပွဲကြောင့် ပရီမီယာလိဂ် ၁၂ ပွဲကစားပြီး နိုင်ပွဲ ၇ ပွဲနှင့်အတူ ရမှတ် ၂၃ မှတ်ဖြင့် ဦးဆောင်သူ အာဆင်နယ်အသင်းကို ဖိအားပေးနိုင်ခဲ့သည်။ ပြိုင်ဘက် ဘန်လေအသင်းက ၁၂ ပွဲကစားပြီး ရှုံးပွဲ ရှစ်ပွဲ အထိရှိလာပြီဖြစ်သည်။

**အောင်ဇော်**

ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

## သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်မှုမရှိသည့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်သိမ်းဆည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ရွှေးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၆၄)၊ ကျောက်တံခါးကွင်းအတွင်း၌ ဦးတင်လတ်မှ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းလုပ်ကိုင်ခွင့်ရရှိသည့် ဧရိယာ(၁၈.၅၄)ကေတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရယူထားပြီး(၄)နှစ်ကျော်လွန်သည်အထိ မြေပြင်တွင် အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ခြင်းမရှိသဖြင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြန်လည်သိမ်းဆည်းနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်ရရှိသူ ကာယကံရှင်အနေဖြင့် သိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန (မင်းလှမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော မိတ္ထီလာမြို့၊ မြို့မ(၄)၊ ပန်းတိမ်တန်းရပ်ရှိ AH LEIN ၁၃/တကန (ပြု)၀၀၀၀၉၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်၊ အကွက်အမှတ်(၁/လင်းဇင်း)၊ ဦးပိုင်အမှတ်(၁၁၂-င/၁)၊ ဧရိယာ(၀.၀၇၀)ကေ၊ အကွက်အမှတ်(၄/ဆိုင်းတန်း)၊ ဦးပိုင်အမှတ် (၇၃/၁၀၂-က)၊ ဧရိယာ(၀.၂၁၄)ကေ စုစုပေါင်းဧရိယာ(၀.၂၈၄)ကေရှိ ဒေါ်နှင်းဖြူ (ခ)ဒေါ်ရန်ချင်းဖုံ(၁၃/ကလန(နိုင်)၀၁၇၁၀၆)အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်ထဲမှ အရှေ့ဘက်တောင်မြောက်(၁၁၃)ပေ၊ အနောက်ဘက် တောင်မြောက်(၁၄၂)ပေ၊ မြောက်ဘက် အရှေ့အနောက်(၁၂၃)ပေ၊ တောင်ဘက် အရှေ့အနောက် (၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်နှင်းဖြူ(ခ)ဒေါ်ရန်ချင်းဖုံထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးဦးLL.B**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၀၄၇၅(၂၆-၃-၂၀၁၅)**
**ပန်းတိမ်တန်းရပ်၊ မိတ္ထီလာမြို့။**
**ဖုန်း-၀၉-၄၃၀၇၇၄၂၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အမှတ် ၇၇၇(အုတ်ကျင်းလမ်း)ခေါ် အမက(၄၉) ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ ဦးထွန်းစိန်ကုန်း၊ အမှတ် ၂၁၁၇ဟုခေါ်တွင်သော မျက်နှာစာ ၇၅ပေ၊ နောက်ပိတ် ၇၉ပေ၊ ရှေ့နောက် ၁၂၀ပေ ကျယ်ဝန်းသော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးတော်မီသန်း ၁၂/မဂတ(နိုင်)၁၂၃၇၅၆နှင့် ဒေါ်စုစုကျော် ၁၂/မဂတ(နိုင်)၁၂၃၇၅၅တို့မှ အရပ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေကြီးဖြစ်သူ ဒေါ်အာသီလက်ချ်မီး ၁၂/အစန(ပြု)၀၀၀၁၆၆မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြ လိပ်စာပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားအခိုင်အလုံဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်အကြောင်းကြား လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇင်ဦး(စဉ်-၅၂၂၈၈) (LL.B)(Q)PGDL,CBL**
**အမှတ်/၃၉၇၊ ရွှေစင်(၃)လမ်း၊ (၄၄)ရပ်ကွက်၊ မြောက်ဒဂုံ**
**ဖုန်း-၀၉-၇၅၇၀၁၇၂၈၉၊ ၀၉-၈၉၅၆၃၃၆၂၆**

## ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ် - ၆၉၊ ဘုရားကြီးတောင်ဘက်အကွက်၊ ဦးပိုင်အမှတ်- ၄၃ဃ၊ မြေဧရိယာ-(၀.၀၀၄)ကေရှိ မြေကွက်နှင့်ဦးပိုင်အမှတ် - ၄၄ခ၊ မြေဧရိယာ - (၀.၀၇၀)ကေ၊ စုစုပေါင်းမြေဧရိယာ(၀.၀၇၄)ကေရှိ မြေကွက်သည် သထုံမြို့၊ မြေစာရင်းဦးစီးဌာနရှိ မြို့မြေစာရင်းတွင် (ဦးကြည်စိန်)၊ ဒေါ်တင်တင်ဝင်းတို့ဇနီးမောင်နှံ၏ အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပြီး သတ်မှတ်တန်ဖိုးငွေပေးချေ၍ဝယ်ယူပြီးဖြစ်ပါသောကြောင့် နိုင်ငံတော်သို့သတ်မှတ် အခွန်အခများပေးဆောင်ကာ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုလိုပါသဖြင့် (ဦးကြည်စိန်)-ဒေါ်တင်တင်ဝင်း (သို့မဟုတ်) ထိုသူတို့၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူများသည် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်နှင့် သတ်မှတ်ကာလအတွင်း ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါကဥပဒေ၊လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်သဇင်မော်(၁၀/သထန(နိုင်)၁၀၃၄၁၃)**
**အမှတ် - (၃၆)၊ မင်းလမ်း၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/15630, Honda Dream-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကို ၃/ဘအန(ပြု)၀၀၀၁၃၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)ကော့ကရိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/77425, Honda Dream-C-100P,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွေး ၃/ကကရ(နိုင်)၁၂၉၇၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ကော့ကရိတ်)ကော့ကရိတ်မြို့**

## သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်မှုမရှိသည့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်သိမ်းဆည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၀)၊ မက္ကတန်ကွင်းအတွင်း၌ ဦးဟန်ရွှေမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ကိုင်ခွင့်ရရှိသည့် ဧရိယာ(၁၀.၂၀)ကေတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရယူထားပြီး (၄)နှစ်ကျော်လွန်သည်အထိ မြေပြင်တွင် အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ခြင်းမရှိသဖြင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြန်လည်သိမ်းဆည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မြေလွတ်၊မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်ရရှိသူ ကာယကံရှင်အနေဖြင့် သိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန (မိုးညိုမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ကျိုင်းတုံမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြို့သစ်တိုးချဲ့ရပ်နေ ဒေါ်ဘူးညတ်(၁၃/ကတန(နိုင်)၀၄၈၀၇၀) အမည်ပေါက်ပိုင်ဆိုင်သူ၏ မြေပေးမိန့်အမှတ်(၂၇/၂၀၁၀)၊ ကွင်းအမှတ်(၆၃)၊ မြေဧရိယာ (၀.၀၅၅)ကေနှင့် ကျိုင်းတုံမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြို့သစ်တိုးချဲ့ရပ်နေ ဦးရှဲလော (၁၃/ကတန (နိုင်)၀၃၅၉၁၅) အမည်ပေါက်ပိုင်ဆိုင်သူ၏ မြေပေးမိန့်အမှတ် (၅/၂၀၁၆)၊ ကွင်းအမှတ်(၆၃)၊ မြေဧရိယာ(၀.၀၅၅)ကေရှိ မြေပေးမိန့်စာရွက်စာတမ်းများသည် ရေကြီးရေလျှံဖြစ်ပွားခြင်းကြောင့် ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်အား မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဘူးညတ်၊ ဦးရှဲလော ဖုန်း-၀၉-၄၀၄၂၀၂၅၃၈**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ မြောက်ဘက်မြို့သစ်(၁၁)လမ်းနေ၊ ဒေါ်သန်းသန်းဆင့် ၇/မလန(နိုင်)၀၂၈၁၁၄ ၏ သားဖြစ်သူ ဦးကိုကိုမောင်သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(မိခင်)ဒေါ်သန်းသန်းဆင့်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲစုနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၆၄)**
**ဌာနကွက်သစ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ မင်းလှမြို့၊**
**ဖုန်း- ၀၉-၄၅၅၃၄၄၁၁၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်ဇေယျာရပ်ကွက်၊ အောင်ဇေယျာ(၁၂)လမ်းတွင် နေထိုင်သူ ဒေါ်သန်းသန်းအေး [၈/မကန (နိုင်)၀၂၉၂၈၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏သမီးဖြစ်သူ မစုဒါလီနှင်း [၈/မကန(နိုင်)၂၅၄၇၄၂]သည် မိခင် ဒေါ်သန်းသန်းအေး၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်အား ဂုဏ်သိက္ခာကျဆင်းစေသည့် ကိစ္စရပ်များကိုပြုမူ၍ စိတ်ဆင်းရဲ၊ ကိုယ် ဆင်းရဲစေခြင်းအစရှိသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပြီး မိခင် ဆိုဆုံးမနေသည့်ကြားမှ မိခင်ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ပြုမူ၍ ၂၀၂၅ ခုနှစ်၊ (၆) လပိုင်းခန့်ကတည်းက နေအိမ်မှ ထွက်ခွာသွားပြီး မိခင်ဖြစ်သူနှင့် ညီအစ်ကိုမောင်နှမတို့အား စိတ်ဆင်းရဲစေသောကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါ ၎င်း၏ သဘောဆန္ဒအတိုင်း ဆောင်ရွက်နေသူဖြစ်၍ ယနေ့သတင်း စာကြေညာသည့်ရက်မှစ၍ မစုဒါလီနှင်းအား သမီးအဖြစ်မှ တရားဝင်အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် မစုဒါလီနှင်းနှင့် နှစ်ဦးသဘောတူပြုလုပ်ထားသော ငွေရေးကြေးရေး အရှုပ်အရှင်းပြဿနာများ၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့် ကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သိင်္ဂီဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၆၃/၂၀၁၇)**
**အမှတ်(၁၄/၂၂၃)၊ ပေါင်းလောင်း(၁၀)လမ်း၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၂၀၇၁၇၄၀၁**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်ဇေယျာရပ်ကွက်၊ အောင်ဇေယျာ(၁၂) လမ်းတွင် နေထိုင်သူ ဦးကျော်ဇင်ထက် (၈/မကန(နိုင်)၂၉၃၅၀)၏ လွှဲအပ်ညွှန်ကြားချက်အတိုင်း အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ညီမဖြစ်သူ မစုဒါလီနှင်းမှာ မိဘ၊ ညီအစ်ကို မောင်နှမများ၏ ဆိုဆုံးမမှုအား နာခံမှုမရှိဘဲ ၎င်း၏စိတ်သဘောဆန္ဒအတိုင်း နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ၎င်းနှင့် နှစ်ဦးသဘောတူပြုလုပ်ထားသော လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် ငွေရေးကြေးရေးအရှုပ်အရှင်းပြဿနာတို့အား ကျွန်ုပ်မိတ်ဆွေ၏ မိသားစုများမှ လုံးဝသိရှိခြင်းမျိုးမရှိပါသဖြင့် ကျွန်ုပ်မိတ်ဆွေမိသားစုနှင့်ပတ်သက်၍ Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေမိသားစုဝင်များပါဝင်သည့် ဓာတ်ပုံများ၊ စာသားများ၊ ရေးသားချက်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရေးသားခြင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မဟုတ်မမှန်ဖန်တီးခြင်း၊ ကျွန်ုပ်မိတ်ဆွေမိသားစု စိတ်အနှောင့်အယှက်ဖြစ်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အခြားမည်သည့်နည်းလမ်းများနှင့်ဖြစ်စေ၊ ဂုဏ်သိက္ခာ ကျဆင်းစေသော အရေးအသားအပြုအမူ ဖော်ပြချက်တစ်စုံတစ်ရာကိုမဆို ကျွန်ုပ်မိတ်ဆွေမိသားစု၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်ဖြစ်စေ၊ လူမှုကွန်ရက်စာမျက်နှာတွင်ဖြစ်စေ ပြုလုပ်ခြင်းများကို ယနေ့သတင်းစာကြေညာပါသည့်ရက်မှစ၍ စိတ်အနှောင့်အယှက်ဖြစ်အောင် ဆက်လက်ဆောင်ရွက်လုပ်ဆောင်နေခြင်းများတွေ့ရှိပါက Facebook Account ပိုင်ရှင်သော်လည်းကောင်း၊ Post များကို Share ပေးသော အခြားအကောင့်ပိုင်ရှင် မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သိင်္ဂီဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၆၃/၂၀၁၇)**
**အမှတ်(၁၄/၂၂၃)၊ ပေါင်းလောင်း(၁၀)လမ်း၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၂၀၇၁၇၄၀၁**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ် ၁၀/တံတားဦးအရှေ့၊ ဦးပိုင်အမှတ် (၄၅-က)၊ မြေ ဧရိယာ ၀ဒသမ ၀၆၇ ဧကရှိမြေအား ဒေါ်ဇင်မီမီအောင် ပါ(၄)ဦးအမည်ဖြင့် စက်မှု/စီးပွား၊ ဦးပိုင်ခွဲ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်ရန်အခွင့်အရေးရှိပါက ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၇၃) [ဒေါ်တင်ရီ (ISN-၅၂၅၄၈၃) အမည်ပေါက်] မြေအလျားxအနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်အား မူလအမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းဌေး(၁၂/တမန(နိုင်) ၀၀၄၆၉၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမြတ်ခိုင်(၁၂/ဒဂတ(နိုင်)၀၄၅၉၀၃)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဝင်းဟန် (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၂၉၆၃)**
**ဖုန်း-၀၉-၄၀၁၅၃၄၂၉၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-တိုးချဲ့ပေါက်တော၊ မြေကွက်အမှတ် ၄၅/က၊ အကျယ်အဝန်း(၃၀'x၆၀')၊ ဧရိယာ(၀.၀၄၁)ကေရှိ ဦးဇော်မိုးမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အရပ်အခေါ် အမှတ် ၄၅/က၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ မြို့သစ် က+ခ ရပ်ကွက်၊ အင်းစိန်မြို့နယ် ဟုခေါ်တွင်သော မြေနှင့်၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးဇော်မိုးမြင့် ၁၂/အစန(နိုင်)၀၀၇၃၂၂ထံမှ ဦးသန့်စင် ၈/ခမန(နိုင်)၀၀၀၃၇၉ မှ ဆက်စပ်စာချုပ်များနှင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မိမိမှ အမှန်တကယ် ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်အောင်မျိုးမှ အထက်ပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ဖော်ပြလိပ်စာပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားအခိုင်အလုံဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်အကြောင်းကြား လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဇင်ဦး(စဉ်-၅၂၂၈၈) (LL.B)(Q)PGDL,CBL**
**အမှတ်/၃၉၇၊ ရွှေစင်(၃)လမ်း၊ (၄၄)ရပ်ကွက်၊ မြောက်ဒဂုံ**
**ဖုန်း-၀၉-၇၅၇၀၁၇၂၈၉၊ ၀၉-၈၉၅၆၃၃၆၂၆**

## မိခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁) Grade-10(E)ခန်းမှ မောင်ယောသပ်ဆေးကျင်ဟောင်၊ အမက(၄)ကျောင်းမှ မလျှင်ပဟ္ပိုင် Grade-4 နှင့် မလန်းနေဌေး Grade-3 တို့၏ မိခင်အမည်မှန်မှာ ဒေါ်တင်ယာနိမ် ၅/လရန(နိုင်)၀၀၈၁၈၁ ဖြစ်ပါကြောင်း။

**ဒေါ်တင်ယာနိမ်**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကန်တုတ်ကျေးရွာအုပ်စု၊ ကန်တုတ်ကျေးရွာနေ ဦးကြည်ဝင်း၏သမီး မယဉ်ယဉ်ချို (၈/မလန(နိုင်)၀၉၈၀၁၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-196801) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၈၇၆၈၉၀၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/5256, BAJAJ MAXIMA-Z, T/W အား ရသေ့တောင်မြို့၊ ကပ်ချောင်းရပ်ကွက်နေ ဦးအောင်သန်းထွန်း ၁၁/ရသတ(နိုင်)၀၆၂၀၈၄ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ အုပ်စုအမှတ် (RA-2)၊ အကွက်အမှတ် (တ-၀၂)၊ အကျယ်အဝန်း (၄၀x၆၀)ပေစီရှိသည့် မြေကွက်အမှတ် (၂၃၃၃)၊ (၂၃၃၅) စုစုပေါင်း(၂)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၎င်းအမည်ဖြင့် ချပေးထားသည့် မြေကွက်များဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသူ ဦးအေးရွှေ (ဘ) ဦးသန်း (၁၂/တတန(နိုင်)၁၀၄၆၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကေသီ(ခ)ရွှယ်ဂျင် (၉/မရတ(နိုင်)၁၀၈၄၂၉)၊ ဒေါ်နန်းမေမျိုးခိုင် (၁/မကန(နိုင်)၁၈၈၃၅၅)တို့မှ (၂၃-၁၀-၂၀၂၅)နေ့စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ငွေချေကတိစာချုပ်"ဖြင့် အပြီးအပိုင်ဝယ်ယူကာ မြေကွက်လွှတ်နှင့် အရောင်းအဝယ်စာချုပ်မူရင်းအား လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသီ(ခ)ရွှယ်ဂျင် (၉/မရတ(နိုင်)၁၀၈၄၂၉)၊ ဒေါ်နန်းမေမျိုးခိုင် (၁/မကန (နိုင်)၁၈၈၃၅၅) တို့မှသာ လက်ရောက်ရရှိပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေများ သိရှိသဘောတူညီခြင်းမရှိဘဲ မည်သူမဆို ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ မြေတိုင်းတာခြင်း၊ မြေပြုပြင်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ဂရန်သစ်လျှောက်ထားခြင်း၊ တစ်နည်းနည်းဖြင့် ပိုင်ဆိုင်ခွင့်ရရှိစေရန် လျှောက်ထားခြင်းများ (လုံးဝ) မပြုလုပ်ပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး တရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉- ၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၆၆၀) ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀x၆၀)ပေရှိ မြေချပါမစ်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးဘိုးစိန်(TSN-၀၈၉၀၆၀)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသိန်းဇော်လင်း(၁၂/ရကန(နိုင်)၀၁၅၂၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရာဇာထွန်း(၁၄/မမန(နိုင်)၂၃၃၈၄)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ်(၁၃) ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ် (R-၇၄)(R-၇၅)(R-၇၆)(R-၉၁)(R-၉၂)၊ ဧရိယာ(၀.၂၃၆)ကေရှိ မြေအား ဦးသက်မျိုးမင်းအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ်(၁၃) ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ် (R-၇၉) (R-၈၀)(R-၈၇)(R-၈၈)၊ ဧရိယာ(၀.၂၂၀)ကေရှိမြေအား ဦးသက်မျိုးမင်းအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ်(၁၃) ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ်(R-၇၇) (R-၇၈)(R-၈၉)(R-၉၀)၊ ဧရိယာ(၀.၁၄၆)ကေရှိမြေအား ဦးသက်မျိုးမင်းအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄၁)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ(၅)ထပ်တိုက်အဆောက်အအုံ(၁)လုံးနှင့် (၁)ခန်းတည်း (၅)ထပ်တိုက်(၁) လုံးရှိ(၁၅x၄၄)ပေအကျယ်ရှိ တတိယထပ်တိုက်ခန်းနှင့် တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေ ပေးချေထား ပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံ သောအထောက်အထား မူရင်းများနှင့်တကွ ဤကြေညာသည့်ရက်မှ (၅)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည် မဟုတ်ကြောင်းနှင့် အဆိုပါတိုက်ခန်းအား ဆက်လက်အရောင်းအဝယ်ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းထူးကျော်**
**အထက်တန်းရှေ့နေ (စဥ်–၅၆၄၄၇)**
**ဖုန်း–၀၉ – ၂၅၄ ၃၂၁ ၀၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇၁)၊ မဏိစည်သူလမ်း၊ မြေကွက်အမှတ်– (၂၂၁၃/က)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ) ဦးမောင်ဘ အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပါမစ် အမည်ပေါက်ကိုယ်တိုင်ဖြစ်သည့် ဦးမောင်ဘ (၁၂/တမန(နိုင်) ၀၈၈၀၃၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှထွေး (၁၂/မရက(နိုင်)၀၀၂၈၈၃) က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ဦး သဘောတူညီထားသည့် အရောင်းအဝယ်ပဋိညာဉ်အတိုင်း ကျန်ငွေပေးချေခြင်း၊ အိမ်မြေကွက်နှင့်တကွ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ လက်ရောက်ရယူခြင်းတို့ ဖြင့် အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးတင်ထွန်း (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဥ် – ၇၇၀၉)**
**အမှတ် – ၂၃၄၁/ခ၊ ကနောင်မင်းကြီး(၄)လမ်း၊ (၇၁) ရပ်ကွက်**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉–၇၉၈၅၄၉၈၄၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ တော်ဝင်လမ်း၊ သီရိရိပ်သာကွန်ဒို၊ အခန်းအမှတ် (B–810)၊ (၁၃၅၀)စတုရန်းပေကျယ်ဝန်း သော ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးလွင်ဌေး (၁၂/ ဗဟန(နိုင်)၀၅၆၃၀၀)က လက်ရှိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်၊ စီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်တော်၏မိတ်ဆွေ ဦးထူးအောင်မြင့်(၁၂/ ဥကတ(နိုင်)၁၈၁၁၅၄)မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့်ငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများ နှင့်တကွ ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက် ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ**
**ဦးအောင်ကောင်းမြင့် အထက်တန်းရှေ့နေ စဥ်–၄၃၅၄၈**
**အမှတ်–၉၆၆(က)၊ ကျော်သူ(၁၈)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၀၀၉၁၃၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ မိုးမခလမ်းသွယ်/ အမှတ် KLP(9) (A06)၊ အလျား (၁၅)ပေ၊ အနံ(၅၀)ပေပေါ်ရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့မှာ ဦးမောင်မောင်ခင်(၁၂/အစန(နိုင်)၁၃၆၉၄၈)နှင့် ဒေါ်ကြူကြူချိန် (၁၂/အစန(နိုင်)၁၃၆၁၂၉)တို့မှ ၎င်းတို့သာလျှင် တရားဝင်လက်ရောက်ရယူ ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မဆန်းဝေသန်း(၁၁/ ရသတ(နိုင်)၀၆၈၄၁၀)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ် နှင့်အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ် မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီဂီမောင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်–၁၄၃၃၅/၂၀၁၈)**
**တိုက်(၁၂)၊ ကွမ်းခြံ(၄)လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22U/8604, DAYANG DY250ZH 7T,3Wheel MC(Truck 3x2 Body) ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းဇော်ဦး ၃/ ဘအန(နိုင်)၁၅၃၁၇၇က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/14557, Yamaha FZ FI–150 ယာဉ် လက်ဝယ်ရှိသူ ဦးဇင်မိုး ၉/မဟာမ (နိုင်)၀၃၅၃၇၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး တောင်ကြီးမြို့ တောင်ကြီးမြို့အား Safety, Smart and Happiness City အဖြစ် ဆောင်ရွက်လျက်ရှိရာ CCTV Control Center RC နှစ်ထပ်အဆောက်အအုံဆောက်လုပ်မည့် လုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တောင်ကြီးမြို့အား Safety, Smart and Happiness City အဖြစ် ဆောင်ရွက် လျက်ရှိရာ **CCTV Control Center (၅၂ပေ x ၃၆ ပေ) RC နှစ်ထပ် အဆောက် အအုံဆောက်လုပ်မည်ဖြစ်ပါ၍** စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များမှ မည်သူမဆို အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံစတင်ရယူနိုင်သည့်နေ့ရက်** | – ၂၅–၁၁–၂၀၂၅ ရက် |
| (ခ) | **တင်ဒါပုံစံ ရယူနိုင်သည့်နေရာ** | – ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဌာနခွဲ(၃)၊ ဌာနစု(၅) |
| (ဂ) | **တင်ဒါတင်သွင်းရမည့်နေရာ** | – ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ဌာနခွဲ(၃)၊ ဌာနစု(၅) |
| (ဃ) | **တင်ဒါမှတ်ပုံတင်ကြေးပေးသွင်းရမည့်နေရာ** | – ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ဌာနခွဲ(၃)၊ ဌာနစု(၅) |
| (င) | **တင်ဒါလျှောက်လွှာပိတ်မည့် နေ့ရက်နှင့်အချိန်** | – ၈–၁၂–၂၀၂၅ ရက် (ရုံးချိန်အတွင်း) |
| (စ) | **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက်နှင့်အချိန်** | – ၉–၁၂–၂၀၂၅ ရက် (ရုံးချိန်အတွင်း) |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဌာနခွဲ(၃)၊ ဌာနစု(၅) အုပ်ချုပ်/ထောက်ပံ့ဌာနစိတ်၊ ဖုန်း ၀၈၁–၂၂၀၂၂၀၈ သို့ ရုံးချိန်အတွင်း စုံစမ်း မေးမြန်းနိုင်ပါသည်။

**တောင်ကြီးမြို့ Safety City ဆိုင်ရာတင်ဒါကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက် အမှတ် ၂၁၂၊ ဧရိယာ ၀.၀၂၈ဧကေ မြေကွက်တည်နေရာအမှတ် ၂၁၂၊ ကျောင်းလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးဝင်းနိုင် ၁၂/ကမတ (နိုင်)၀၀၅၃၆၀ အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင် မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ မြေတိုင်းလျှောက် ထားလာပါသည်။ မြေစာရင်းမှတ်ချက်(၄)ရှိ ၂၀၁၆ ခုနှစ်တွင် ဦးဝင်းနိုင်မှ အရောင်းမြေပုံကူးလျှောက်ထားထုတ်ယူခဲ့သော်လည်း မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိဘဲ အထားအသို မှားယွင်းမှု ကြောင့် ပျောက်ဆုံးသွားပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက် လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၁၇–၉–၂၀၂၅ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာတို့နှင့် ၁၉–၉–၂၀၂၅ရက်စွဲပါ ရှင်းလင်းဝန်ခံကတိ ပြုစာတို့တင်ပြ၍ မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ သီရိ(၇)လမ်း၊ အမှတ် (၂၀/ဘီ)၊ မြေညီထပ်နေ ကွယ်လွန်သူ (ဦးမောင်ထွန်းမြ)၏ ဇနီးဖြစ်သူ ဒေါ်မစော ဖြူ (၁၁/စတန(နိုင်)၀၃၄၉၅၂)၏လွှဲအပ်ညွှန်ကြားချက်အရ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မော်လိပ်ရပ်ကွက်၊ သာစံလှလမ်း၊ အမှတ်(သ၉/၂၅)၊ အကျယ်အဝန်း (၃၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အုတ်ခံ ပျဉ်ထောင်(၂)ထပ် နေအိမ်တို့သည် စစ်တွေမြို့၊ မြေစာရင်းဌာနတွင် ဒေါ်မဲမ အမည်ပေါက်မှတ်သား တည်ရှိပါသည်။ ဒေါ်မဲမနှင့် ဦးမြထွန်းဦးတို့တွင် သားသမီး များဖြစ်ကြသော ၁။ ဦးကျော်မြ၊ ၂။ ဒေါ်မြမေ၊ ၃။ ဦးမောင်ထွန်းမြ၊ ၄။ ဦးမောင် ထွန်းဖြူ၊ ၅။ ဦးမောင် ထွန်းသိန်း တို့မွေးဖွားခဲ့ပါသည်။ ဖခင်ဖြစ်သူ(ဦးမြထွန်းဦး) နှင့် မိခင်ဖြစ်သူ (ဒေါ်မဲမ)တို့ ကွယ်လွန်သွားပြီးနောက် အထက်လိပ်စာပါ အိမ်၊ ခြံ၊ မြေသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ သားသမီး(၅)ဦးမှ အမွေဆက်ခံပိုင်ဆိုင် လာပါသည်။ အမွေဆိုင်တစ်ဦးဖြစ်ပြီး ကွယ်လွန်သူ (ဦးမောင်ထွန်းမြ)၏ဇနီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေအား အသိပေးအကြောင်းကြားခြင်းမရှိဘဲ အဆိုပါအိမ်၊ ခြံ၊ မြေအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်းတို့ ပြုလုပ် ပိုင်ခွင့်မရှိကြောင်းနှင့်ပြုလုပ်ပါက ဖြစ်ပေါ်လာမည့်ကိစ္စအဝဝတို့သည် ပြုလုပ်သူ အပေါ်၌သာ ကျရောက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဇော်ဦး(LL.B)(စဥ်–၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၁၁၅၉၉၀၊ ၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄။**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ဘုရားကြီးကုန်း ကျေးရွာအုပ်စု၊ ဆိတ်ချေးကုန်းနေ (ဘ)ဦးတင်လတ် ၁၄/အမန(နိုင်)၀၀၃၆၆၃၊ (မိ)နော်အေးမေ ၁၄/အမန(နိုင်)၀၀၃၉၀၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ (ဘ) ဦးတင်လတ် ၁၄/အမန(နိုင်) ၀၀၃၆၆၃၊ (မိ) နော်အေးမေ ၁၄/အမန(နိုင်)၀၀၃၉၀၀၊ တို့က ၎င်းတို့၏သားဖြစ်သူ မောင်ဇင် မင်းလတ် ၁၄/အမန(နိုင်)၁၇၁၅၁၅သည် မိဘများ၏ ဆုံးမခြင်းကို နာခံခြင်းမရှိ ဘဲ မိဘများ ခွင့်မလွှတ်နိုင်သည့် ပြုမူပြောဆိုနေထိုင်ခြင်းများ ပြုလုပ်နေသည့် အပြင် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေ၍ ၎င်းအား လက်ခံ နိုင်ခြင်းမရှိတော့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား မိဘနှစ်ပါးဖြစ်သော ဦးတင်လတ်၊ နော်အေးမေတို့မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန်းရွှေ(LL.B) တရားလွှတ်တော်ရှေ့နေ (ADVOCATE)**
**လိုင်စင်အမှတ်စဥ်–၉၂၅၂/ ၂၀၁၃**
**အမှတ်(၁၄)၊ (၁၂)လမ်း၊ အိမ်မဲကြီးရပ်ကွက်၊ အိမ်မဲမြို့။**
**ဖုန်း–09–429740493, 09–778748403**

## လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏၂၀၂၅–၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွင်းငွေလုံးငွေရင်း (ဖြည့်စွက်) ခွင့်ပြု (မြန်မာကျပ်ငွေ) ဖြင့် အောက်ဖော်ပြပါ စက်ပစ္စည်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည် –

"Spare Part for Airfield Lighting System"

(Solar LED Airfield Lighting System for Monywar) 1 Lot

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား (၂၅–၁၁–၂၀၂၅) ရက်မှစတင်၍ (၁–၁၂–၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး၊ (၈–၁၂–၂၀၂၅) ရက် ညနေ ၁၅:၀၀ နာရီတွင် တင်ဒါများ နောက်ဆုံးထားပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါအချက်အလက်များနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း နံပါတ်၊ ၀၉–၂၅၃၆၈၀၆၃၅၊ ၀၉–၉၈၁၄၀၂၄၂၉၊ ၀၉–၄၀၁၆၂၀၇၂၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**လေဆိပ်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ အင်းလေးမြိုင် ရပ်ကွက်၊ ချမ်းမြေ့သာယာ(၂)လမ်း နေ (ဘ)ဦးတင့်လွင်၏သား မောင်နေ မြတ်လင်း ၆/မမန(နိုင်)၂၄၀၂၁၀ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် အောင်လက်မှတ်စာရင်းအရ ၅–၂– ၂၀၀၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပေါင်မြို့၊ အမက စကားဝါကျောင်း G–3မှ မောင်ဟိန်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးအုန်း ကျော် ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဂျန်မော်ရွယ် ၁/မမန(နိုင်)၀၃၁၂၃၁ ၏ ပတ်စ်ပို့နံပါတ် (MI–797562) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း–၀၉–၇၉၈၂၉၉၅၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ဘားအံ မြို့၊ နော်သရေးကျေးရွာနေ (ဘ)ဦးမောင်အောင်၏ သမီး ဒေါ်နော်ဆဲဝါး (ခ)ဒေါ်နော်ဖော ဆဲဝါး ၃/ဘအန(နိုင်) ၂၈၈၂၅၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက ကော့ပေါက်ကျောင်း Grade–7 မှ မနဒီချမ်း၏ ဖခင်အမည် မှန်မှာ မင်းဟုတ်ရှိန် ၁၀/ ကမရ(နိုင်)၁၀၂၇၃၈ ဖြစ်ပါ ကြောင်း။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၁) Grade–5(A)မှ မအေး ချမ်းထက်၏ ဖခင်အမည် မှန်မှာ ဦးစိုးမြင့်ခိုင် ၅/ အတန(နိုင်)၀၅၀၃၀၀ ဖြစ် ပါကြောင်း။

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star Cityရှိ CL–9, Room No.706,Studio Room, အကျယ်အဝန်း(256 Sqft)ရှိ ကွန်ဒိုတိုက်ခန်းနှင့်ယင်း ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ နန်းစန္ဒာနွယ်(၁၂/သလန(နိုင်)၁၅၁၃၀၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေ က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကွန်ဒို တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစား ခွင့်ရှိသည်ဆိုပါက မည်သူမဆိုစာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သန္တာကျော် တရားလွှတ်တော်ရှေ့နေ(စဥ်–၁၁၆၀၄)**
**အမှတ်(၁၁၇/၂၇)၊ H–3၊ ၃–လွှာ၊ ၃၃လမ်း(အလယ်ဘလောက်)၊**
**(၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၀၅၄၅၉၁**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ရွှေလင်ဗန်း – (၂၈)၊ မြေကွက်အမှတ်–(၂၅၆)၊ ဒုဗမက ကျော်မြင့် အမည်ပေါက် လူနေရပ်ကွက်အမှတ်–ဝန်ထမ်းကြီးရှိ (၆၆' x ၆၀') အကျယ်အဝန်း ဖြစ်သော မြေကွက်သည် ကျွန်တော် ဦးကျော်မြင့် (၁၂/အစန(နိုင်) ၁၃၄၅၇၂)အတွက် ပေးအပ်ချထားပေးပြီးသော မြေကွက်ဖြစ်ကာ ရန်ကုန်မြို့ အိုးအိမ်ဦးစီးဌာနမှ ထုတ်ပေးထားသော မြေချပေးပါမစ်မူရင်းမှာ ကျွန်တော်၏လက်ဝယ်ထားရှိ ပျောက်ဆုံးနေပါသဖြင့် ထိုမြေကွက်အား အပြီးပိုင်ရောင်းချထားခြင်း လုံးဝမရှိ ကြောင်းနှင့် ပါမစ်မူရင်းမှာလက်ဝယ်ထားရှိ ပျောက်ဆုံးနေကြောင်းကို အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်မြင့်**
**၁၂/အစန(နိုင်)၁၃၄၅၇၂**
**ဖုန်း–၀၉–၄၂၁၁၂၆၄၅၇**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၄၄) ထမွဲနဲကွင်း၊ မြေကွက်အမှတ် (၄၅၇/ ၁၀၂၇+၄၅၇+၄၅၈+၄၅၉)၊ မြေဧရိယာ ၀ ဒသမ ၁၉၂ ဧကအား တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၁၇.၁.၁၉၉၈) ရက်စွဲပါစာအမှတ်၊ ၅၄၀/ ၅–၄/ တယက (တနင်္သာရီ) အရ အဆောက်အအုံအဖြစ် အသုံးပြုရန် ဦးစိုးသိန်း(ခ)ဦးရှမ်းဝင်းအား လ/န(၃၉) အမိန့် ခွင့်ပြုချထားပေးခဲ့ပြီး ဦးစိုးသိမ်း(ခ)ဦးရှမ်းဝင်း၏ အထွေထွေကိုယ်စား လှယ်ရရှိသူ ဦးထင်ကျော်အောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၆၆/ ၂၀၂၅) ဖြင့် ဦးကျော်မင်းထွန်း၊ ဒေါ်ခင်ခင်မျိုးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးကျော် မင်းထွန်း၊ ၆/မအရ(နိုင်)၀၃၆၉၉၅၊ ဒေါ်ခင်ခင်မျိုး ၆/မအရ(နိုင်)၀၈၄၆၂၀ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၃၀ ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/54935, Kenbo–110,M/C ယာဉ်လက်ဝယ် ရှိသူ ဒေါ်အေးအေးမွန် ၉/မနမ (နိုင်)၀၉၄၅၇၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/29006 ယာဉ်လက်ဝယ်ရှိသူ ဦးကျော် ကျော်နိုင် ၁၁/ကဖန(နိုင်) ၁၁၃၀၈၈ က(ကမ–၃)ပျောက်ဆုံး ၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါ က ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/02229, Honda Wave–100,M/C ယာဉ် လက်ဝယ်ရှိသူ ဦးစိန်လှ ၁၄/ဝခမ (နိုင်)၁၂၄၄၆၆၏ ဖောင်းကြွနံပါတ် ပြားပျောက် လာရောက်လျှောက် ထားလာပါသဖြင့် ကြော်ငြာသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ မြို့နယ်သမဝါယမအသင်းစုလီမိတက် လေလံလျှော်က်လွှာခေါ်ယူခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ စီမံခန့်ခွဲခွင့်ရပိုင်မြေဖြစ်သော တာချီလိတ် အထွေထွေ ရောင်းဝယ်ရေးနှင့်ဆောင်ရွက်မှု သမဝါယမအသင်းလီမိတက်ပိုင် တာချီလိတ်မြို့ ၊ မယ်ခေါင်ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ ၀ ဒသမ ၈၃၃ ဧက တွင်းရှိ မြေကွက်(၄၀x၆၀)ပေ အမှတ်(၁)နှင့် အမှတ်(၂)၊ (၂)ကွက်အား အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | **လေလံလျှော်က်လွှာ ရောင်းချမည့်ရက်နှင့်အချိန်** | - ၂၄-၁၁-၂၀၂၅ ရက် နံနက် ( ၁၀၀၀)နာရီ |
| **(ခ)** | **လေလံလျှော်က်လွှာ ပိတ်မည့်ရက်နှင့်အချိန်** | - ၃၀-၁၁-၂၀၂၅ ရက် (၁၆၀၀ )နာရီ |
| (ဂ) | **လေလံလျှော်က်လွှာ ရောင်းချမည့်နေရာ** | - မြို့နယ်သမဝါယမအသင်းစု လီမိတက် (အသင်းရုံး)ဗိုလ်ချုပ်လမ်း၊ မကာဟိုခမ်း ရပ်ကွက်၊တာချီလိတ်မြို့ |
| (ဃ) | **ဆက်သွယ်ရန်ဖုန်း** | - ၀၉ - ၄၂၈၂၁၁၉၈၂<br>- ၀၉ - ၂၅၁၁၄၉၂၅၈ |

**လေလံဖြစ်မြောက်ရေးကော်မတီ**
**မြို့နယ်သမဝါယမအသင်းစုလီမိတက်**
**တာချီလိတ်မြို့**

## အများသိစေရန် ကြေညာချက်

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇/တိရိစ္ဆာန်မွေးမြူရေးရပ်)၊ ဦးပိုင်အမှတ်-(F.225)၊ ဧရိယာ၀ ဒသမ ၀၈၀ဧကရှိ ဂရန်အမှုတွဲအမှတ်(၁၅၄/၁၉၉၅)ဖြင့် ဦးဖေသိန်းအမည်ပေါက် ပိုင်ဆိုင်သော အိမ်မြေကွက်အား ဒေါ်ရင်မာဦး ၁၂/ရကန(နိုင်)၀၆၀၃၃၂၀ က နှစ်ဦးသဘောတူ အိမ်/မြေကွက် အရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူလက်ရောက်ရရှိပြီး ဖြစ်ပါသည်။ ထိုသို့ဝယ်ယူပြီး အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် သဘောတူထားခဲ့သော်လည်း ဦးဖေသိန်းအား စုံစမ်း၍မရသောကြောင့် ဒေါ်ရင်မာဦး အမည်ပေါက်ဂရန်ရရှိအောင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာ ပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ရင်မာဦး**
**အမှတ်(၂၂၅)၊ ရှမျှော်ခင်းလမ်း၊**
**မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ ဒေါ်နန်းမြင့်မြင့်ထွေး (ဘ) ဦးစောကျင့် ၁၃/ကမန(နိုင်)၀၁၆၇၅၉ တို့၏ သားဖြစ်သူ ဦးစိုင်းလုံမိုးဟိန်း (ဘ) ဦးမောင်နီ ၉/ပသက(နိုင်)၁၃၆၅၉၁ သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ နေ့စဉ်နှင့်အမျှ ကိုယ်ရောစိတ်ပါ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အပြင် နေအိမ်မှဆင်းသွားပါသဖြင့် ဤကြေညာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ပါ၍ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ငွေရေးကြေးရေး၊ အရှုပ်အရှင်းပြဿနာကိစ္စအရပ်ရပ်ကိုမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ မိသားစုဝင်များနှင့် မသက်ဆိုင်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်နန်းမြင့်မြင့်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သင်းသင်းကြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၁၁)**
**(ထထ-၁၅/၂၂)၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း -၀၉-၂၅၉၀၂၈၉၀၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 8H/3372, Ko Light Truck, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထက်ပိုင်စိုးဦး ၉/မတရ(နိုင်)၂၁၉၅၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 60W/28737, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောနိုင်ထွေး ၉/မနတ(နိုင်)၀၇၇၅၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 6D/8514 TOYOTA MARK II GX110 SALOON (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွယ်သွယ်တိုး ၉/မရမ(နိုင်)၀၅၀၅၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၈၄၁၀၂ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးမောင် ၉/ကဆန(နိုင်)၂၅၆၄၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ခြင်း

| | | |
|---|---|---|
| ၁။ **ခေါ်ယူသည့်တင်ဒါ** | - | ရန်ကုန်တက္ကသိုလ် (၁၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် (ဘွဲ့နှင်းသဘင်ခန်းမအတွင်း) ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးရေးလုပ်ငန်း |
| ၂။ **တင်ဒါသက်တမ်း** | - | ၁၈-၁၂-၂၀၂၅ ရက်မှ ၂၁- ၁၂ -၂၀၂၅ ရက် အထိ |
| ၃။ **တင်ဒါပုံစံရောင်းချမည့် နေရာ** | - | ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာန |
| ၄။ **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** | - | ၂၅ -၁၁ -၂၀၂၅ ရက်(အင်္ဂါနေ့) ရုံးချိန်အတွင်း |
| ၅။ **တင်ဒါပုံစံပိတ်မည့်ရက်** | - | ၈ - ၁၂ -၂၀၂၅ ရက်(တနင်္လာနေ့)၊ မွန်းတည့်(၁၂:၀၀)နာရီတိတိ |
| ၆။ **တင်ဒါတင်သွင်းရမည့် ရက်၊ အချိန်၊ နေရာ** | - | ၈-၁၂- ၂၀၂၅ ရက်(တနင်္လာနေ့) မွန်းလွဲ (၂:၀၀) နာရီ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ကောင်စီခန်းမ |

၇။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံရောင်းချမည့် နေရာသို့ လူကိုယ်တိုင်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ရန်ကုန်တက္ကသိုလ်**

## ဖောင်းကြွပျောက် လျှော်က်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၅၉၇၉၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှော်က်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှော်က်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၅၂၅၂၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှော်က်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့-ရပ်ကွက်၊ ၉၂-လမ်း၊ တိုက်အမှတ်-၁၀၃၊ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ မျက်နှာမူလျှင် (ဝဲဘက်)၊ ၄-လွှာ (အေ) အခန်း ၊ အကျယ်(၁၅ ပေx၅၀ ပေ) ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူ လက်ဝယ်နေထိုင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးဖော်ဖော်ကော်ဘိရ်(ဘ) ဦးအဒူမော်တော်လိပ် ၁၁/မတန(ပြု)၀၀၃၂၅၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ခိုင်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်ချို့ပေးချေထားပြီး ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက် ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက် သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L)(တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃၀၈၈)**
**ဖုန်း-၀၉-၄၂၁၁၁၄၈၈၃ ၊ ၀၉-၉၆၁၁၂၂၅၆၅၊**
**အမှတ်-၁၂၀၈၊ မဏိစန္ဒာလမ်း၊ ၆၉-ရပ်ကွက် ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ အမှတ် (၁၁၆၈/က)ဟု ခေါ်တွင်သော (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ ပါမစ်အမည်ပေါက်ဖြစ်သူ ဦးစိုးတင့်(MUN/၂၀၇၁၆၃) မှ ပိုင်ဆိုင်သော မြေကွက်အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်ဇော်မျိုး ၁၂/သဃက(နိုင်) ၀၃၆၀၇၃မှ ၎င်းတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရာ ကျွန်ုပ်မိတ်ဆွေ ဦးမြင့်စန်း ၁၂/သဃက(နိုင်)၀၁၁၈၁၇ မှ တန်ဖိုးငွေ ကျပ်သိန်း(၁၈၀၀)၊ (ကျပ်သိန်း တစ်ထောင့်ရှစ်ရာတိတိ) ဖြင့် ၂၁-၅-၂၀၂၃ ရက်တွင် အပြီးအပြတ်ဝယ်ယူခဲ့ပြီး မြေကွက်အား လက်ဝယ်ရရှိပြီး အဆောက်အအုံဆောက်လုပ်၍ နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမြင့်စန်း ၁၂/သဃက(နိုင်)၀၁၁၈၁၇ တစ်ဦးတည်းသာ ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် ပါမစ်မှမြေဂရန်ရရှိရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၃၅)**
**အမှတ်(၆၇)၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၉၆၄၉၃၃၅၀၇**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှော်က်ထားခြင်း

ယာဉ်အမှတ် 61W/88314 ၏အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှော်က်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၈၂၄၇၈, Jialing JL90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၉/ခမစ(နိုင်)၀၀၈၃၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 79W/18708, Super Anbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပိုးအိစံ ၉/ခမစ(နိုင်)၀၉၁၆၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန တောင်ကြီးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆီဆိုင်မြို့နယ်သမဝါယမဦးစီးဌာန ရုံးအဆောက်အအုံသစ်(၃၆ ပေx ၃၆ ပေ၊ သံကူကွန်ကရစ်(၂)ထပ်ဆောင်)ဆောက်လုပ်ရန်အတွက် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါအမှတ် | အမျိုးအစား | မှတ်ချက် |
|---|---|---|---|
| ၁ | Lot No.1 | သံကူကွန်ကရစ် (၂) ထပ်ဆောင်ရေ၊ မီး၊ မိလ္လာအပါ | ကျပ် |

၂။ အိတ်ဖွင့်တင်ဒါများကို (၂၄-၁၁-၂၀၂၅)ရက်မှစတင်၍ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန တောင်ကြီးမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို (၁၂-၁၂-၂၀၂၅) ရက်နောက်ဆုံးထား၍ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနတွင် လူကိုယ်တိုင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။

**ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန**
**တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ ရွှေပုစွန်လမ်း၊ မြေကွက် အမှတ်(၃၆၃)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ (၂၄၀၀)စတုရန်းပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ် ထားသောနေအိမ်တို့အပါအဝင် ယင်းတို့နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးတို့အား ဒေါ်ခင်စောဝင်း အမည် ပေါက်နှစ်(၆၀)ဂရန်မူရင်းနှင့်အတူ လက်ရှိထားပိုင်ဆိုင်သူ ဦးစိုး ၁၂/မရက(နိုင်)၀၆၅၃၈၅ က ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား မူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ရဲမြင့် LL.B, D.B.L, D.I.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၅၃)**
**စုပေါင်းရုံးပတ်လမ်း၊ မ.ဝ.တလမ်းဆုံမြို့နယ်တရားရုံးအနီး၊**
**(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၉၆၅၄၉၇၉၆၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ အမှတ် (၁၁၆၈/ခ)ဟု ခေါ်တွင်သော (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ ပါမစ်အမည်ပေါက်ဖြစ်သူ ဒေါ်သက်သက်မာ (YKN/၀၁၃၄၅၃) မှ ပိုင်ဆိုင်သော မြေကွက်အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်ဇော်မျိုး ၁၂/သဃက(နိုင်)၀၃၆၀၇၃မှ ၎င်းတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရာ ကျွန်ုပ်မိတ်ဆွေ ဦးမြင့်စန်း ၁၂/သဃက(နိုင်)၀၁၁၈၁၇မှ တန်ဖိုးငွေကျပ်သိန်း(၁၅၀၀)၊ (ကျပ်သိန်း တစ်ထောင့်ငါးရာတိတိ)ဖြင့် ၅-၁၁-၂၀၂၂ရက်တွင် အပြီးအပြတ်ဝယ်ယူခဲ့ရာ မြေကွက်အား လက်ဝယ်ရရှိပြီး အဆောက်အအုံဆောက်လုပ်၍ နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမြင့်စန်း ၁၂/သဃက(နိုင်)၀၁၁၈၁၇ တစ်ဦးတည်းသာ ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် ပါမစ်မှမြေဂရန်ရရှိရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၃၅)**
**အမှတ်(၆၇)၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၉၆၄၉၃၃၅၀၇**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှော်က်ထားခြင်း

ယာဉ်အမှတ် 6W/91925, Honda Wave NP 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဆဲခူဝါး ၁၄/အမန(နိုင်)၀၉၈၀၈၆ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှော်က်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 55W/72337, Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်အေး ၈/ပခက(နိုင်)၂၂၂၇၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**ကလေးမြို့**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 68W/6916 Kamax-125) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျင်းခင်ဒိမ့် ၄/တတန(နိုင်)၀၃၀၅၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက် အတွင်း အောက်ဖော်ပြပါရုံး သို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**ကလေးမြို့**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 46W/58458, (New Anbo-125) ယာဉ်လက်ဝယ်ရှိသူ ဦးဆွေထန် ၅/ကလထ(နိုင်)၁၄၀၃၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ(၃၀) ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**ကလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှော်က်ထားခြင်း

ယာဉ်အမှတ် ၈၅ယ/၅၆၈၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှော်က်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှော်က်ထားခြင်း

ယာဉ်အမှတ် 73W/29480, Wanqiang-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်လွင် ၉/အမရ(နိုင်)၀၇၈၄၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 84W/62940 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်အောင် ၉/အမရ(နိုင်)၁၄၈၉၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှော်က်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြေ့တီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂/၅၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၇-လမ်း (၂၅)၊ ဧရိယာ၀ ဒသမ ၁၁၀ဧကရှိမြေအား ဦးအောင်သန်းမြင့် အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှော်က်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှော်က်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၁၇-၁၁-၂၀၂၅ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှော်က်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လီတွေ့ဘ်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အောင်ချမ်းသာ ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃၆၊ အောင်ချမ်းသာ(ဃ))၊ ဦးပိုင်အမှတ် (၁၈၂-ခ)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေအား ဦးဇော်ထက်အောင်၊ ဒေါ်မြင့်မြင့်သန်း အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှော်က် ထားရာကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှော်က်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၁၉-၁၁-၂၀၂၅ ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှော်က်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ကော်လီတွေ့ဘ်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## မန္တလေးတိုင်းဒေသကြီး
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု(ငွေလုံးငွေရင်း) အသုံးစရိတ်ခေါင်းစဉ်အောက်မှ မူလနှင့်ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စမုံရေလုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်ခြင်းနှင့် ကင်းတားလက်ဝဲမြောင်း ပေတိုင်-၁၃၄၂၀၀ရှိရေလုပ်ပြွန်(စမုံရေလုပ်ပြွန်)အသစ် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများတွင်ဆောင်ရွက်မည့်လုပ်ငန်းများအနက် တင်ဒါခေါ်ယူရန်လိုအပ်သော လုပ်ငန်းများနှင့် တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူခြင်းအတွက် Lot အလိုက် သက်မှတ်ထားရှိမှု၊ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို ၂၆ ဘီလမ်း၊ ၇၀x၇၁လမ်းကြား၊ ဆည်မြောင်းဌေ့ရိပ်သာ၊ မန္တလေးမြို့တွင်ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာ ရယူရမည့်ရက် | - | ၂၄-၁၁-၂၀၂၅ ရက်မှ ၈-၁၂-၂၀၂၅ရက် |
| (ခ) တင်ဒါသွင်းရမည့် နောက်ဆုံးရက်/အချိန် | - | ၈-၁၂-၂၀၂၅ ရက်၊ (၁၆:၃၀)နာရီ |
| (ဂ) တင်ဒါဖွင့်မည့်ရက် | - | ၁၂-၁၂-၂၀၂၅ ရက် (ခန့်မှန်း) |
| (ဃ) တင်ဒါဖွင့်မည့်နေရာ | - | ၂၆ ဘီလမ်း၊ ၇၀x၇၁ လမ်းကြား၊ ဆည်မြောင်းဌေ့ရိပ်သာ၊ မန္တလေးမြို့ |

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၁၈၁၊ ၀၂-၄၀၆၆၀၅၃တို့ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ပတ်စ်ပို့ပျောက်

ရွှေညောင်မြို့၊ ခနသိဒ္ဓိရပ်ကွက်နေ (ဘ)ဦးတင်သိန်း၏သမီး မသစ်သစ်ရည် ၁၃/တကန(နိုင်)၂၀၁၄၀၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MK-505571)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၆၃၄၁၂၅

## ပတ်စ်ပို့ပျောက်

တန့်ယန်းမြို့၊ ရပ်ကွက်(၃)နေ (ဘ)ဦးခင်မောင်ဦး၏သမီး မနွယ်နီလွင် ၁၃/တယန(နိုင်)၀၄၁၃၂၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-282413)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၄၉၄၂၃၆၅

## ပတ်စ်ပို့ပျောက်

သီပေါမြို့နယ်၊ နမ့်လန်အုပ်စု၊ တောင်ပိုင်းရပ်ကွက်နေ (ဘ)ဦးစံနောင့်၏သား အိုက်စံ ၁၃/သပန(နိုင်) ၀၅၅၈၃၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-884698) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၀၁၁၅၃၄

## မိခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁)၊ Grade-10(B) မှ မသွန်းထက်ကြည်စင်၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းလှိုင် ၁၄/ဖပန(နိုင်) ၁၅၄၉၅၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၀/အိုးဘိုတောင်အရှေ့)၊ ဦးပိုင်အမှတ် (၃-လမ်း(၁၃၄-ခ)၊ ဧရိယာ(၀ဒသမ ၀၉၂)ဧကရှိမြေအား ဒေါ်မြမြအေး အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၁၇-၁၁-၂၀၂၅ ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ )
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၆

**ကွယ်လွန်သူ ဦးညွန့်သန်း ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညွန့်သန်း၏ ကျန်ရစ်သော အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ အကွက်အမှတ်(၅၇၀-ဆ/လိနိပင်အနောက်)၊ ဦးပိုင်အမှတ်(၂၁/၂)၊ ဧရိယာ၆ ဒသမ ၅၂ဧကရှိ လယ်မြေ အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်ပျို က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၄ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့် ၁၅ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးညွန့်သန်း ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင် လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့် ၁၅ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်ပျို ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းစန်းဝင်း)
ခရိုင်တရားသူကြီး
အမရပူရခရိုင်တရားရုံး

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၇)၊ ဦးပိုင်အမှတ်(၂၂-ခ)၊ ဧရိယာ(၀ဒသမ၀၂၇၆)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကြည်လင် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အထက်ပါ ဂရန်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်အေးလှိုင် (NKA-၀၉၆၄၃၄)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူ ဒေါ်ချောစုလှိုင် (ဘ) ဦးတက်တိုး ၈/ပခက(နိုင်)၁၆၆၄၀၂ ၊ ဒေါ်ဝါဝါလှိုင် (ဘ)ဦးတက်တိုး ၈/ပခက (နိုင်)၁၇၅၄၇၃၊ ဒေါ်နွယ်နွယ်လှိုင်(ဘ)ဦးတက်တိုး ၉/ပကခ(နိုင်)၀၁၀၀၂၀ နှင့် ဒေါ်နီနီလှိုင် (ဘ)ဦးတက်တိုး ၈/ပခက(နိုင်)၂၄၀၇၅၂တို့ (၄)ဦးက ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်နေထိုင်လျက် ရှိပါသည်။ အဆိုပါ ဦးပိုင်အမှတ် (၂၂-ခ) ဂရန်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေများမှ အမည်ပြောင်းလဲရန်အတွက် ကတိပဋိညာဉ်စာချုပ်အတိုင်း တရားစွဲဆိုဆောင်ရွက်ပြီး သက်ဆိုင်ရာ ရုံးဌာနများတွင် အမည်ပြောင်း လျှောက်ထားမည် ဖြစ်ပါသဖြင့် ဂရန်အမည်ပေါက်သူ ဦးကြည်လင်မှသော်လည်းကောင်း၊ ၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ-ဒေါ်အေးလှိုင်မှ သော်လည်း ကောင်း၊ ၎င်းတို့၏ တရားဝင်အမွေဆက်ခံသူများမှ သော်လည်းကောင်း လာရောက်၍ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်နှင့် တရားဝင် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် ယင်းကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**

| | | |
|---|---|---|
| ၁။ ဒေါ်ချောစုလှိုင် ၈/ပခက (နိုင်)၁၆၆၄၀၂ | ၂။ ဒေါ်ဝါဝါလှိုင် ၈/ပခက (နိုင်)၁၇၅၄၇၃ | လွှဲအပ်ညွှန်ကြားချက်အရ - ဦးသက်ထွန်းဦး (LL.B) |
| ၃။ ဒေါ်နွယ်နွယ်လှိုင် ၉/ပကခ(နိုင်)၀၁၀၀၂၀ | ၄။ ဒေါ်နီနီလှိုင် ၈/ပခက (နိုင်)၂၄၀၇၅၂ | အထက်တန်းရှေ့နေ (စဉ်-၃၈၃၂၈) ဖုန်း-၀၉-၇၉၇၂၅၃၁၄၅ |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၃၃၄၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် ၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၅) ၊ ဦးပိုင် အမှတ်(၄၈)၊ မြို့မြေငှားဂရန် အမှတ်အမှတ် (၁၉၉၀/၂၀၀၉-၂၀၁၀)အရ ဒေါ်မြမြသန်းအမည်ပေါက် မြေဧရိယာ ၀ ဒသမ ၀၅၅၁ ဧကမြေကွက်အတွင်းမှခွဲစိတ်၍ ယင်းမြေကွက်၏ မြောက်ဘက်အခြမ်းရှိ အကျယ်အဝန်း ပေ(၃၀x၄၀)ရှိသောဂရန်မြေကွက်နှင့်ယင်း မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးစိုးလင်း ၅/တဆန(နိုင်)၀၀၁၂၄၈၊ ဒေါ်တင်မူနိုင်၉/မခန(နိုင်)၁၄၈၉၉၁တို့ထံမှ အရွယ်မရောက်သေးသူ မောင်ချမ်းသီဟ ၅/ကလဝ(နိုင်)၀၆၆၈၀၁၏ကိုယ်စား မိခင်ဖြစ်သူ ဒေါ်နှင်းမြိုင်၅/ကလဝ (နိုင်)၀၄၃၉၇၆ က တာဝန်ယူလက်မှတ်ရေးထိုး၍ ၁၂-၁၁-၂၀၂၅ ရက်စွဲပါ "နှစ်ဦးသဘောတူ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆုံးအပိုင်လက်ရောက်လွှဲပြောင်းရောင်းချခြင်း အတွက် ရောင်းကြေးစရန်ငွေပေးချေသည့်အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆို၍ စရန်တစ်စိတ်တစ်ဒေသအားပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက် အတွင်း ကျွန်မတို့ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် (၁၄)ရက်ထက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက"အပြီးသတ်ငွေပေးချေခြင်း၊ အမည်ပြောင်းခြင်းကိစ္စများ"အား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နှင်းမြိုင် ၅/ကလဝ(နိုင်)၀၄၃၉၇၆
မိုးကောင်းရွာ၊ကလေးဝမြို့နယ်
ဖုန်း-၀၉-၇၉၈၉၈၂၃၃၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်သာကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၂၈)၊ လှည်းပြင်ကွဲ(တ)ကွင်း၊ ဦးပိုင်အမှတ်(၆၁/၁၊ ၆၂၊ ၆၄၊ ၆၅)၊ ဧရိယာ ၄ဒသမ၂၆ဧကရှိ ယာမြေကို ဦးသိန်းသန်း ၁၂/သခန(နိုင်)၀၁၅၇၃၄ အမည်ဖြင့် စက်မှုလယ်ယာသုံးစက်ပစ္စည်း အရောင်းပြခန်းမြေနေရာအဖြစ် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ရရှိပြီးဖြစ်သည့် ပုံစံ-၁၅ ပျောက်ဆုံးနေပါသဖြင့် ပုံစံ ၁၅(က)မိတ္တူမှန်(သို့မဟုတ်)ဒုတိယမူရင်းအား ပြန်လည်ထုတ်ပေးနိုင်ပါရန် လျှောက်ထားခဲ့လာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း လူကိုယ်တိုင် (သို့မဟုတ်)စာဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ပြင် အလုပ်ရုံ ဆိုင်ခန်းအမှတ် (ယ-၂၆)ဆိုင်ခန်းအား သိုက်ချောင်းကျေးရွာ၊ တပ်ကုန်းမြို့ဦးရန်မျိုးနိုင် ၉/ဇယသ(နိုင်)၀၀၃၄၁၆က အမည်ပေါက်ပိုင်ဆိုင်ပါသည်။

၂။ အဆိုပါဆိုင်ခန်းအမှတ်(ယ-၂၆)အား အမှတ်(၁၅/၁၁၅၇) ချယ်ရီလမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နေ ဒေါ်မို့မို့သန်း၉/ကပတ(နိုင်)၀၂၇၄၇၃ အမည်သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။

၃။ အခွန်ထမ်းအမည်ပြောင်းလဲမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် ခိုင်လုံသော အထောက်အထားတင်ပြနိုင်မှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက် အမှတ်(၂၃၃) ဦးပိုင်အမှတ် (၄၇-က)၊ ဧရိယာ ၀ဒသမ ၀၂၈၅ ဧကအကျယ်အဝန်းရှိ(ဂရန်မြေအမျိုးအစား) ဦးသောင်းတန် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးသောင်းတန်(ဘ)ဦးလှအောင် ၉/မတန(နိုင်) ၀၅၁၆၉၅ ထံမှ ဦးဝင်းနိုင်ဦး(ဘ)ဦးထွန်းလှ ၉/ခအဇ(နိုင်)၀၁၀၅၉၃ မှ ဥပဒေနှင့်အညီ လက်ရောက်ရယူ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ဥပဒေနှင့်အညီ ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများ ဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးပြည့်ကိုကို (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၁၂/၃၁-၁၂-၂၀၁၇)
88(C) လမ်း၊ 29x30 ကြား မန္တလေးမြို့၊
ဖုန်း-၀၉-၇၇၈၈၈၂၀၁၉

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/64360 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/3658 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်း ရပ်ကွက်၊ (၁၂၆)လမ်း၊ အမှတ်(၁၂) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၃)ခန်းတွဲ (၇)ထပ်တိုက်အဆောက်အအုံ၏ပထမထပ် (တိုက်ဘက်ကိုမျက်နှာမူ၍ ကြည့်လျှင် အလယ်ခန်း)၊ ဧရိယာ(၁၅ပေx၄၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင် ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ညီဖြစ်သူ ဦးတင်မောင်ထွေးထံမှ အမွေဆက်ခံ၍ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးအေးသိန်း ၁၂/မဂတ(နိုင်)၁၁၈၂၉၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးခိုင်ထူးအောင် ၁၂/မဂတ(နိုင်)၀၉၂၁၃၄ က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ (သို့) ဆက်ခံခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်မျိုးသူ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၆၂)
အမှတ်(၉၁)၊ ၄-လွှာ(ဘီ)၊ (၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၁၃၂၂၇၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/4065, KENBO 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးကျော်ကျော် ၁၄/မအန(နိုင်)၂၀၈၃၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)
ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/69948 HAOJUE 110-6 Motor Cycle ယာဉ်လက်ဝယ်ရှိသူ ဦးသူရဇော် ၁၄/လပတ(နိုင်)၁၇၆၅၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၃၃၃၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၁၀/မလမ(နိုင်)၁၈၅၆၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/63540, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဝဏ္ဏဇော် ၈/ဂဂန(နိုင်) ၀၈၄၁၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန
ရှမ်းပြည်နယ်ရုံး(တောင်ကြီး)

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၄၈၁၆၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေခိုင်ခိုင်ဦး ၁၀/မလမ(နိုင်) ၂၇၉၄၂၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင် (ကမ-၃)စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/9843 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဌေး ၁၀/သထန(နိုင်)၀၇၈၅၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၄၁၉၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၁၀/သဖရ(နိုင်)၀၇၉၉၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/5685, Toyota Alphard ANH10, MicroBus ယာဉ်လက်ဝယ် ရှိသူ ဒေါ်သီရိအောင် ၁၂/ဗဟန(နိုင်)၀၇၅၅၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅ ကံဘဲ့)၊ မြေကွက်အမှတ် (၈၇/ဏ)၊ မြေရိယာ ၀ ဒသမ ၂၂၉ ဧက အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုဆွေ (ဘ) ဦးအောင်ခင် ၁၀/မလမ(နိုင်)၀၂၆၁၅၀က သားဖြစ်သူများဖြစ်ကြသော ဦးမျိုးသီဟ (ဘ)ဦးဖေတင်၁၂/ဗတထ(နိုင်) ၀၂၆၁၄၃ နှင့် ဦးအာကာမျိုး (ဘ) ဦးဖေတင် ၁၂/စခန(နိုင်)၀၅၈၀၈၅တို့အား " မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်" ဖြင့် အပိုင်ပေး အပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက " မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်" ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆**
**ဖုန်း ၀၉-၅၁၇၁၄၃၃**

**ဒေါ်ဝင်းမြတ်သူ (H.G.P,LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅**
**ဖုန်း ၀၉-၂၅၄၄၈၈၃၃၀**

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးချစ်လွင် ၁/မကန(နိုင်)၁၂၀၉၃၇ ၏ ပတ်စ်ပို့နံပါတ် (ME-004496)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၀၁၅၅၉၄**

## အမည်မှန်

ဦးအူမားမုန်လာန်၏သမီး မြစ်ကြီးနားမြို့၊ အထက(၉)၊ Grade-11(ဝိဇ္ဇာ) တန်းမှ မလုဂျာ ၏ အမည်မှန်မှာ မအူမားလုဂျာ ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ဦးအောင်နန်၏သား မြစ်ကြီးနားမြို့၊ အထက(မန်ခိန်)၊ Grade-7(A)မှ မောင်အောင်ဆိုင်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၈-၂၀၁၂ ဖြစ်ပါသည်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက (ပမ္မတီး)၊ Grade-7(A)မှ မနချူဟောင်းနော၏ မိဘအမည်မှန်မှာ ဦးဇေဟောင်း ၁/မကန(နိုင်)၁၄၃၆၄၀ နှင့် ဒေါ်Yခေါင်ညွယ် ၁/ဝမန(နိုင်)၀၇၄၈၉၁ ဖြစ်ပါသည်။

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် CC/7248 ၏ အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/9936 Toyota Ractis SCP100 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ရန်ကျင်းရောင်(ခ) ခင်မောင်ဌေး ၁/မကန(ဧည့်)၀၀၀၃၇၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ တိုက်အမှတ် (A5)၊ အခန်းအမှတ် (617)၊ အခန်းအမျိုးအစား Type (B)၊ အကျယ်အဝန်း (905) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်း တွင် ဆက်စပ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဦးလှမောင် ၁၂/သကတ(နိုင်)၀၄၃၉၉၈ ထံမှ အပြီးပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခု ကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ထူး**
**၁၂/တကန(နိုင်)၁၅၆၇၂၇**
**ဖုန်း - ၀၉-၇၈၉၇၈၉၈၄၈**

## ဒေါ်နန်းခမ်းမို ၁၃/တခလ(နိုင်)၀၄၁၄၇၂ နှင့် အများသိစေရန်ကြေညာခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ အိမ်အမှတ်(၈/၁၇၉)နေ ဦးထွန်းထွန်းဦး (၁၃/တကန(နိုင်)၀၀၁၉၄၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးထွန်းထွန်းဦး၏ ဇနီးဒေါ်နန်းခမ်းမိုသည် ၂၀၁၉ ခုနှစ်က ဆေးကုသရန် အကြောင်းပြ၍ နေအိမ်မှထွက်ခွာသွားပြီး ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့တွင် သွားရောက်နေထိုင်ကြောင်း၊ ၃၁-၃-၂၀၂၃ ရက်တွင် ဦးထွန်းထွန်းဦးအား ဖုန်းဖြင့်ဆက်သွယ်၍ လင်မယားအဖြစ် မပေါင်းသင်းနိုင်တော့ကြောင်း၊ ကွာရှင်းမည်ဖြစ်ကြောင်း၊ ပစ္စည်းများအားလုံးကို သမီးအားပေးလိုက်ပါဟု ပြောဆို ဆက်သွယ်လာပါကြောင်း၊ ဦးထွန်းထွန်းဦး၏ အိမ်ထောင်စုစာရင်းမှ ၎င်းအမည်ကို ၁၆-၁၁-၂၀၂၃ရက် က ထုတ်ယူသွားခဲ့ကြောင်း၊ နောက်ပိုင်းတွင်လုံးဝ အဆက်အသွယ်မလုပ်ဘဲ လွန်ခဲ့သော ၂၀၂၄ခုနှစ်က အမျိုးသားတစ်ဦးနှင့် မယ်ဆိုင်မြို့တွင် တိတ်တဆိတ်လက်ထပ် ပေါင်းသင်းနေထိုင်ကြောင်း၊ လွှဲအပ်ညွှန်ကြားချက်အရ သိရပါသည်။ ဒေါ်နန်းခမ်းမိုသည် ယောကျ်ားဖြစ်သူ ဦးထွန်းထွန်းဦးအား စွန့်ပစ်ခဲ့သည် ဖြစ်၍လည်းကောင်း၊ လင်မယားအဖြစ် မပေါင်းသင်းနိုင်တော့ကြောင်းဆက်သွယ်ပြောဆိုချက်အရလည်းကောင်း၊ အိမ်ထောင်ရေးဖောက်ပြန်ကာ နောက်အိမ်ထောင်ပြုသွား၍လည်းကောင်း၊ ဦးထွန်းထွန်းဦးက ဒေါ်နန်းခမ်းမိုနှင့် ဆက်လက်မပေါင်းသင်းလိုတော့သဖြင့် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်း ကြေညာအပ်ပါသည်။

ထို့အပြင် ဒေါ်နန်းခမ်းမိုသည် အိမ်ထောင်ရေးဖောက်ပြန်ကာ နောက်အိမ်ထောင်ပြုသွားသူဖြစ်၍ လင်မယားနှစ်ဦးပိုင် ပစ္စည်းများမှ ၎င်း၏ဝေစုကို စွန့်လွှတ်ဆုံးရှုံးခံရမည်ဖြစ်ကြောင်း၊ ယနေ့မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်မှု တစ်စုံတစ်ရာမရှိတော့ပါကြောင်းနှင့် နောက်နောင် ဒေါ်နန်းခမ်းမိုနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်လာပါက ဦးထွန်းထွန်းဦးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးထွန်းထွန်းဦး**
**၁၃/တကန(နိုင်)၀၀၁၉၄၂**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးမြင့် B.A(Law) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၇၀/၈၃)**
**အမှတ်(၉/၁၁)၊ ပထမထပ်၊ အခန်း(၁၀၁/အေ)၊**
**(၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/18900, New Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်ထွေး ၇/ပမန(နိုင်)၁၁၀၀၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/22473, New Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဘိုသီဟ ၇/ပခတ(နိုင်)၀၆၁၁၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (တိုးချဲ့-၂)၊ ကောင်းတုံလမ်း၊ မြေကွက်အမှတ်-အိမ်ရာအဆင့် ( ၂ )၊ အိမ်ရာကွက်အမှတ် ( ၄ ) ဟု ခေါ်တွင်သော အိမ်၊ ခြံ၊ ရေ၊ မီတာ ပါဝင်ပြီး အကျယ်အဝန်း ပေ(၄၀ x ၆၀ ) ကျယ်ဝန်းသည့် အိမ်မြေအရောင်းအဝယ်အတွက် ကန့်ကွက်နိုင်ပါကြောင်း

အထက်အမည်ပါ အိမ်မြေကွက်သည် မှော်ဘီမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဦးမောင်ထွန်း အမည်ဖြင့် မှတ်သားထားရှိသည့် အိမ်မြေဥပစာကို တရားဝင်ရောင်းချခွင့်ရှိသူ ဦးမိုးစိန် ၇/ညလပ(နိုင်) ၁၅၅၅၃၀ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးညွန့်ဝင်း**
**H.G.P., LL.B., D.B.L., D.M.L, Post Graduate Dip. in Global English )**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၇၁၁၉ )**
**အမှတ် (၅၈/၆၀)၊ ပထမထပ်၊ အခန်း (၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း – ၀၉ –၇၉၅၅၄၅၄၈၂ ၊ ၀၉ –၅၅၇၉၇၄၂၃၇ ၊ ၀၉ –၅၀၂၆၈၄၆**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ဟသ်ာတမြို့နယ်၊ ဥယျာဉ်မြောက်ရပ်ကွက်၊ အကွက်အမှတ် (၄၉)၊ ဥယျာဉ်ကြီးမြောက်ရပ်၊ ဦးပိုင်အမှတ် (၃၆က၊၃၇က)၊ ဧရိယာ (၀ဒသမ၀၂၇+၀ဒသမ၀၇၉)ဧက စုစုပေါင်း(၀ဒသမ၁၀၆) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင် (၃၈)
(ခ) အနောက်လားသော် - ဦးပိုင် (၃၃ခ၊၃၇ခ၊၃၆ခ)
(ဂ) တောင်လားသော် - ဦးပိုင်(၃၃ခ)
(ဃ) မြောက်လားသော် - ရေကာတာ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် မကွေးတိုင်း၊ အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ ၄/၅လမ်းကြားနေ၊YOMA BANK(ကိုယ်စား) ဒေါ်နီနီထွန်း (ဘဏ်ခွဲ မန်နေဂျာ) မှ လျှောက်ထားလာသည့် အတွက်ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေး ထိုက်ကြောင်း ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွအောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

